INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

# အာဖရိကတွင် နိုင်ငံရေးပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှုတို့၌ အားလုံးပါဝင်ရေးကို မြှင့်တင်ခြင်း



# အာဖရိကတွင် နိုင်ငံရေးပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှုတို့၌ အားလုံးပါဝင်ရေးကို မြှင့်တင်ခြင်း

*Emmanuel O. Akwetey and Tarisai Mutangi*

**International IDEA**
စတွန်းစ်ဘောဂ်
SE– ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် – +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် – info@idea.int
ဝဘ်ဆိုဒ် – www.idea.int

**© 2023 International Institute for Democracy and Electoral Assistance**

International Institute for Democracy and Electoral Assistance International (International IDEA) (ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေးနိုင်ငံတကာအဖွဲ့) မှ ထုတ်ဝေသော စာအုပ်စာတမ်းများသည် နိုင်ငံအလိုက် အကျိုးစီးပွားများ သို့မဟုတ် နိုင်ငံရေးအကျိုးစီးပွားများ မစွက်ဘဲ သီးခြားလွတ်လပ်မှုရှိပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော ရှုမြင်ပုံများသည် International IDEA ၏ ရှုမြင်ပုံများ သို့မဟုတ် ယင်းအဖွဲ့၏ ဘုတ်အဖွဲ့ သို့မဟုတ် ကောင်စီဝင်များ၏ ရှုမြင်ပုံများ ဖြစ်သည်ဟု ယတိပြတ် မဆိုနိုင်ပါ။

တတိယပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများ ပိုင်ဆိုင်သော ရုပ်ပုံများနှင့် ဓာတ်ပုံများမှ တပါး ဤစာအုပ် အီလက်ထရောနစ် ထုတ်ဝေမှုကို Creative Commons Attribution-NonCommercial-ShareAlike 3.0 (CC BY-NC#SA 3.0) လိုင်စင်ဖြင့် ရရှိနိုင်ပါသည်။ ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ပေးပို့ခြင်း၊ ရှေ့နောက်ပြန်လည်စီစဉ်ခြင်း၊ လိုက်လျောညီထွေ ပြုပြင်ခြင်းများကို စီးပွားဖြစ် ရောင်းချရန် မဟုတ်ပါက သင့်တော်သော အရင်းအမြစ်ဖော်ပြချက်များ ထည့်သွင်းလျက် တူညီသော လိုင်စင် (ခွင့်ပြုချက်) ထပ်ဆင့်ပေးအပ်လျက် လွတ်လပ်စွာ လုပ်ဆောင်နိုင်ပါသည်။ နောက်ထပ် သိရှိလိုပါက Creative Commons ဝက်ဘ်ဆိုက် <http://creativecommons.org/licenses/by-nc-sa/3.0/> တွင် လေ့လာနိုင်ပါသည်။v

International IDEA
Strömsborg
SE-103 34 Stockholm (စတော့ဟုမ်းမြို့)
SWEDEN (ဆွီဒင်နိုင်ငံ)
ဖုန်း - +46 8 698 37 00
အီးမေးလ် - info@idea.int
ဝက်ဘ်ဆိုက် - <https://www.idea.int>

မျက်နှာဖုံးပုံ - UN Women flickr photos
ဒီဇိုင်းနှင့်အခင်းအကျင်း - International IDEA

DOI: <https://doi.org/10.31752/idea.2023.40>

ISBN: 978-91-7671-645-8 (PDF)

# ကျေးဇူးတင်လွှာ

အာဖရိကတိုက်တွင် နိုင်ငံရေးပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှုတို့၌ အားလုံးပါဝင်ရေးကို မြှင့်တင်ခြင်း (Enhancing Inclusive Political Participation and Representation in Africa) စာအုပ်သည် International Institute for Democracy and Electoral Assistance International (International IDEA) (ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေးနိုင်ငံတကာအဖွဲ့) က ဦးဆောင်သော ပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းမှ ထွက်ပေါ်လာသည့် ရလဒ်ဖြစ်ပြီး အတိုင်ပင်ခံနှစ်ဦးက ရေးသားပြုစုပါသည်။

အတိုင်ပင်ခံအဖွဲ့အနေဖြင့် International IDEA ဝန်ထမ်းများ၏ ပံ့ပိုးဆောင်ရွက်ပေးမှုကို ကျေးဇူးတင်ရှိပါသည်။ အထူးသဖြင့် Rumbidzai Kandawasvika-Nhundu (ရမ်ဘစ်ဒ်ဇိုင်း ကန်ဒါဝါစ်ဗီကာ အင်ဟန်ဒူ)၊ Maurice Mboula Jean-Claude Didier Enguelegue (မောရစ်စ် အမ်ဘူလာ ဂျန်ကလော့ဒ် ဒီဒီရေ အွန်ဂွယ်လက်ဂ်)နှင့် ပါမောက္ခ Adebayo Olukoshi (အာဒေဘာယို အိုလူကိုရှိ) တို့ထံမှ တန်ဖိုးရှိသော အချက်အလက်နှင့် အကြံဉာဏ်များ ရရှိသည့်အတွက် လည်းကောင်း၊ Gram Matenga က လေ့လာချက်အတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည့်အတွက် လည်းကောင်း ကျေးဇူးတင်ရှိပါသည်။ International IDEA ပုံနှိပ်ထုတ်ဝေရေးအဖွဲ့မှ Lisa Hagman နှင့် Tahseen Zayouna တို့အားလည်း ပုံနှိပ်ထုတ်ဝေသည့် လုပ်ငန်းစဉ်ကို ကြီးကြပ်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါသည်။

# မာတိကာ

**ကျေးဇူးတင်လွှာ** ............ ၄
**အတိုကောက်ဝေါဟာရများ** ............ ၇
**အနှစ်ချုပ်ဖော်ပြချက်** ............ ၈

အခန်း ၁
**နိဒါန်း** ............ ၁၂

အခန်း ၂
**ရည်ရွယ်ချက်များ** ............ ၁၈

အခန်း ၃
**သုတေသနနည်းလမ်း** ............ ၁၉

အခန်း ၄
**အလားအလာများ** ............ ၂၀
၄-၂ အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှု ............ ၂၄
၄-၃ လူငယ်များ ကိုယ်စားပြုမှုနှင့် လူငယ်များ ပါဝင်ဆောင်ရွက်မှု ............ ၂၇
၄-၄ မသန်စွမ်းသူများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှု ............ ၃၁
၄-၅ ဒုက္ခသည်များ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှု ............ ၃၃

အခန်း ၅
**ဖြစ်ရပ်လေ့လာချက်များ** ............ ၃၇
၅-၁ ရဝမ်ဒါနိုင်ငံ ............ ၃၇
၅-၂ ဂါနာနိုင်ငံ ............ ၃၈
၅-၃ တောင်အာဖရိကနိုင်ငံ ............ ၄၁
၅-၄ တောင်အာဖရိကရှိ ဒုက္ခသည်များ ကိစ္စ ............ ၄၃
၅-၅ ယူဂန်ဒါနိုင်ငံရှိ ဒုက္ခသည်များကိစ္စ ............ ၄၄

အခန်း ၆
**စိန်ခေါ်မှု အခက်အခဲများ** ............ ၄၆

**အခန်း ၇**


**အာဖရိကတိုက်၌ နိုင်ငံရေးတွင် အမျိုးသမီးများပါဝင်ဆောင်ရွက်မှု တိုးတက်မြင့်မားစေရေး မဟာဗျူဟာများ** ...... ၅၂

၇-၁ အစိုးရများအတွက် မဟာဗျူဟာများ ...... ၅၂

၇-၂ အစိုးရမဟုတ်သော ပါဝင်ဆောင်ရွက်သူများ (Non-State Actors) အတွက် မဟာဗျူဟာများ ...... ၅၅


**အခန်း ၈**


**နိဂုံး** ...... ၅၇

**ရည်ညွှန်းကိုးကားသော စာအုပ်စာတမ်းများ** ...... ၅၉

**နောက်ဆက်တွဲ (က) – တိုက်ရိုက်အများပြည်သူရန်ပုံငွေ (direct public funding) နှင့် စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားရန်အချက်များ** ...... ၆၂

**နောက်ဆက်တွဲ (ခ) အာဖရိဘာရိုမီတာ (Afrobarometer အာဖရိကပြဒါးတိုင်) အချက်အလက်များ** ...... ၆၇

**စာရေးသူများ** ...... ၇၄

**International IDEA အဖွဲ့** ...... ၇၅

# အတိုကောက်ဝေါဟာရများ

**ACDEG** African Charter on Democracy, Elections and Governance/ ဒီမိုကရေစီ၊ ရွေးကောက်ပွဲများနှင့် အုပ်ချုပ်မှုဆိုင်ရာ အာဖရိကပဋိညာဉ်

**ANC** African National Congress/ အာဖရိကအမျိုးသားကွန်ဂရက်ပါတီ

**AU** African Union/ အာဖရိကသမဂ္ဂ

**AYP** African Youth Parliament/ အာဖရိကလူငယ်လွှတ်တော်

**CEDAW** Convention on the Elimination of all forms of Discrimination Against Women/ အမျိုးသမီးများကို ခွဲခြားဆက်ဆံမှု ပုံစံအားလုံး ပပျောက်စေရေး သဘောတူစာချုပ်

**CRPD** Convention on the Rights of Persons with Disabilities/ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူ စာချုပ်

**CSO** Civil society organization/ အရပ်ဘက်လူမှုအဖွဲ့အစည်း

**DRC** Democratic Republic of the Congo/ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ

**EMBs** Electoral management bodies/ ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့အစည်းများ

**ICCPR** International Covenant on Civil and Political Rights/ ပြည်သူလူထုအခွင့်အရေးနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာပဋိညာဉ်

**IDP** Internally displaced persons/ ပြည်တွင်းတွင် နေရပ်စွန့်ခွာရသူများ

**IPU** Inter-Parliamentary Union/ နိုင်ငံတကာပါလီမန်များအဖွဲ့

**LGBTI** Lesbian, gay, bisexual, transgender and intersex/ အမျိုးသမီးချင်းလိင်တူစုံမက်သူ၊ အမျိုးသားချင်းလိင်တူစုံမက်တူ၊ လိင်နှစ်မျိုးလုံးစုံမက်သူ၊ လိင်ပြောင်းနှင့် လိင်နှစ်မျိုးစုံ

**NDP** National development plan/ နိုင်ငံတော်အဆင့် ဖွံ့ဖြိုးရေးစီမံကိန်း

**MDGs** Millennium Development Goals/ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ

**NEPAD** New Partnership for Africa's Development/ အာဖရိက ဖွံ့ဖြိုးရေး မိတ်ဖက်ဆောင်ရွက်မှုအသစ်

**NGO** Non-governmental organization/ အစိုးရမဟုတ်သောအဖွဲ့အစည်း

**PLWD** People living with disabilities/ မသန်စွမ်းသူ

**SADC** Southern African Development Community/ အာဖရိကတိုက်တောင်ပိုင်းဒေသ ဖွံ့ဖြိုးရေးအသိုက်အဝန်း

**SAP** Structural Adjustment Programme/ စုဖွဲ့ပုံညှိနှိုင်းပြင်ဆင်ရေး လုပ်ငန်းအစီအစဉ်

**SDGs** Sustainable Development Goals/ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ

# အနှစ်ချုပ်ဖော်ပြချက်

ဤအစီရင်ခံစာမှာ အာဖရိကနိုင်ငံအသီးသီးတွင် နိုင်ငံရေးလုပ်ငန်းစဉ်၌ ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် ကိုယ်စားပြုမှု ရရှိရေး အတွက် ဖယ်ကြဉ်ခံ လူအုပ်စုအသီးသီး၏ တောင်းဆိုချက်များကို ပိုမိုကောင်းမွန်စွာ ဆောင်ရွက်ပေးနိုင်ရေး လစ်ဟင်းချက်များနှင့် အခွင့်အလမ်းများကို မီးမောင်းထိုးဖော်ပြထားပါသည်။ အာဖရိကတိုက်တွင် ဒေသအဆင့်နှင့် နိုင်ငံအဆင့်များ၌ ဖယ်ကြဉ်မှု အခြေအနေများကိုလည်း ဤအစီရင်ခံစာ၌ လေ့လာဖော်ပြထားပါသည်။ ပါတီစုံနှင့် တစ်ပါတီ အုပ်ချုပ်မှု စနစ်များအကြား အုပ်ချုပ်မှုစုဖွဲ့ပုံ ကွာခြားချက်များနှင့် အာဖရိကတိုက်တွင် ဒီမိုကရေစီ၏ အဆင့်ဆင့်ပြောင်းလဲလျက်ရှိသော သဘောသဘာဝကို လေ့လာသုံးသပ်ထားပါသည်။ ယင်းသို့ လေ့လာသုံးသပ်ရာတွင် အများပါဝင်မှု ရှိသော ပြည်သူ့ဆန္ဒအကောင်အထည်ဖော်ရေး ဒီမိုကရေစီ (inclusive and participatory democracy) ကို ကောင်းမွန်သောအုပ်ချုပ်မှုအတွက် အခြေခံအုတ်မြစ် စုဖွဲ့တည်ဆောက်ခြင်းအဖြစ် ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။

အာဖရိကတိုက်၏ ဒီမိုကရေစီ တတိယလှိုင်းဟု ခေါ်ကြသော ဖြစ်စဉ်၏ ဤသို့သော သွင်ပြင်လက္ခဏာများကို လေ့လာလျက် ရွေးကောက်ပွဲဖြင့်ဖော်ဆောင်သည့် ဒီမိုကရေစီစနစ်ထက်ကျော်လွန်ပြီး အုပ်ချုပ်မှု၊ ဥပဒေပြုရေး၊ ဗဟိုချုပ်ကိုင်မှု လျှော့ချရေး စသည်တို့ကို အားကောင်းစေသော အစီအမံများကို ဖော်ထုတ်ရှင်းလင်းထားပါသည်။ အများပါဝင်မှုရှိသော ပြည်သူ့ဆန္ဒအကောင်အထည်ဖော်ရေး ဒီမိုကရေစီဆိုသည်မှာ မဲပေးရုံမျှထက် ကျော်လွန်ပြီး ဆုံးဖြတ်ချက်ချမှတ်ခြင်းအထိ ပါဝင်ဆောင်ရွက်နိုင်ရမည် ဖြစ်ကြောင်း သိရှိနားလည်ရန် လိုအပ်ချက်ကို အစီရင်ခံစာတွင် ထင်ရှားစွာ ဖော်ပြထားပါသည်။ ဤအချက်ကို အာဖရိကတိုက် ဒီမိုကရေစီ၏ အဓိကသွင်ပြင်လက္ခဏာ ဖြစ်စေရေးအတွက် သမိုင်းတစ်လျှောက် ကြိုးပမ်းအားထုတ်မှုများကိုလည်း လေ့လာမှတ်သား ဖော်ပြထားပါသည်။ ကိန်းဂဏန်းအခြေပြုချဉ်းကပ်ပုံနှင့် အချက်အလက်ထင်မြင်ချက် အခြေပြု ချဉ်းကပ်ပုံ နှစ်မျိုးလုံးကို အသုံးပြုလျက် သမိုင်းအမြင်ဖြင့် ဆန်းစစ်ခြင်း၊ နိုင်ငံရေးဘောဂဗေဒရှုထောင့်မှ လေ့လာခြင်းတို့ဖြင့် အားဖြည့်လျက် ၁၉၈၀ ပြည့်နှစ်များတွင် လစ်ဘရယ်လက်သစ် (ဈေးကွက်လွတ်လပ်မှု၊ စည်းမျဉ်းများလျှော့ချမှု၊ အစိုးရအသုံးစရိတ်လျှော့ချမှု) အင်စတီကျူးရှင်းများက အားပေးမြှင့်တင်သည့် စုဖွဲ့ပုံ ညှိနှိုင်းပြင်ဆင်ရေး လုပ်ငန်းအစီအစဉ် (Structural Adjustment Programmes) (SAP) များကို တုံ့ပြန်သည့်အနေဖြင့် အတည်ပြုကျင့်သုံးခဲ့သော ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ Millennium Development

Goals (MDGs) ကဲ့သို့သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း ဤအစီရင်ခံစာတွင် အသိအမှတ်ပြု ဖော်ပြထားပါသည်။

နိုင်ငံသားများ ပါဝင်ဆောင်ရွက်ရေး ရည်ရွယ်ချက်ထားရှိဆောင်ရွက်သည့် လုပ်ငန်းအစီအစဉ်များအတွက် ရန်ပုံငွေမရှိခြင်းကြောင့် အာဖရိကတိုက် တစ်ဝန်းလုံးတွင် အများပါဝင်မှုရှိသောဒီမိုကရေစီ တိုးတက်မှု ရရှိရေး အဟန့်အတား ဖြစ်ခဲ့ကြောင်း ဤအစီရင်ခံစာတွင် သမိုင်းအမြင်ဖြင့် ဆန်းစစ်လျက် ဖော်ပြထားပါသည်။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (Sustainable Development Goals) (SDGs) ကို အာဖရိကသမဂ္ဂ (African Union) (AU) ၏ ၂၀၆၃ ခုနှစ် လုပ်ငန်းစဉ် (Agenda 2063) ကဲ့သို့ နိုင်ငံရေး လုပ်ငန်းစဉ်တွင် နိုင်ငံသားများပါဝင်မှု ပြန်လည်ရှင်သန်လာစေရေး အဓိက အစီအမံတစ်ရပ်အဖြစ် အသိအမှတ်ပြုကြပါသည်။ ထို့အပြင် အာဖရိုဘာရိုမီတာ အာဖရိကပြဒါးတိုင်စစ်တမ်း (Afrobarometer Survey) နှင့် အာဖရိကအုပ်ချုပ်မှု မိုအီဘရာဟင် အညွှန်းကိန်း (Mo Ibrahim Index of African Governance) မှ ရရှိသောအချက်အလက်များအရနိုင်ငံရေးလုပ်ငန်းစဉ်တွင်အများပါဝင်မှုတိုးတက်မြင့်မားစေရေးနိုင်ငံအဆင့်တွင် ကြိုးပမ်းဆောင်ရွက်မှု အသီးသီးရှိကြောင်း တွေ့ရှိရပါသည်။

လူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူ (PLWD) များနှင့် ဒုက္ခသည်များ ကဲ့သို့သော လူ့အဖွဲ့အစည်းအတွင်း ဘေးဖယ်ခံအုပ်စု အသီးသီးအပေါ် နိုင်ငံတကာ သဘောတူစာချုပ်များ၏ သက်ရောက်မှုကိုလည်း ဤအစီရင်ခံစာတွင် လေ့လာဖော်ပြထားပါသည်။ အမျိုးသမီးများကို ခွဲခြားဆက်ဆံမှု ပုံစံအားလုံး ပပျောက်စေရေး သဘောတူစာချုပ် (Convention on the Elimination of all Forms of Discrimination against Women)၊ အာဖရိကတိုက်ရှိ အမျိုးသမီးများ၏ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် လူ့အခွင့်အရေးများနှင့် ပြည်သူလူထုအခွင့်အရေးများဆိုင်ရာ အာဖရိက ပဋိညာဉ်၏ နောက်ဆက်တွဲသဘောတူစာချုပ် (Protocol to the African Charter on Human and Peoples’ Rights on the Rights of Women in Africa)နှင့် နိုင်ငံရေးနှင့် ပြည်သူလူထု အခွင့်အရေးများဆိုင်ရာ နိုင်ငံတကာပဋိညာဉ် (International Covenant on Political and Civil Rights) ကဲ့သို့သော မူဘောင်များကြောင့် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုနှင့် အမျိုးသမီးများကို ကိုယ်စားပြုမှု တိုးတက်မြင့်မားလာကြောင်း လေ့လာချက်အရ တွေ့ရှိရပါသည်။ ယင်းစာချုပ်များသည် အမျိုးသမီးကိုယ်စားလှယ်များအဖြစ် အများပါဝင်နိုင်မှု တိုးတက်မြင့်မားရေး ကြိုးပမ်းအားထုတ်မှုများကို သိသာထင်ရှားစွာ အထောက်အကူပြုပါသည်။

အာဖရိကတိုက် အနောက်ပိုင်းနှင့် အလယ်ပိုင်း နိုင်ငံများတွင် လွှတ်တော်များ၌ အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု နောက်ကျ ကျန်ရစ်သော်လည်း အာဖရိကတိုက် တစ်ဝန်းလုံးတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှု အနည်းငယ် တိုးတက်ကောင်းမွန်လာပါသည်။ အာဖရိကဖွံ့ဖြိုးရေး မိတ်ဖက်လုပ်ငန်းသစ် (New Partnership for Africa’s Development) ကဲ့သို့သော လုပ်ငန်းအစီအစဉ်များ လုပ်ဆောင်ခြင်း၊ လူငယ်များ စွမ်းဆောင်နိုင်ရေးနှင့် ဖွံ့ဖြိုးရေး ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ၁၀ နှစ် လုပ်ငန်းစီမံချက် ချမှတ်ဆောင်ရွက်ခြင်း ကဲ့သို့သော အာဖရိကသမဂ္ဂ၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့်လည်း လူငယ်များ ကိုယ်စားပြုမှုနှင့် ပါဝင်ဆောင်ရွက်မှု တိုးတက်ကောင်းမွန်လာပါသည်။ သို့ရာတွင် ယင်းကြိုးပမ်းဆောင်ရွက်မှုများ ရှိလင့်ကစား နမူနာကောက်ယူလေ့လာခဲ့သည့် အာဖရိကတိုက်မှ နိုင်ငံ ၃၆ နိုင်ငံအနက် သုံးပုံတစ်ပုံတွင် အသက်

၃၀ အောက် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးမျှ မရှိကြောင်း နိုင်ငံတကာပါလီမန်များအဖွဲ့ (Inter-Parliamentary Union) ၏ ၂၀၁၈ ခုနှစ်ထုတ် အစီရင်ခံစာတွင် ဖော်ပြထားပါသည် (Krook 2018)။ ဤအချက်ကို ကြည့်ခြင်းဖြင့် အထူးသဖြင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ လူငယ်များ စွမ်းဆောင်နိုင်ရေး တိုးတက်ကောင်းမွန်မှု နည်းပါးသည်ဟု ဆိုနိုင်ပါသည်။

မသန်စွမ်းသူများ၊ ဒုက္ခသည်များနှင့် စပ်လျဉ်း၍ မသန်စွမ်းသူများ၏ အခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities) နှင့် ၂၀၁၄ ခုနှစ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ (UN Human Rights Council) က ရေးဆွဲခဲ့သော ဒုက္ခသည်များဆိုင်ရာ သုညမူကြမ်း (Zero Draft on Refugees) ကဲ့သို့သော ရှိရင်းမူဘောင်များသည် အခွင့်အရေးများကို ကျင့်သုံးနိုင်ရန် ဆောင်ရွက်ရေး အဓိကထားပါသည်။

ယင်းသဘောတူစာချုပ်များကို လေ့လာရာတွင် အထောက်အပံ့ဖြစ်စေရန် ဂါနာ၊ ရဝမ်ဒါ၊ တောင်အာဖရိကနှင့် ယူဂန်ဒါ ဖြစ်ရပ်လေ့လာချက်များဖြင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီဘဲ ကွဲပြားခြားနားလျက်ရှိသည့် နိုင်ငံအဆင့် ဥပဒေ မူဘောင်များကို ဖော်ပြထားပါသည်။ နိုင်ငံရေးစုဖွဲ့ပုံများ၊ ပါတီစုံ သို့မဟုတ် တစ်ပါတီ နိုင်ငံရေး ဩဇာသက်ရောက်မှု အသီးသီးရှိသော နိုင်ငံများကို ရွေးချယ်ထားပါသည်။ ဥပမာ ရဝမ်ဒါနိုင်ငံသည် အမျိုးသမီးများ နိုင်ငံရေးတွင် စွမ်းဆောင်နိုင်စေရေး ကြိုးပမ်းဆောင်ရွက်မှုအတွက် ချီးမွမ်းထောမနာပြုမှု ရရှိပြီး ဂါနာနိုင်ငံသည် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (MDG) များ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (SDG) များနှင့် ချိတ်ဆက်လျက် အများပါဝင်မှု တိုးတက်မြင့်မားစေသည့် လုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော်မှုအတွက် အလေးဂရုပြုမှုကို ခံယူရရှိပါသည်။ အစီရင်ခံစာတွင် မသန်စွမ်းသူများ ကဲ့သို့သော အုပ်စုများအတွက် အများပါဝင်နိုင်ရေး ဆောင်ရွက်ပေးရန် ကုန်ကျစရိတ် များပြားခြင်းမှ အစပြု၍ နိုင်ငံတကာသဘောတူစာချုပ်များကို လက်မှတ်ရေးထိုး အတည်ပြုထားသော နိုင်ငံများအနေဖြင့် ယင်းသဘောတူ စာချုပ်များအတိုင်း လိုက်နာဆောင်ရွက်စေရေး တာဝန်ယူတာဝန်ခံမှု အစီအမံများ အလုံအလောက် မရှိခြင်းအထိ အာဖရိကတိုက်တစ်ဝန်း တွေ့ကြုံရသော စိန်ခေါ်မှု အခက်အခဲများကိုလည်း ထင်ရှားစွာ ဖော်ပြထားပါသည်။

တန်းတူရေး အထူးစီမံဆောင်ရွက်ချက် (affirmative action) မူဝါဒများ၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဥပဒေ ပြုပြင်ပြောင်းလဲရေး ချမှတ်ဆောင်ရွက်ခြင်းဖြင့် အာဖရိကတိုက်တစ်ဝန်း ပိုမို၍ အများပါဝင်မှုရှိသော ဒီမိုကရေစီကို ဖော်ဆောင်နိုင်မည့် အလားအလာများကိုလည်း စူးစမ်းလေ့လာ ဖော်ပြထားပါသည်။ ရဝမ်ဒါနိုင်ငံကို ဥပမာအနေဖြင့် ထုတ်ပြထားပြီး ၂၀၀၃ ခုနှစ် ရဝမ်ဒါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉ တွင် အစိုးရဌာနအသီးသီး၌ အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှု အနည်းဆုံး ၃၀% ရှိရမည်ဟု ပြဋ္ဌာန်းထားပါသည်။ အရာရှိ အရာထမ်း အမှုဆောင် (executive) ရာထူးအဆင့်များတွင် အမျိုးသမီးများပါဝင်မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် အထက်ပါ သတ်မှတ်ချက်များထက် ၂၀၁၀ ခုနှစ်မှစ၍ ကျော်လွန်ခဲ့ပြီးဖြစ်ပါသည်။ အခြား အာဖရိကနိုင်ငံများအနေဖြင့် ရဝမ်ဒါ ဖြစ်စဉ်မှ ကောင်းမွန်သော လုပ်နည်းလုပ်ဟန်များ၊ အာဖရိကတိုက်တစ်ဝန်း အများပါဝင်နိုင်မှု တိုးတက်မြင့်မားစေရေး အစီအမံများကို အကောင်အထည်ဖော်ခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို လေ့လာနိုင်ပါသည်။ အများပါဝင်မှုနှင့် ကိုယ်စားပြုမှုကို အထောက်အကူဖြစ်စေရန် စာတတ်မြောက်ရေး

နှင့် အခြေခံ ဂဏန်းသင်္ချာ အပေါင်းအနုတ် အမြှောက်အစား တတ်မြောက်ရေး၊ ဘာသာရေး စာပေများကို စနစ်တကျ နားလည်သဘောပေါက်ပြီး အဓိပ္ပာယ်ကောက်ယူနိုင်စွမ်းရှိရေးတို့ကို အလေးအနက်ပြုလျက် ပညာသင်ကြားနိုင်ရေး တိုးမြှင့်ဆောင်ရွက်ရန် ဆော်သြပါသည်။ ဂျန်ဒါ သို့မဟုတ် မသန်စွမ်းမှု အပေါ် အခြေခံသည့် နာမည်ဆိုးသတ်မှတ်မှုကို အဓိကထား တိုက်ဖျက် ခြင်းဖြင့် အာဖရိကတိုက်တစ်ဝန်း အများပါဝင်နိုင်မှု တိုးတက်မြင့်မားစေရေး အလားအလာများ ပိုမိုကောင်းမွန်လာနိုင်ပါသည်။ စီမံကိန်းရေးဆွဲသည့် စနစ်ကိုလည်းကောင်း၊ အရပ်ဘက်လူမှုအဖွဲ့ အစည်းများ၏ မျှော်မှန်းချက်များကိုလည်းကောင်း ပြောင်းလဲရန် လိုအပ်ပြီး နိုင်ငံရေးတွင် အများ ပါဝင်ဆောင်ရွက်နိုင်ရေး ရည်မှန်းချက်ကို အဖွဲ့အစည်းများအနေဖြင့် ပိုမို၍ ဖော်ဆောင်နိုင်စွမ်းရှိ ကြောင်း လက်တွေ့ပြသရန် လိုအပ်လျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် ဤအစီရင်ခံစာတွင် နိုင်ငံရေး လုပ်ငန်းစဉ်များတွင် ပါဝင်နိုင်ခြင်းမရှိဘဲ ဖယ်ထုတ်ခံရခြင်းကို တိုက်ဖျက်ရန် လူအုပ်စုအသီးသီး၏ ကြိုးပမ်းမှုကို ဖော်ပြထားပါသည်။ သို့ရာတွင် အာဖရိကတိုက်တစ်ခုလုံးရှိ ဘေးဖယ်ခံ လူအုပ်စုအားလုံးကို ထည့်သွင်း ဖော်ပြနိုင်ခြင်း မရှိပါ။ LGBTI (အမျိုးသမီးလိင်တူစုံမက်သူ၊ အမျိုးသားလိင်တူစုံမက်သူ၊ လိင်နှစ်မျိုးစုံမက်သူ၊ လိင်ပြောင်းနှင့် ဒွိလိင်) အသိုက်အဝန်းများ၊ သက်ကြီးရွယ်အိုများ၊ ယခင် လက်နက်ကိုင်တပ်ဖွဲ့များတွင် ပါဝင်တိုက်ခိုက်ခဲ့သူများ၊ ပြည်တွင်းနေရပ်စွန့်ခွာသူများနှင့် နိုင်ငံမဲ့သူများ ပါဝင်နိုင်ရေးကို နောင်အခါ ဆက်လက်ဆွေးနွေးနိုင်ရန် အကြံပြုထားပါသည်။ ခြုံငုံသုံးသပ်ရရှိသော အလားအလာများ၊ စိန်ခေါ်မှုအခက်အခဲများနှင့် ဖြစ်နိုင်ခြေများကို အာဖရိကတိုက်တစ်ဝန်း အုပ်ချုပ်မှုစနစ်များအလိုက် ဥပမာအသီးသီး ပေးလျက် ထင်ရှားသိသာစွာ ဖော်ပြထားပါသည်။ အများပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှုမှာ စစ်စစ် ဖြစ်နိုင်ကြောင်း သို့မဟုတ် လက်တွေ့ ဖော်ဆောင်ပြီးဖြစ်ကြောင်း ဖြစ်ရပ်လေ့လာချက်များဖြင့် ဖော်ပြထားပါသည်။

## အခန်း ၁

# နိဒါန်း

ဒီမိုကရေစီ၏ အယူအဆကို အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုကြပြီး အားလုံး ပါဝင်ဆောင်ရွက်မှုနှင့် အရွယ်ရောက်ပြီးသူအားလုံး ဒီမိုကရေစီနည်းကျ စနစ်များအတွင်း ကိုယ်စားပြုပါဝင်နိုင်စွမ်း ရှိရေးအပေါ် မူတည်ပါသည်။ ယင်းစနစ်များတွင် လူအုပ်စုအသီးသီး၏ ဒီမိုကရေစီ နည်းကျ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အတွက် မရှိမဖြစ် လိုအပ်သည့် အင်စတီကျူးရှင်း (အဖွဲ့အစည်းစနစ်) များ၊ လုပ်ငန်းစဉ်များ ပါဝင်ပါသည်။ ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့အစည်းများ (electoral management bodies) (EMBs)၊ ဒီမိုကရေစီစနစ်ကို ပံ့ပိုးရန် တည်ထောင်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် ပြဋ္ဌာန်းထားသည့် အဖွဲ့အစည်းများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး လုပ်ငန်းစဉ်များ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်များနှင့် သာမန် မဲဆန္ဒရှင်များ စသည်တို့ ပါဝင်ပါသည်။ နိုင်ငံရေးတွင် ပါဝင်နိုင်ခြင်းသည် အားလုံး ပါဝင်ဆောင်ရွက်ရေးနှင့် ကိုယ်စားပြုမှုရရှိရေးကို အာမခံချက် ပေးနိုင်ပါသည်။ အများပါဝင်နိုင်ပါက လူတိုင်း မည်သူမဆို မိမိတို့၏ ဇစ်မြစ်၊ လူတန်းစား၊ အသက်အရွယ်၊ ကျား-မ၊ လိင်တူလိင်ကွဲ စုံမက်သူဖြစ်ခြင်း၊ စွမ်းဆောင်ရည်၊ အုပ်စု၊ ယဉ်ကျေးမှု၊ တိုင်းရင်းသား သို့မဟုတ် ဘာသာရေး နောက်ခံအချက် မည်သို့ပင် ရှိစေကာမူ ဒီမိုကရေစီလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ရန် သို့မဟုတ် ဒီမိုကရေစီလုပ်ငန်းစဉ်ကို ပံ့ပိုးရန် တူညီသော အခွင့်အလမ်း ရရှိကြမည်သာ ဖြစ်ပါသည်။ နိုင်ငံရေး ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှုထောင့်မှ စဉ်းစားလျှင် ပြည်သူလူထုအတွင်းရှိ လူအုပ်စု သို့မဟုတ် အသိုက်အဝန်း အသီးသီးသည် အထူးသဖြင့် ၎င်းတို့၏ စုပေါင်း အကျိုးစီးပွားကို အသိအမှတ်ပြုမှု သို့မဟုတ် ကာကွယ်စောင့်ရှောက်မှု ရရှိရေးအတွက် စုပေါင်းလျက် ပါဝင်ဆောင်ရွက်ရန် သို့မဟုတ် ကိုယ်စားပြုမှုရရှိရန် တောင်းဆိုနိုင်ရပါမည်။ ပါဝင်ဆောင်ရွက်မှုနှင့် ထိရောက်စွာ ကိုယ်စားပြုမှုမှုများကို လိုက်နာရေး အရေးယူဆောင်ရွက်ပေးရန် တောင်းဆိုလိုသည့် မည်သည့် လူအုပ်စုအတွက်မဆို အကျုံးဝင်ပြီး အမျိုးသမီးများ၊ လူငယ်များ၊ မသန်စွမ်းသူများနှင့် ဒုက္ခသည်များ ပါဝင်ပါသည်။

၁၉၈၀ ပြည့် အလယ်ပိုင်းနှစ်များအထိ အာဖရိကတိုက်နိုင်ငံများ၏ နိုင်ငံရေးမှာ အာဏာရှင် အုပ်ချုပ်မှုစနစ်များသာ အများစု ဖြစ်ပါသည်။ ဤကာလအတွင်း လွတ်လပ်ရေးတိုက်ပွဲဝင် နိုင်ငံရေး ပါတီများ ထင်ရှားပြီး ၎င်းတို့သည် အင်အားအလွန်ကြီးမားသဖြင့် ဗဟုအစီအမံ၊ ကိုယ်စားပြုမှု တို့ဖြင့် နိုင်ငံရေးတွင် ပါဝင်နိုင်မှုကို ဆောင်ရွက်ပေးခြင်း အလျဉ်းမရှိကြဘဲ တစ်ပါတီ နိုင်ငံရေး စနစ်ဟု အမည်မတပ်သော်လည်း လက်တွေ့တွင် တစ်ပါတီစနစ် ကျင့်သုံးခဲ့သည့် နိုင်ငံများ သို့မဟုတ် အတိအလင်း ဥပဒေပြဋ္ဌာန်း၍ တစ်ပါတီစနစ် ကျင့်သုံးခဲ့သည့် နိုင်ငံ

များသော များပြားပါသည်။ သို့ရာတွင် ၁၉၈၉ ခုနှစ် နောက်ပိုင်း၌ လွတ်လပ်ပွင့်လင်းမှု အများအပြား ရှိလာပြီး ယှဉ်ပြိုင်အရွေးခံသည့် ပါတီစုံ နိုင်ငံရေးနှင့် ဒီမိုကရေစီ ကျင့်သုံးနိုင်ရေး ရေးရှုသည့် တိုးတက်မှု အပြောက်အများ ရရှိလာပါသည်။ စစ်အစိုးရ သို့မဟုတ် အာဏာရှင်စနစ်မှ ပြောင်းလဲလျက် ပါတီစုံ နိုင်ငံရေးနှင့် ရွေးကောက်ပွဲကို လက်ခံကျင့်သုံးသော နိုင်ငံအရေအတွက် ပိုမိုများပြားလာပါသည်။ အာဖရိကတိုက် ဒီမိုကရေစီ ထွန်းကားမှုကို ၁၉၇၅ ခုနှစ်မှ စတင်၍ မှတ်တမ်းတင်ခဲ့ရာ ထိုစဉ်က ဒီမိုကရေစီ မဟုတ်သော နိုင်ငံ ၄၁ နိုင်ငံရှိခဲ့ပြီး ၃ နိုင်ငံသာလျှင် ဒီမိုကရေစီနိုင်ငံအဖြစ် အမျိုးအစား သတ်မှတ်နိုင်ပါသည် (International IDEA 2019)။ ၁၉၉၀ ပြည့်နှစ် သို့ ရောက်သောအခါ နှစ်ထောင်းအားရ ကြိုဆိုကြသည့် ဒီမိုကရေစီ အသွင်ကူးပြောင်းမှု စတင်ခဲ့ပြီး ဒီမိုကရေစီ မဟုတ်သော နိုင်ငံ ၃၉ နိုင်ငံ ရှိပါသည်။ တောင်အာဖရိက နိုင်ငံမှ လွတ်လပ်ရေး ရယူခဲ့သည့် နမီးဘီးယားနိုင်ငံသာလျှင် ဒီမိုကရေစီ နိုင်ငံအဖြစ် တစ်နိုင်ငံ တိုးခဲ့ပါသည်။ ‘စပ်ပေါင်း အစိုးရ’ (‘hybrid regime’) ပုံစံသစ်တစ်မျိုးလည်း ပေါ်ထွက်ခဲ့ပြီး ယင်း အမျိုးအစားတွင် ပါဝင်သော နိုင်ငံများ အရေအတွက်မှာ သုံးနိုင်ငံ ရှိပါသည် (International IDEA 2019)။

၁၉၉၀ ပြည့် အစောပိုင်းနှစ်များတွင် ပေါ်ပေါက်ခဲ့သော ဒီမိုကရေစီ ကျယ်ပြန့်စွာ ထွန်းကားလာသည့် ဖြစ်စဉ်တွင် နိုင်ငံအချို့သည် မိမိတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခွင့်အရေး ပြဋ္ဌာန်းချက်များ (bill of rights) ကို ထည့်သွင်းပြဋ္ဌာန်းလာကြပါသည်။ ပြည်သူလူထုအခွင့်အရေးများနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာနှင့် ဒေသအဆင့် စာချုပ်များကို ပြည်တွင်း ဥပဒေ အဖြစ် ပြဋ္ဌာန်းလာကြခြင်း ဖြစ်ပါသည် (Hatchard, Ndulo and Slinn 2004)။ ဤဖွဲ့စည်းပုံအခြေခံ ဥပဒေ လှိုင်းသစ်တွင် တရားဥပဒေစိုးမိုးရေး ၊ နိုင်ငံရေး တာဝန်ယူတာဝန်ခံမှု၊ ကောင်းမွန်သော အုပ်ချုပ်မှု၊ ပါတီစုံဒီမိုကရေစီ ကဲ့သို့သော ဒီမိုကရေစီ စံတန်ဖိုးများ ပါဝင်လာပြီး နိုင်ငံရေးတွင် ပါဝင်ခွင့်မပေးသည့် ဖယ်ကြဉ်မှုကို အဆုံးသတ်ရေး ပြဋ္ဌာန်းပေးပါသည်။ သို့ဖြင့် အာဖရိက နိုင်ငံရေး နယ်ပယ်တွင် တည်ငြိမ်မှု၊ တရားနည်းလမ်းကျသည်ဟု ရှုမြင်ခံရမှု၊ တာဝန်ယူတာဝန်ခံမှုနှင့် လူထု လက်ခံမှုတို့ကို များစွာ မြှင့်တင်နိုင်ခဲ့ပါသည်။ ဤသို့ တိုးတက်မှု ရရှိခဲ့သော်လည်း ဘော့ဆွာနာ၊ အီသီယိုပီးယား၊ နမီးဘီးယား၊ ရဝမ်ဒါ၊ တောင်အာဖရိကနှင့် တန်ဇန်းနီးယား ကဲ့သို့သော နိုင်ငံအချို့တွင် နိုင်ငံရေး ပါတီ တစ်ပါတီတည်းကသာ လွှမ်းမိုးလျက် ရှိပါသည်။ သို့သော် ဘော့ဆွာနာ၊ အီသီယိုပီးယား၊ နမီးဘီးယား၊ ရဝမ်ဒါနှင့် တန်ဇန်းနီးယား ကဲ့သို့သော နိုင်ငံများမှာ တစ်ပါတီ ကြီးစိုးသော်လည်း လစ်ဘရယ်အယူအဆ (အခွင့်အရေးအခြေပြု တစ်ဦးချင်းလွတ်လပ်ခွင့်နှင့် တန်းတူအခွင့်အလမ်းရှိခွင့် ပဓာန အယူအဆ) ပိုမိုထွန်းကားလာပါသည်။ အာဖရိကတိုက်တွင် ပါတီစုံ ဒီမိုကရေစီစနစ်ကို အလုံးအရင်းဖြင့် ကျင့်သုံးလာကြသော်လည်း အများလိုလားတောင့်တလျက်ရှိသည့် ဒီမိုကရေစီ အကျိုးထူး (democratic dividend) ကိုမူ မခံစားကြရသေးပါ။

အာဖရိကတိုက်တွင် ဒီမိုကရေစီစနစ် စုဖွဲ့ပုံ ဆင့်ကဲပြောင်းလဲလာခြင်းကို ကြည့်ပါက အများပါဝင်မှု၏ သဘောသဘာဝနှင့် ပြည်သူ့ဆန္ဒအကောင်အထည်ဖော်ရေး ဒီမိုကရေစီ၏ သဘောသဘာဝကို သိရှိနားလည်ရန် အရေးကြီးပါသည်။ အများပါဝင်မှုဖြင့် ပြည်သူ့ဆန္ဒအကောင်အထည်ဖော်ရေး (Inclusive participation) မှာ စတင်တည်ထောင်ဆဲ အနေအထားသာ ရှိသေးပြီး နိုင်ငံအများစုတွင် လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်သည့် လုပ်ငန်းစဉ်များနှင့် အစိုးရအတွင်း ကိုယ်စားပြုမှု လုပ်ငန်းစဉ်များမှာ အသေးစိတ်ညှိနှိုင်းဆောင်ရွက်ဆဲ ဖြစ်ပါသည်။

**အများပါဝင်မှုဖြင့် ပြည်သူ့ဆန္ဒအကောင်အထည်ဖော်ရေး (Inclusive participation) မှာ စတင်တည်ထောင်ဆဲ အနေအထားသာ ရှိသေးပြီး နိုင်ငံအများစုတွင် လွှတ်တော်ကိုယ်စားလှယ် ရွေးချယ်သည့် လုပ်ငန်းစဉ်များနှင့် အစိုးရအတွင်း ကိုယ်စားပြုမှု လုပ်ငန်းစဉ်များမှာ အသေးစိတ်ညှိနှိုင်းဆောင်ရွက်ဆဲ ဖြစ်ပါသည်။**

အများပါဝင်မှုဖြင့် ပြည်သူ့ဆန္ဒအကောင်အထည်ဖော်ရေးသည် လာရောက်မဲပေးသော မဲဆန္ဒရှင် အရေအတွက်များပြားပြီး ရွေးကောက်ပွဲများ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရုံမျှဖြင့် ပြီးပြည့်စုံမှု မရှိသေးပါ။ ရွေးကောက်ပွဲအလွန် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များနှင့် နောက်ရွေးကောက်ပွဲ ကျင်းပပြုလုပ်ရန် ဦးတည်သည့် လုပ်ငန်းစဉ်များသည်လည်း အရေးကြီးပါသည်။ ရွေးကောက်ပွဲမှ အုပ်ချုပ်မှုသို့ ကူးပြောင်းခြင်း၊ ဥပဒေပြုခြင်း၊ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းနှင့် အထူးသဖြင့် ရွေးကောက်ပွဲတစ်ကြိမ်နှင့် တစ်ကြိမ် အကြား ကာလတွင် ပါဝင်ဆောင်ရွက်မှုနှင့် အများပါဝင်မှု စဉ်ဆက်မပြတ်စေရန် ဆန်းသစ်တီထွင်သည့် အစီအမံများ ကျင့်သုံးခြင်းတို့ ပါဝင်ပါသည်။

နိုင်ငံရေးတွင် အများပါဝင်မှု (Political inclusion) နှင့် ပြည်သူ့ဆန္ဒအကောင်အထည်ဖော်ရေးဒီမိုကရေစီ (participatory democracy) တို့သည် အာဖရိကတိုက် ဒီမိုကရေစီ တတိယလှိုင်း၏ သွင်ပြင်လက္ခဏာများ ဖြစ်ပါသည်။ ဘရက်တန်ဝုဒ် (Bretton Woods) အဖွဲ့အစည်းများအပေါ် အားကိုးအားထားပြုမှု မြင့်မားသည့် ခေတ်ကာလများအတွင်း ယင်းအဖွဲ့အစည်းစနစ်များသည် ကောင်းမွန်သော အုပ်ချုပ်မှု ဖြစ်စေရေး ဆောင်ရွက်လျက် လူအများ ပိုမိုပါဝင်နိုင်ရန် လိုအပ်ကြောင်း ရှေ့တန်းတင်ခဲ့ပါသည်။ သို့ဖြင့် အများပါဝင်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်မှုများကို နိုင်ငံတကာ အလှူရှင်အဖွဲ့အစည်းများက တွန်းအားပေးခဲ့ပါသည်။ အာဖရိကတိုက် နိုင်ငံအချို့ကို ကြည့်လျှင် နိုင်ငံအဆင့်မှာထက် နိုင်ငံတကာ အဆင့်တွင် ပိုမို၍ တွန်းအားပေးသည်ဟု ဆိုဖွယ်ရာရှိပါသည်။ ၁၉၉၀ ပြည့်နှစ်များက ကျင့်သုံးခဲ့သည့် စုဖွဲ့ပုံ ပြင်ဆင်ရေး လုပ်ငန်းအစီအစဉ်များ (Structural Adjustment Programmes) (SAPs) မှာ အများပါဝင်မှုမရှိဘဲ ဒီမိုကရေစီနည်းမကျဟု ဝေဖန်ကြပါသည်။ အာဖရိကနိုင်ငံအများစုသည် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ (Millennium Development Goals) (MDGs) အောင်မြင်ရန် ကြိုးပမ်းလျက် ဆင်းရဲနွမ်းပါးမှု လျှော့နည်းကျဆင်းရေး မဟာဗျူဟာများကို ချမှတ်ကျင့်သုံးကြပါသည်။ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုမှာ တစ်ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေးကြေညာချက် (Universal Declaration of Human Rights) အပိုဒ် ၂၁(၁) နှင့် တိုက်ရိုက်ချိတ်ဆက်နေသောကြောင့် ချီးမွမ်းဖွယ်ရာ ဖြစ်ပါသည်။ အပိုဒ် ၂၁(၁) တွင် 'လူတိုင်း မိမိနိုင်ငံ၏ အစိုးရတွင် တိုက်ရိုက်ဖြစ်စေ၊ လွတ်လပ်စွာ ရွေးချယ်သော ကိုယ်စားလှယ်များမှ တဆင့် ဖြစ်စေ ပါဝင်ဆောင်ရွက်ရန် အခွင့်အရေးရှိသည်။' ဟု ပြဋ္ဌာန်းထားပြီး ကိုယ်စားပြုဒီမိုကရေစီကို အလေးအနက် ဖော်ပြထားပါသည်။ ယင်းပြဋ္ဌာန်းချက်တွင်ပင် ရွေးကောက်ပွဲဖြင့် ဖော်ဆောင်သည့် ဒီမိုကရေစီကို တန်းတူညီမျှမှုနှင့် အားလုံးပါဝင်မှု (အများပါဝင်မှု) အပေါ် အခြေခံသော အခွင့်အရေးတစ်ရပ်အဖြစ်လည်း အလေးအနက် ဖော်ပြထားပါသည်။ နိုင်ငံရေးပါဝင်ဆောင်ရွက်မှုရှိခြင်းဖြင့် ငြိမ်းချမ်းရေးနှင့် အားလုံးသဘောတူညီမှု တည်ဆောက်ရေးကို အားပေးမြှင့်တင်ပြီး ဒီမိုကရေစီစနစ်ကို ပိုမို၍ ခိုင်ခံ့နိုင်ရည်ရှိစေပါသည်။

**၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် ဒီမိုကရေစီ၊ ရွေးကောက်ပွဲများနှင့် အုပ်ချုပ်မှုဆိုင်ရာ အာဖရိက ပဋိညာဉ် (African Charter on Democracy, Elections and Governance – ACDEG) ကို အတည်ပြုခဲ့ရာ ရွေးကောက်ပွဲများနှင့် အုပ်ချုပ်မှုတို့ အဓိက အပိုင်းအဖြစ် ပါဝင်သော ဒီမိုကရေစီ၏ အခြေခံ စံတန်ဖိုးများကို ဒေသအဆင့် ကတိကဝတ်ပြုခြင်း ဖြစ်ပါသည်။**

၂၀၀၇ခုနှစ် ဇန်နဝါရီလတွင် ဒီမိုကရေစီ၊ ရွေးကောက်ပွဲများနှင့် အုပ်ချုပ်မှုဆိုင်ရာ အာဖရိက ပဋိညာဉ် (African Charter on Democracy, Elections and Governance – ACDEG) ကို အတည်ပြုခဲ့ရာ ရွေးကောက်ပွဲများနှင့် အုပ်ချုပ်မှုတို့ အဓိက အပိုင်းအဖြစ် ပါဝင်သော ဒီမိုကရေစီ၏ အခြေခံ စံတန်ဖိုးများကို ဒေသအဆင့် ကတိကဝတ်ပြုခြင်း ဖြစ်ပါသည်။ ဒီမိုကရေစီ စံတန်ဖိုးများတွင် ပါဝင်သည့် အကြောင်းအရာနှင့် သတ်မှတ်ချက်များ၊ ယင်းတို့တွင် ဘုံတူညီပြီး ပြဋ္ဌာန်းချက်အဖြစ် အကောင်အထည်ဖော်ရန် ထိုက်တန်သည်ဟု အာဖရိကနိုင်ငံများက သဘောတူညီသော အချက်များကို ACDEG တွင် သတ်မှတ်ဖော်ပြထားပါသည်။ လုပ်ပိုင်ခွင့်ရှိသည့် သီးခြား

လွတ်လပ်ပြီး ဘက်မလိုက်သော ရွေးကောက်ပွဲအဖွဲ့အစည်းများက လွတ်လပ်၍ တရားမျှတပြီး ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲများကို ပုံမှန် ကျင်းပပြုလုပ်လျက် ယင်းတို့အပေါ် အခြေခံ၍ အာဏာ လွှဲပြောင်းပေးသည့် နိုင်ငံရေးယဉ်ကျေးမှုကို အခိုင်အမာတည်ဆောက်လျက် ပွင့်လင်း မြင်သာမှု၊ တာဝန်ယူတာဝန်ခံမှုနှင့် ပြည်သူ့ဆန္ဒအကောင်အထည်ဖော်ရေး ဒီမိုကရေစီတို့ကို အဖွဲ့ အစည်းစနစ်ချမှတ်၍ ဖော်ဆောင်ခြင်းဖြင့် ကောင်းမွန်သော အုပ်ချုပ်မှုကို အားပေးမြှင့်တင်ရန်နှင့် အားဖြည့်ရန် ဘုံတူညီသော သန္နိဋ္ဌာန်ဖြင့် ဆောင်ရွက်မည်ဟု အာဖရိကနိုင်ငံများက နိဒါန်းတွင် ဖော်ပြထားပါသည်။

ဤပဋိညာဉ်ကို ချမှတ်ကျင့်သုံးခြင်းဖြင့် အာဖရိကနိုင်ငံများသည် မိမိတို့၏ ဒီမိုကရေစီ စံနှုန်းများကို မိမိတို့ကိုယ်တိုင် သတ်မှတ်လိုက်ခြင်းဖြစ်ပြီး အများပါဝင်မှု (inclusion)နှင့် ပြည်သူ့ဆန္ဒ အကောင်အထည်ဖော်မှု (participation) တို့ကို အဓိကအပိုင်းများအဖြစ် ထည့်သွင်းထားပါသည်။

အများပါဝင်မှုရှိသော ပြည်သူ့ဆန္ဒအကောင်အထည်ဖော်ရေးသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်အတွက်သာ မဟုတ်ပါ။ ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပြည်သူလူထုသည် တိုက်ရိုက် ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ပါဝင်ရပြီး လူ့အဖွဲ့အစည်းအတွင်း ပြဿနာများအတွက် ဖြေရှင်းချက် များ ဖော်ထုတ်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် အများပြည်သူထံမှ ထင်မြင်ချက်ရယူနိုင်ရန် (တိုင်ပင် ဆွေးနွေးရေး) အစိုးရက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရပါသည်။ နိုင်ငံတော်အဆင့် စုဖွဲ့မှုများ တွင် နိုင်ငံရေးဆုံးဖြတ်ချက်များနှင့် ဥပဒေပြု ဆုံးဖြတ်ချက်များကို သတ်မှတ်ပြဋ္ဌာန်းသော စနစ် များနှင့် လုပ်ငန်းစဉ်များကြောင့် ဖယ်ကြဉ်ဆက်ဆံမှု (marginalization) ဖြစ်ပွားနိုင်ပါသည်။

**အများပါဝင်မှုရှိသော ပြည်သူ့ဆန္ဒအကောင်အထည်ဖော်ရေးသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်အတွက်သာ မဟုတ်ပါ။ ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပြည်သူလူထုသည် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ပါဝင်ရပြီး လူ့အဖွဲ့အစည်းအတွင်း ပြဿနာများအတွက် ဖြေရှင်းချက်များ ဖော်ထုတ်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် အများပြည်သူထံမှ ထင်မြင်ချက်ရယူနိုင်ရန် (တိုင်ပင်ဆွေးနွေးရေး) အစိုးရက အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရပါသည်။**

အာဖရိကတိုက်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေဖြည့်ဆည်းပေးမှုမှာ လွန်ခဲ့သော ဆယ်စုနှစ် နှစ်စုအတွင်း အပြောင်းအလဲ ရှိခဲ့ပါသည်။ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ နှင့် အမေရိကန်ပြည်ထောင်စုတို့ ပါဝင်ဆောင်ရွက်လာကြပြီး အကူအညီပေးရာတွင် ထိရောက် မှုရှိစေရေးထက် ပုဂ္ဂလိကကဏ္ဍ မိတ်ဖက်ဆောင်ရွက်မှုများကို ပိုမို၍ အလေးထားပါသည်။ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ ပြီးဆုံးချိန်၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (SDG) များ စတင်ကျင့်သုံးချိန်တွင် အပြောင်းအလဲ များ စတင်ဖြစ်ပွားပြီး အလှူရှင်အဖွဲ့အစည်းများ တိုက်ရိုက်ပါဝင်ဆောင်ရွက်မှု နေးကွေးလာ ပါသည်။ အာဖရိကသမဂ္ဂလုပ်ငန်းစဉ် ၂၀၆၃ခုနှစ် (AU Agenda 2063) မှာ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် အတွင်း အများပါဝင်သော ဒီမိုကရေစီဖြစ်စေရေး အလေးအနက်ပြုခြင်းကြောင့် ပြည်သူ့ ဆန္ဒအကောင်အထည်ဖော်ရေး ဒီမိုကရေစီကို တောင်းဆိုမှု များပြားလာပါသည်။ ပြည်သူ့ဆန္ဒ အကောင်အထည်ဖော်နိုင်ရန် စုဖွဲ့ပုံများ၊ အစီအမံများနှင့် အရင်းအမြစ်များ လိုအပ်ပြီး ယင်း လိုအပ်ချက်များကို နောက်ပိုင်းတွင် ဆက်လက်၍ ဆွေးနွေးထားပါသည်။ ဆန်းစစ်လေ့လာ ရာတွင် လွယ်ကူစေရန် အစီရင်ခံစာတွင် ၂၀၀၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ၊ ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ် အထိနှင့် ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ အချိန်ကာလ သုံးပိုင်း ခွဲခြားထားပါသည်။

အာဖရိကတိုက်ရှိ နိုင်ငံများသည် လူအုပ်စု အသီးသီးဆိုင်ရာ နိုင်ငံတကာနှင့် ဒေသ အဆင့် စာချုပ်စာတမ်းများကို စည်းနှောင်မှုရှိသည်ဟု အတည်ပြုလျက် လက်ခံထားသော်လည်း အမျိုးသမီးများ၊ လူငယ်များ၊ မသန်စွမ်းသူများနှင့် ဒုက္ခသည်များသည် ဆုံးဖြတ်ချက် ချမှတ် ရာတွင် မပါဝင်ခြင်းနှင့် ကိုယ်စားပြု ပါဝင်မှု နည်းပါးခြင်း ပြဿနာကို ရင်ဆိုင်နေရဆဲပင် ဖြစ်

ပါသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (United Nations Convention on the Rights of Persons with Disabilities)၊ အမျိုးသမီးများကို ခွဲခြားဆက်ဆံမှု ပုံစံအားလုံး ပပျောက်စေရေး သဘောတူစာချုပ် (Convention on the Elimination of all forms of Discrimination Against Women) (CEDAW) နှင့် ပြည်သူလူထု အခွင့်အရေးများနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ ပဋိညာဉ် (International Covenant on Civil and Political Rights) (ICCPR) အပိုဒ် ၂၅ ကဲ့သို့သော ဖယ်ကြဉ်ခံများဆိုင်ရာ သဘောတူစာချုပ်အသီးသီး၌ နိုင်ငံရေးပါဝင်ဆောင်ရွက်မှုသည် အကြောင်းအချက်အမျိုးမျိုးနှင့် ဆက်စပ်နေကြောင်း ဖော်ပြထားပြီး မဲပေးခွင့်မှာ ယင်းအကြောင်းအချက်များအနက်မှ တစ်ခုမျှသာဖြစ်ပါသည်။ နိုင်ငံရေးပါဝင်ဆောင်ရွက်မှု ရှိစေရန် ဖော်ဆောင်သည့် အခြားနည်းလမ်းများမှာ ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခြင်း၊ အစိုးရ အုပ်ချုပ်မှု အဆင့်အားလုံး (ဒေသန္တရ၊ ခရိုင်၊ ပြည်နယ် သို့မဟုတ် ပြည်ထောင်စု အဆင့်) တွင် ရာထူးနေရာများ ရရှိခြင်း၊ နိုင်ငံ၏ ဆုံးဖြတ်ချက် ချမှတ်ရေး၊ မူဝါဒရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေး၊ စောင့်ကြည့်စစ်ဆေးရေးနှင့် အကဲဖြတ်သုံးသပ်ရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်ခြင်း၊ သမဂ္ဂများဖွဲ့စည်းခြင်း သို့မဟုတ် သမဂ္ဂတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်းဖြင့် နိုင်ငံ၏ နိုင်ငံရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုခြင်းတို့ ပါဝင်ပါသည်။

ထို့အပြင် အာဖရိကတိုက်ရှိ နိုင်ငံအများအပြားသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (SDG) များ၊ အာဖရိကသမဂ္ဂ လုပ်ငန်းစဉ် ၂၀၆၃ ခုနှစ် (African Union (AU) Agenda 2063)နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များဆိုင်ရာ ကုလသမဂ္ဂ လုပ်ငန်းစဉ် ၂၀၃၀ ခုနှစ် (UN Agenda 2030 on the SDGs) ကဲ့သို့သော မူဝါဒမူဘောင်များကို လက်ခံကျင့်သုံးကြပါသည်။

နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ အာဖရိကသမဂ္ဂလုပ်ငန်းစဉ် ၂၀၆၃ ခုနှစ် (AU Agenda 2063) မျှော်မှန်းချက် အမှတ် ၃ တွင် ကောင်းမွန်သော အုပ်ချုပ်မှုနှင့်ဒီမိုကရေစီ ထွန်းကားပြီး လူ့အခွင့်အရေး၊ တရားမျှတမှုနှင့် တရားဥပဒေ စိုးမိုးရေးကို လေးစားသော အာဖရိကတိုက် ဖြစ်စေရေး ရည်မှန်းကြောင်း ဖော်ပြထားပါသည် (စာပိုဒ် ၂၇)။ အာဖရိကတိုက်တွင် အားလုံးအတွက် ကောင်းမွန်သော အုပ်ချုပ်မှု ပတ်ဝန်းကျင်၊ ဒီမိုကရေစီ စံတန်ဖိုးများ၊ ဂျန်ဒါတန်းတူညီမျှမှု၊ လူ့အခွင့်အရေးများ၊ တရားမျှတမှုနှင့် တရားဥပဒေစိုးမိုးမှုကို လေးစားမှုတို့ထွန်းကားရန် မျှော်မှန်းပါသည်။ 'နိုင်ငံသားများသည် လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် စီမံခန့်ခွဲမှုတို့ တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် ဖြစ်ပါသည်' (အပိုဒ် ၃၀)။ အများပါဝင်မှုကို အလေးအနက်ပြုလျက် လုပ်ငန်းစဉ် အမှတ် ၆ တွင် အာဖရိကတိုက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကို မောင်းနှင်ပေးမည့်သူများအဖြစ် အမျိုးသမီးများနှင့် လူငယ်များကို သတ်မှတ်ပါသည်။ သို့ဖြစ်၍ လုပ်ငန်းစဉ် ၂၀၆၃ ခုနှစ် တွင် နိုင်ငံသားအားလုံး နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုကို အသိအမှတ်ပြုပြီး အမျိုးသမီးများနှင့် လူငယ်များကို အဓိက စွမ်းဆောင်နိုင်သူများအဖြစ် သတ်မှတ်ပါသည်။

အထက်ဖော်ပြပါ မူဝါဒ မူဘောင်များတွင် အများပါဝင်မှု အရေးကြီးပုံကိုလည်းကောင်း၊ မညီမျှမှုများကို ပပျောက်စေရန် လူမှုရေး၊ နိုင်ငံရေးနှင့် အများပြည်သူ လုပ်ငန်းများတွင် ဖယ်ကြဉ်

ခံ လူအုပ်စုများကို ကိုယ်စားပြုမှု အားကောင်းစေရေးကိုလည်းကောင်း အလေးအနက်ပြုထား ပါသည်။ နိုင်ငံရေးပါဝင်ဆောင်ရွက်မှုသည် သဘောသဘာဝ အားဖြင့်လည်းကောင်း၊ ပြင်ပ အကြောင်းအချက်တစ်ရပ်အဖြစ်လည်းကောင်း မဲဆန္ဒရှင်များနှင့် ပြည်သူလူထုကို အလုပ်အကျွေး ပြုရန် ရွေးကောက်တင်မြှောက်ထားသော အစိုးရများအတွက် တန်ဖိုးရှိပါသည်။ ဤသို့သော လွတ်လပ်မှုမျိုးသည် ဖွံ့ဖြိုးရေး လုပ်ငန်းများ အောင်မြင်ရန် အရေးပါသော အပိုင်းမှ ပါဝင်ပြီး နိုင်ငံတကာ လူ့အခွင့်အရေး ဆွေးနွေးချက်များတွင်လည်း အလွန်အရေးပါသည်ဟု ရှုမြင်ကြ ပါသည်။ အခြား ပြည်သူလူထု–နိုင်ငံရေး လွတ်လပ်မှုများ၊ လူမှု–စီးပွား လွတ်လပ်မှုများ ဆိုင်ရာ အခွင့်အရေးများနှင့် အတူ ထည့်သွင်းပြဋ္ဌာန်းလေ့ရှိပါသည်။

နိုင်ငံရေးတွင် အများပါဝင်ဆောင်ရွက်မှုသည် ရွေးကောက်ပွဲကျင်းပပြုလုပ်သည့်အခါ မဲပေးခွင့် ရရှိရုံမျှ မဟုတ်ပါ။ ဆုံးဖြတ်ချက် ချမှတ်ရာတွင် နိုင်ငံသားများ ပါဝင်နိုင်ပြီး အစိုးရက နိုင်ငံသားများ၏ လိုအပ်ချက်များအတွက် ဖြေရှင်းချက်များ ဖော်ထုတ်ရာတွင် နိုင်ငံသားများ ပါဝင် ဆောင်ရွက်နိုင်စွမ်း ရှိစေရန် အရေးကြီးပါသည်။ နိုင်ငံရေးတွင် အများပါဝင်ဆောင်ရွက်မှုသည် ဒေသန္တရအဆင့်မှ ပြည်ထောင်စုအဆင့်၊ ဒေသအဆင့်၊ ကမ္ဘာ့အဆင့်အထိ အဆင့်အသီးသီးတွင် ရှိရပါမည်။ ခေါင်းဆောင်များ ရွေးချယ်ရန် ရွေးကောက်ပွဲများတွင် မဲပေးခြင်းအပြင် ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်တွင်လည်းကောင်း၊ နိုင်ငံအဆင့် ပြဿနာများကို ဖြေရှင်းရန် ဒေသန္တရနှင့် တစ်နိုင်ငံ လုံးအဆင့် ဦးစားပေးများ သတ်မှတ်ရာတွင်လည်းကောင်း နိုင်ငံသားများ ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ထို့ကြောင့် အများပါဝင်ဆောင်ရွက်မှုရှိစေရန် ကြိုးပမ်းရာတွင် အဓိကအရေးကြီး သော မေးခွန်းမှာ ရွေးကောက်ပွဲတွင် လာရောက် မဲပေးသူ အရေအတွက် အချိုးအစား များပြား ပါက ရွေးကောက်ပွဲပြီးသည့်အခါတွင်လည်း ဖွံ့ဖြိုးရေး မူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များ တွင် နိုင်ငံသားများ ကာလရှည် ပါဝင်ဆောင်ရွက်မှု ပိုမိုတိုးတက်များပြားခြင်း ရှိမရှိ ဖြစ်ပါသည်။ သို့ဖြစ်၍ ဤအစီရင်ခံစာတွင် အာဖရိကတိုက်၌ နိုင်ငံရေးတွင် အများပါဝင်ဆောင်ရွက်စေရေး ကြိုးပမ်းမှုကို လေ့လာဖော်ပြထားပါသည်။ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုအတွက် အဓိက အညွှန်းကိန်းများကို ဖော်ထုတ်တင်ပြထားရာ အဓိကအားဖြင့် ရွေးကောက်ပွဲတွင် လာရောက် မဲပေးသူ အရေအတွက် အချိုးအစား၊ ဖယ်ကြဉ်ခံအုပ်စုများ အစိုးရအတွင်း ကိုယ်စားပြုပါဝင်မှု အချိုးအစားနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်တွင် ၎င်းတို့ ပါဝင်နိုင်မှုတို့ ဖြစ်ပါသည်။ အမျိုးသမီးများ၊ လူငယ်များ၊ ဒုက္ခသည်များနှင့် မသန်စွမ်းသူများ ဟူသော ဖယ်ကြဉ်ခံအုပ်စုများ ဆုံးဖြတ်ချက် ချမှတ်ရာတွင် ပါဝင်မှုကို ဤအစီရင်ခံစာတွင် ဆန်းစစ်ဖော်ပြထားပါသည်။

အခန်း ၂

# ရည်ရွယ်ချက်များ

ဤအစီရင်ခံစာတွင် အများပါဝင်သော ဒီမိုကရေစီ ဆိုင်ရာ ဆွေးနွေးမှုများကို အသေးစိတ် ဖော်ပြထားပါသည်။ အထူးသဖြင့် အောက်ဖော်ပြပါ ရည်ရွယ်ချက်များ ထားရှိပါသည်။

- အမျိုးသမီးများ၊ လူငယ်များ၊ မသန်စွမ်းသူများ နှင့် ဒုက္ခသည်များ ကဲ့သို့သော ထိခိုက်လွယ်သည့် အုပ်စုများကို အဓိကထားလျက် အာဖရိကတိုက်တွင် နိုင်ငံရေး၌ အများပါဝင်ဆောင်ရွက်မှု အခြေအနေကို သုံးသပ်ရန်
- ဤစာတမ်းတွင် ရွေးချယ်ဖော်ပြထားသော အာဖရိကတိုက်ရှိ နိုင်ငံအချို့မှ ပြည်ထောင်စု အဆင့် ဥပဒေမူဘောင်များတွင် နိုင်ငံရေး၌ အများပါဝင်ဆောင်ရွက်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို နှိုင်းယှဉ်လျက် ဆန်းစစ်လေ့လာ ဖော်ပြရန်
- အာဖရိကတိုက်တွင် နိုင်ငံရေး၌ အများပါဝင်ဆောင်ရွက်မှု တိုးတက်စေရေး ဆိုင်ရာ ဒေသအဆင့်မူဘောင်များ၏ အားသာချက်များနှင့် အားနည်းချက်များကို ဆန်းစစ်လေ့လာရန်
- အာဖရိကတိုက်တွင် နိုင်ငံရေး၌ အများပါဝင်ဆောင်ရွက်မှု ရှိစေရေး စိန်ခေါ်မှုအခက်အခဲများကို သုံးသပ်ရန်
- အာဖရိကတိုက်တွင် နိုင်ငံရေး၌ အများပါဝင်ဆောင်ရွက်မှု တိုးတက်မြင့်မားစေရေး မဟာဗျူဟာများနှင့် စပ်လျဉ်း၍ မူဝါဒအကြံပြုချက်များ ဖော်ထုတ်တင်ပြရန်

အခန်း ၃

# သုတေသနနည်းလမ်း

ဤအစီရင်ခံစာမှာ အာဖရိကတိုက် နိုင်ငံရေးတွင် အများပါဝင်ဆောင်ရွက်မှုရှိရေး ကြိုးပမ်းမှုများကို နိုင်ငံရေးဘောဂဗေဒရှုထောင့်မှ လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ နိုင်ငံအသီးသီးရှိ နိုင်ငံရေး အလားအလာများနှင့် ယင်းအလားအလာများကြောင့် နိုင်ငံရေးလှုပ်ရှားမှုများတွင် လူအုပ်စုအားလုံး ပါဝင်နိုင်ရေးအပေါ် သက်ရောက်မှုရှိပုံကို သိရှိ နားလည်ရန် သမိုင်းဆိုင်ရာ ဆန်းစစ်ချက်ကိုလည်း အသုံးပြုပါသည်။ လေ့လာချက်ကို ဆဟာရသဲကန္တာရအနီးရှိ အာဖရိကတိုက်နယ်မြေဒေသများတွင် လုပ်ဆောင်ခဲ့ပြီး အရည်အသွေးအခြေပြု နည်းလမ်းများနှင့် အရေအတွက် (ကိန်းဂဏန်း) အခြေပြု နည်းလမ်းများ နှစ်မျိုးလုံးကို အသုံးပြုလျက် အာဖရိ ဘာရိုမီတာ (Afrobarometer အာဖရိကပြဒါးတိုင်) နှင့် အာဖရိက အုပ်ချုပ်မှု မိုအီဘရာဟင်အညွှန်းကိန်း (Mo Ibrahim Index of African Governance) ကဲ့သို့သော အာဖရိက တစ်တိုက်လုံးအတွက် အချက်အလက်စု (data set) များကို အားထား အသုံးပြုပါသည်။ ထို့အပြင် လေ့လာချက်၌ နိုင်ငံအချို့ကို ရွေးချယ်လျက် အများပါဝင်ဆောင်ရွက်မှုဆိုင်ရာနှင့် ဥပဒေပြုရေးဆိုင်ရာ ဒေသခွဲအဆင့်နှင့် နိုင်ငံတကာအဆင့် မူဘောင်များကို ပြန်လည်သုံးသပ်ဖော်ပြထားပါသည်။ ထို့အပြင် ဆဟာရ သဲကန္တာရအနီးရှိ အာဖရိကတိုက်နယ်မြေဒေသများအနက်မှ အချို့ကို ပထဝီနယ်မြေတည်နေရာ၊ အုပ်ချုပ်မှု၊ စီးပွားရေးအောင်မြင်မှုနှင့် အခြားသက်ဆိုင်သော စံနှုန်းများဖြင့် ရွေးချယ်လျက် ဖြစ်ရပ်လေ့လာချက်အချို့ကို မီးမောင်းထိုးဖော်ပြထားပါသည်။ အသုံးပြုရန် အဆိုပြုသော အညွှန်းကိန်းများ၊ အချက်အလက် စုဆောင်းပုံနှင့် ဆန်းစစ်လေ့လာပုံနည်းလမ်းများ၊ အချက်အလက် အရင်းအမြစ်များကို နောက်ဆက်တွဲ (က) တွင် ဖော်ပြထားပါသည်။

အခန်း ၄

# အလားအလာများ

## ၄-၁ ခြုံငုံဖော်ပြချက်

အာဖရိကတိုက်မှာ အခြားကုန်းမြေတိုက်ကြီးများနှင့် နှိုင်းယှဉ်လျှင် လွန်ခဲ့သော ဆယ်စုနှစ် သုံးစုအတွင်းက နိုင်ငံအဆင့် ရွေးကောက်ပွဲများတွင် ပြည်သူလူထု ပါဝင်မဲပေးမှုများပြားပါသည်။ မဲပေးသူအရေအတွက်အချိုးအစား (voter turnout) လည်း သိသာစွာ မြင့်တက်ခဲ့ပါသည်။ အာဖရိကတိုက်နိုင်ငံများအနက် ၇၀% ခန့်မှာ လွှတ်တော်ရွေးကောက်ပွဲများတွင် လာရောက်မဲပေးသူ အချိုးအစားသည် မှတ်တမ်းများအရ ၅၀% အထက်တွင် ရှိပါသည် (International IDEA n.d.b)။ အာဖရိဘာရိုမီတာ အာဖရိကပြဒါးတိုင် စစ်တမ်းများ (Afrobarometer Surveys) အရ ၁၉၉၉ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်အကြား အာဖရိကတွင်မဲပေးသူ အရေအတွက်အချိုးအစား (voter turnout) မှာ ၇၀% အထက်တွင် ရှိပါသည်။ ဤကိန်းဂဏန်း အရ အာဖရိကတိုက် နိုင်ငံရေးနှင့် ရွေးကောက်ပွဲများသည် အများပါဝင်ဆောင်ရွက်သည့် သဘောသဘာဝ ရှိကြောင်း ထင်ဟပ် ပေါ်လွင်ပါသည်။ စင်စစ် ၂၀၀၅-၂၀၀၆ခုနှစ် မဲဆန္ဒရှင်များ လာရောက်မဲပေးသည့်အရေအတွက်အချိုးအစားမှာ ပျမ်းမျှအားဖြင့် ၇၅% နီးပါး ရှိပြီး ထိုနှစ်က အာဖရိကတိုက်တွင် ပါတီစုံဒီမိုကရေစီစနစ်နှင့် ရွေးကောက်ပွဲများကို လက်ခံကြသည်ဟု အဓိပ္ပာယ်ကောက်ယူနိုင်ပါသည်။

အာဖရိကတိုက်တွင် အရွယ်ရောက်ပြီးသူများအနက် အများစုသည် လူငယ်များနှင့် အမျိုးသမီးများဖြစ်လေရာ မဲဆန္ဒရှင်များ လာရောက်မဲပေးသည့်အရေအတွက်အချိုးအစား မြင့်မားခြင်းသည် နိုင်ငံရေးနှင့် ရွေးကောက်ပွဲများတွင် အများပါဝင်ဆောင်ရွက်မှု ရှိလာခြင်းကို ညွှန်ပြနေပါသည်။ ရွေးကောက်ပွဲ ကာလများတွင် နိုင်ငံရေးပါတီများနှင့် ရွေးကောက်ခံ ကိုယ်စားလှယ်လောင်းများသည် နိုင်ငံသားများ ရွေးကောက်ပွဲ လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်လာကြစေရန် နိုင်ငံရေးပါဝင်ဆောင်ရွက်မှု လုပ်ငန်းစဉ်ကို တွန်းအားပေးဆောင်ရွက်ကြောင်းလည်း ထင်ဟပ်ပေါ်လွင်ပါသည်။ ဘေနင်၊ ဂါနာ၊ ဂီနီ၊ လိုက်ဘေးရီးယား၊ မာလာဝီ၊ ဆီယယ်ရာလီယွန်နှင့် တန်ဇန်းနီးယား ကဲ့သို့သော နိုင်ငံများတွင် မဲဆန္ဒရှင်များ လာရောက်မဲပေးသည့်အရေအတွက်အချိုးအစား မြင့်မားပြီး ကင်မရွန်း၊ အိုင်ဗရီကို့စ်၊ ဂါဘွန်၊ မော်ရိုကို၊ ဆူဒန်နှင့် တူနီးရှား ကဲ့သို့သော နိုင်ငံများတွင်မူ မဲဆန္ဒရှင်များ လာရောက်မဲပေးသည့်အရေအတွက်အချိုးအစား ပိုမိုနည်းပါးပါသည်။ အထက်

ဖော်ပြပါ ပါတီစုံ ဒီမိုကရေစီစနစ် ကျင့်သုံးသော နိုင်ငံများတွင် အာဏာရှင်စနစ်ဖြင့် အုပ်ချုပ်သော နိုင်ငံများမှာထက် မဲဆန္ဒရှင်များ လာရောက်မဲပေးသည့်အရေအတွက်အချိုးအစား ပိုမိုမြင့်မားရန် အလားအလာပိုမို များပြားပါသည်။ အလားအလာကို ဆန်းစစ်ရာတွင် မဲဆန္ဒရှင်များ လာရောက် မဲပေးသည့် အရေအတွက် အချိုးအစား (voter turnout) မှာ လွန်ခဲ့သော ဆယ်စုနှစ် နှစ်စုအတွင်း ပျမ်းမျှအားဖြင့် အနည်းငယ်မျှ လျော့နည်းကျဆင်းပါသည်။ ၁၉၉၀ ပြည့် နှောင်းပိုင်း နှစ်များ တွင် ၇၂% ရှိခဲ့ရာမှ ၂၀၁၈ ခုနှစ်တွင် ၆၈% သို့ ကျဆင်းပါသည်။ မဲဆန္ဒရှင်များ လာရောက်မဲပေး သည့် အရေအတွက် အချိုးအစား နိမ့်ကျခြင်းသည် သာမန်အားဖြင့် နိုင်ငံရေးနှင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် စိတ်မဝင်စားခြင်းနှင့် ယုံကြည်စိတ်ချမှု မရှိခြင်းတို့ကြောင့် ဖြစ်တတ်ပါသည်။ အထက်ပါအတိုင်း အနည်းငယ်မျှ လျော့နည်းကျဆင်းခြင်းသည် နိုင်ငံသားများအနေဖြင့် နိုင်ငံရေး နှင့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များမှ ကင်းကွာမှု အနည်းငယ် ဖြစ်ပေါ်လာသည်ဟု ညွှန်ပြနေ ပါသည်။

ရွေးကောက်ပွဲအပြင် နိုင်ငံရေးတွင် အများပါဝင်ဆောင်ရွက်ခြင်းကို ဖော်ပြသည့် အဓိက အညွှန်းကိန်းများမှာ ဆုံးဖြတ်ချက် ချမှတ်ရာတွင် နိုင်ငံသားများ ပါဝင်မှုနှင့် ရပ်ရွာ အသိုက်အဝန်း အစည်းအဝေးများတွင် ၎င်းတို့ ပါဝင်တက်ရောက်မှုတို့ ဖြစ်ပါသည်။ ရပ်ရွာ အသိုက်အဝန်း အစည်းအဝေးများသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဦးစားပေးလုပ်ငန်း များအတွက် လုပ်ငန်းစဉ်ချမှတ်ခြင်း၊ သို့မဟုတ် ဒေသန္တရ ဖွံ့ဖြိုးရေး ပြဿနာများကို ဆွေးနွေး ဖြေရှင်းခြင်းများ လုပ်ဆောင်သည့် နေရာဌာနများ ဖြစ်ပါသည်။ သို့ဖြစ်၍ ယင်းအစည်းအဝေး များတွင် နိုင်ငံသားများ ပါဝင်တက်ရောက်ကြပါက အုပ်ချုပ်မှု လုပ်ငန်းစဉ်သည် အများပါဝင် ဆောင်ရွက်သည့် သဘောသဘာဝရှိကြောင်း သိနိုင်ပါသည်။ နိုင်ငံသားများအနေဖြင့် မိမိတို့ ရပ်ရွာ အသိုက်အဝန်းအပေါ် သက်ရောက်မှုရှိသည့် ကိစ္စရပ်များကို ထုတ်ဖော်ဆွေးနွေးနိုင်ခြင်းသည် လည်း အုပ်ချုပ်မှု လုပ်ငန်းစဉ်တွင် အများပါဝင်မှုမည်မျှရှိကြောင်း ထင်ဟပ်ပေါ်လွင် စေပါသည်။ လွန်ခဲ့သော ဆယ်စုနှစ် နှစ်စုအတွင်း အာဖရိကတိုက်တွင် ရပ်ရွာအသိုက်အဝန်း အစည်းအဝေး များ၌ ပျမ်းမျှ တက်ရောက်သူ အချိုးအစားမှာ ၅၉% ဖြစ်ပါသည် (နောက်ဆက်တွဲပါ ဇယား ခ–၂ ကို ကြည့်ပါ)။ မိမိတို့ နယ်မြေဒေသအပေါ် သက်ရောက်မှု ရှိသည့် ကိစ္စရပ်များကို ကိုယ်တိုင် ဖော်ထုတ်ဆွေးနွေးကြသူများ သို့မဟုတ် အခြားသူများ ဖော်ထုတ်ဆွေးနွေးသည့်အခါ ပါဝင် ဆွေးနွေးကြသူများမှာ ၅၁% ရှိပါသည် (နောက်ဆက်တွဲ (ခ) ပါ ဇယား ခ–၃ ကို ကြည့်ပါ)။ ပျမ်းမျှ အားဖြင့် တစ်နိုင်ငံလုံးအဆင့် ရွေးကောက်ပွဲများတွင် လာရောက်မဲပေးသူ မဲဆန္ဒရှင် အရေအတွက် ထက် ရပ်ရွာအသိုက်အဝန်း အစည်းအဝေးများကို တက်ရောက်သူ အရေအတွက်မှာ နှိုင်းယှဉ် ကြည့်လျှင် နည်းပါးသည်ဟု ညွှန်ပြနေပါသည်။ စိုးရိမ်ပူပန်ဖွယ်ရာ ဖြစ်နိုင်ခြေမှာ နိုင်ငံသား များသည် ရွေးကောက်ပွဲအလွန် အုပ်ချုပ်မှု လုပ်ငန်းစဉ်ကို စိတ်မဝင်စားခြင်း သို့မဟုတ် အုပ်ချုပ်မှု လုပ်ငန်းစဉ်တွင် အများပါဝင်ဆောင်ရွက်နိုင်ရေး စုဖွဲ့စီစဉ်ထားမှု မရှိခြင်း ဖြစ်ပါသည်။

လွန်ခဲ့သော ဆယ်စုနှစ် ၂ စု အတွင်း အလားအလာများကို ဆန်းစစ်ချက်အရ ၁၉၉၀ ပြည့် နှောင်းပိုင်း နှစ်များတွင် ရပ်ရွာအသိုက်အဝန်း အစည်းအဝေးများ၌ နိုင်ငံသားများ ပါဝင် တက်ရောက်မှု နည်းပါးခဲ့ပြီး ၂၀၀၂ ခုနှစ် ပတ်ဝန်းကျင်မှ အစပြု၍ ၂၀၀၉ ခုနှစ်ခန့်အထိ တက် ရောက်မှု လျင်မြန်စွာ တိုးတက်များပြားလာပါသည်။ ၁၉၉၀ ပြည့်နှစ်များအတွင်း အာဖရိကတိုက် တွင် အကောင်အထည်ဖော်ခဲ့သည့် စုဖွဲ့ပုံညှိနှိုင်းပြင်ဆင်ရေး လုပ်ငန်းအစီအစဉ် (Structural

Adjustment Programme) (SAP) များမှာ အများမပါဝင်နိုင်စေရန် ဖယ်ကြဉ်မှု များပြားသည်ဟု ယူဆဖွယ်ရာ ဖြစ်ပါသည်။ ဆန့်ကျင်ဘက်အားဖြင့် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များကို လက်ခံကျင့်သုံး အကောင်အထည် ဖော်ခြင်း၊ အကူအညီပေးရေး ထိရောက်မှုနှင့် ဆင်းရဲမှု လျှော့ချရေး မဟာဗျူဟာများ ကဲ့သို့သော အခြား နိုင်ငံတကာ လုပ်ငန်းအစီအစဉ်များ ဆောင်ရွက်ခြင်းတို့ကြောင့် နိုင်ငံသားများနှင့် အစိုးရတို့ အကြား ပိုမို၍ ထိတွေ့မှု များပြားလာပြီး ယင်းလုပ်ငန်းအစီအစဉ်များနှင့် မူဘောင်များကို အကောင်အထည်ဖော်ပါသည်။ ပါဝင်ဆောင်ရွက်မှုနှင့် အများပါဝင်မှုတို့ကို အားပေးမြှင့်တင်လျက် အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးမှု လုပ်ငန်းအဆင့်တွင် ပါဝင်ဆောင်ရွက်သူ အရေအတွက် တိုးတက်များပြားရန် နိုင်ငံတကာမှ ပံ့ပိုးမှုဖြင့် အလေးအနက်ကြိုးပမ်းဆောင်ရွက်လာပါသည်။ ကုလသမဂ္ဂ၊ ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund) (IMF) ကဲ့သို့သော အဖွဲ့အစည်းများက ရွေးကောက်ပွဲလွန်ကာလများတွင် ပါဝင်ဆောင်ရွက်မှုနှင့် အများပါဝင်မှု ဆက်လက်မြင့်မားနေစေရေး ထိန်းသိမ်းထားနိုင်မည့် အစီအမံများကို ဆန်းသစ်တီထွင် ကျင့်သုံးလာကြပါသည်။

ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင် မူဘောင်မှာ ကုလသမဂ္ဂ အထွေထွေညီလာခံက ၂၀၀၀ ခုနှစ် စက်တင်ဘာလတွင် အတည်ပြုခဲ့ပြီး အလှူရှင်အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းကြီးများ အားလုံးက လက်ခံကျင့်သုံးကြပါသည်။ ကုလသမဂ္ဂ ထောင်စုနှစ် စီမံချက် (UN Millennium Project) အစီရင်ခံစာတွင် မီးမောင်းထိုး ဖော်ပြထားသော အဓိက အကြောင်းအရာ နယ်ပယ်တစ်ရပ်မှာ ပြည်တွင်း ပြည်ပ ဆိုင်ရာ မဟာဗျူဟာ ရေးဆွဲသည့် လုပ်ငန်းစဉ်တွင် အဓိက အကျိုးသက်ဆိုင်ပါဝင်သူအားလုံး ပါဝင်ဆောင်ရွက်စေရေး လုပ်ငန်းစဉ်ဖြစ်ပါသည်။ အာဖရိကတိုက်ရှိ အစိုးရများသည် အစိုးရအဖွဲ့အစည်းတွင်း MDG စီမံကိန်းရေးဆွဲခြင်းနှင့် MDG ဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍ၊ အစိုးရမဟုတ်သောအဖွဲ့အစည်း (NGO) များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံသားများနှင့် မိတ်ဘက်ဆောင်ရွက်လျက် အခြေခံ လိုအပ်ချက်ဖြစ်သော MDG အခြေပြုရင်းနှီးမြှုပ်နှံမှုများနှင့် ဝန်ဆောင်မှုများ ရရှိရန် အားပေးမြှင့်တင် ဆောင်ရွက်ရပါမည် (Sachs 2005)။ သို့ဖြင့် အာဖရိက အစိုးရ အများစုသည် မူဝါဒများ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း တို့တွင်သာမက တာဝန်ယူတာဝန်ခံမှု ရှိစေရန် စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်းတို့တွင်လည်း ပါဝင်ဆောင်ရွက်မှုရှိရေး လုပ်ဆောင်လာကြပါသည်။

ထို့အပြင် ပါဝင်ဆောင်ရွက်မှု အစီအမံများကို ပုံစံအမျိုးမျိုးဖြင့် လုပ်ဆောင်ကြပြီး အစိုးရအစီအစဉ်ဖြင့် တရားဝင် ပုံစံကျ ဆွေးနွေးစဉ်းစား သုံးသပ်သော လုပ်ငန်းစဉ်များမှ အစပြု၍ မူဝါဒစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုကို ဒေသခံ အသုံးပြုသူများဖြင့် ဖွဲ့စည်းသည့် ကော်မတီများ၊ အစိုးရနှင့် ဒေသခံ ရိုးရာအစဉ်အလာ အဖွဲ့အစည်းများအကြား မိတ်ဖက် ဆောင်ရွက်သည့် အဖွဲ့များ၊ ရပ်ရွာအသိုက်အဝန်းကို ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများထံ လုပ်ပိုင်ခွင့်ပေးအပ် ဆောင်ရွက်စေခြင်း၊ ဒေသန္တရအုပ်ချုပ်မှုတွင် တာဝန်ယူတာဝန်ခံမှု ရှိစေရေး နည်းလမ်းတစ်ရပ်အဖြစ် အစိုးရနှင့် ဒေသန္တရ ရိုးရာအစဉ်အလာ အင်စတီကျူးရှင်း (အဖွဲ့အစည်းစနစ်) များ ချိတ်ဆက်ဆောင်ရွက်ခြင်းများအထိ တွေ့ရှိရပါသည်။ အုပ်ချုပ်မှု လုပ်ငန်းစဉ်တွင် နိုင်ငံသားများ ပါဝင်ဆောင်ရွက်မှုကို အကူအညီပေးရန် နယ်ခံလူထုနှင့်တွေ့ဆုံပွဲ (town hall meeting) များ၊ နှစ်ပတ်လည် ညီလာခံများနှင့် စဉ်းစားသုံးသပ်ရေး အစည်းအဝေးများကို အစိုးရများက ကျင်းပပြုလုပ်ကြပါသည်။

MDG ရည်မှန်းချက်များမှာ မြင့်မားပြီး ‘အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များနှင့် နိုင်ငံသား များ အပါအဝင် လူအုပ်စုအားလုံး အင်တိုက်အားတိုက် ဆောင်ရွက်မှသာ’ အောင်မြင်နိုင်မည်ဟု ယုံကြည်ခြင်းကြောင့် နိုင်ငံသားများ ပါဝင်ဆောင်ရွက်ကြရန် ကြိုးပမ်းခြင်းဖြစ်ပါသည်။ ယင်း လုပ်ငန်းအစီအစဉ်များ အားလုံးသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်မှုမှ ထို့ထက် ကျော်လွန်၍ နိုင်ငံသားများ ပါဝင်ဆောင်ရွက်ကြစေရေး အစီအမံများနှင့် စုဖွဲ့စီစဉ်မှုများ ဆောင်ရွက်ခြင်းဖြစ် ပါသည်။

သို့သော် MDG လုပ်ငန်းစဉ် ပြီးဆုံးပြီးနောက် နိုင်ငံအသီးသီး၏ အစိုးရများသည် နိုင်ငံသား များ ပါဝင်ဆောင်ရွက်မှု တိုးတက်ကောင်းမွန်စေရေး အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ခြင်း မရှိပါ။ နိုင်ငံသားများ ပါဝင်ဆောင်ရွက်မှုရှိစေရေး အစီအမံများနှင့် စုဖွဲ့ပုံများ ကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်နိုင်ရန် ရန်ပုံငွေကို အလှူရှင်အဖွဲ့အစည်းများက ပံ့ပိုးပေးခဲ့ ပါသည်။ အလှူရှင် အဖွဲ့အစည်းများထံမှ ရန်ပုံငွေ ပံ့ပိုးမှု ပြီးဆုံးသွားသောအခါ နိုင်ငံအသီးသီး၏ အစိုးရများသည် ယင်းအစီအမံ အများအပြားကို ဆက်လက်ဆောင်ရွက်ခြင်းမရှိဘဲ ဖယ်ထုတ် လိုက်ကြပါသည်။ ဤနေရာတွင် အရေးပါသော အချက်မှာ အရပ်ဘက် လူမှုအဖွဲ့အစည်းများ အနေဖြင့် ပါဝင်ဆောင်ရွက်မှုရှိရေး စည်းရုံးလှုံ့ဆော်ခြင်း (advocate လုပ်ခြင်း)၊ စည်းရုံးလှုံ့ဆော် သည့် အခန်းကဏ္ဍမှ မူဝါဒ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊ ပါဝင်ဆောင်ရွက်ရေးမူကို ကျင့်သုံးရန် အစိုးရကို ဖိအားပေးနိုင်ရေး ဆောင်ရွက်ခြင်းများကို လုပ်ဆောင်နိုင်သော်လည်း တရားဝင် မူဝါဒ ဆိုင်ရာ လုပ်ငန်းတာဝန်များတွင် ပါဝင်ဆောင်ရွက်နိုင်ရေးကို တရားဝင်မှုပြုပေး နိုင်သည်မှာ အဆုံးစွန်တွင် အစိုးရသာဖြစ်ပါသည်။

၂၀၁၅ ခုနှစ်တွင် ရပ်ရွာအသိုက်အဝန်းများမှ ပါဝင်ဆောင်ရွက်မှု ပြန်လည်မြင့်တက် လာပါသည်။ ယင်းမှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (SDG) များ ရေးဆွဲ ချမှတ် အကောင်အထည်ဖော်ခြင်းကြောင့် တစ်စိတ်တစ်ပိုင်းဖြစ်နိုင်ပါသည်။ SDG များ အတွက် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်အတွင်း နိုင်ငံသားများ ပါဝင်ဆောင်ရွက်ရေး အစီအမံများနှင့် စုဖွဲ့ မှုများလည်း စတင်လုပ်ဆောင်လာပါသည်။ SDG များကို အကောင်အထည်သည့် ကာလမှာပင် အာဖရိကသမဂ္ဂ လုပ်ငန်းစဉ် ၂၀၆၃ ခုနှစ် (AU Agenda 2063) ကိုလည်း အကောင်အထည်ဖော် ပါသည်။ သို့သော် AU Agenda 2063 တွင် SDG များမှာကဲ့သို့ နိုင်ငံအဆင့်တွင် AU Agenda 2063 အကောင်အထည်ဖော်ရေး နိုင်ငံသားများ ပါဝင်ဆောင်ရွက်ရန် စုစည်းသည့် စုဖွဲ့မှုများ မပါရှိပါ။ SDG များကို ဖော်ဆောင်ရာတွင် အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များသည် (စောင့်ကြည့်ရေး အဖွဲ့များအဖြစ်) တိုးတက်မှုကို စောင့်ကြည့်လေ့လာလျက် ဝန်ဆောင်မှုပေးရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရလဒ်များ ထွက်ပေါ်လာရေး (ပြည်သူလူထု၏ အသံ အထူးသဖြင့် နောက်ကျ ကျန်သူများအတွက်) ကိုယ်စားပြုပေးပါသည်။ ဥပမာ ဂါနာနိုင်ငံတွင် SDG များ အောင်မြင် ရေး အရပ်ဘက် လူမှုအဖွဲ့အစည်းများ ပိုမို၍ ညှိနှိုင်းပေါင်းစပ်လျက် ကြိုးပမ်း ဆောင်ရွက်နိုင်ရန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များဆိုင်ရာ အရပ်ဘက် လူမှုအဖွဲ့ အစည်းများ ပလက်ဖောင်း (Civil Society Platform on Sustainable Development Goals) ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် တည်ထောင်ခဲ့ပါသည်။

ယင်းပလက်ဖောင်း သည် နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် ရပ်ရွာအသိုက်အဝန်းအဆင့်

တို့တွင် ဖွဲ့စည်းထားပြီး လူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများ၊ ထိခိုက်လွယ်သူများ နှင့် ဘေးဖယ်ထားခံရသော အုပ်စုများ အပါအဝင် ကဏ္ဍအသီးသီးနှင့် ပြည်သူလူထု အသီးသီး၏ ဆန္ဒများကို ထုတ်ဖော်တင်ပြပါသည်။ SDG များကို အကောင်အထည်ဖော်ရာတွင် ထိခိုက်လွယ်သူများ၊ ဖယ်ကြဉ်ခံအုပ်စုများနှင့် ရပ်ရွာအသိုက်အဝန်းများ ပါဝင်ဆောင်ရွက်နိုင်စေရန်အတွက် ယင်းအုပ်စုများအနေဖြင့် အစိုးရ လုပ်ငန်းအစီအစဉ်များသို့ ပိုမို၍ လွယ်လင့်တကူ သွားရောက် ရယူအသုံးပြုနိုင်ရေး စည်းရုံးလှုံ့ဆော်မှုများလည်း လုပ်ဆောင်ပါသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်း ပလက်ဖောင်းသည် အောက်ခြေအဆင့် ရပ်ရွာအသိုက်အဝန်းများ၊ လူအုပ်စုများနှင့် နိုင်ငံသားများထံမှ စုဆောင်းရရှိသော အချက်အလက်များအပေါ် အခြေခံ၍ အစိုးရ၏ မှတ်တမ်းများနှင့် တိုက်ဆိုင်ဆန်းစစ်ချက်များ ပြုလုပ်ပြီး လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာများ ပြုစုထုတ်ဝေခြင်းဖြင့် SDG များနှင့် စပ်လျဉ်း၍ စောင့်ကြည့်စစ်ဆေးရေး နှင့် တာဝန်ယူတာဝန်ခံမှုဆိုင်ရာ အစီအမံများကိုလည်း လုပ်ဆောင်ပါသည်။ ပလက်ဖောင်းသည် SDG များအပေါ် အများပြည်သူ အာရုံစိုက်မှုရှိနေစေရေးအတွက် ထိရောက်စွာ ဆောင်ရွက်ခြင်းဖြင့် ရပ်ရွာအသိုက်အဝန်းများနှင့် နိုင်ငံသားများကိုယ်စား အစိုးရကို တာဝန်ယူတာဝန်ခံစေခြင်း ဖြစ်ပါသည်။ သို့ဖြစ်၍ အာဖရိကတိုက်တွင် နိုင်ငံရေး၌ အများပါဝင်ဆောင်ရွက်ရေး တွန်းအားပေးသည့် လုပ်ငန်းများမှာ နိုင်ငံတကာ၏ ကြိုးပမ်းမှု ရန်ပုံငွေပံ့ပိုးမှုတို့ဖြင့် အထမြောက်ခဲ့ခြင်း ဖြစ်ပါသည်။

## ၄-၂ အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှု

အာဖရိကတိုက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အမြင့်ဆုံးထား၍ အုပ်ချုပ်သော စနစ်နှင့် ဒီမိုကရေစီတို့ ထွန်းကားလာပြီး အချို့နိုင်ငံများတွင် အမျိုးသမီးများ နိုင်ငံရေး၌ ပါဝင်လာကြပါသည်။ အချို့ အာဖရိကနိုင်ငံများတွင် အမျိုးသမီးများ၏ ပါဝင်နိုင်မှုနှင့် ကိုယ်စားပြုမှု ဆိုင်ရာ အခွင့်အရေးများကို ချီးမွမ်းဖွယ်ရာ လျင်မြန်စွာ လက်ခံကျင့်သုံးလာကြပါသည်။ ဤအောင်မြင်မှုကြောင့် နိုင်ငံအသီးသီး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းပြဋ္ဌာန်းခြင်း၊ ယင်းမူများကို အကောင်အထည်ဖော်ရန် ဒေသအဆင့်နှင့် နိုင်ငံတကာ လူ့အခွင့်အရေး စာချုပ်စာတမ်းများ ချုပ်ဆိုလာကြခြင်းတို့ကို အတိုင်းအတာတစ်ခုအထိ တွေ့ရပါသည်။ နိုင်ငံတကာနှင့် ဒေသ အဆင့်များတွင် CEDAW၊ အာဖရိကတိုက်ရှိ အမျိုးသမီးများ၏ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် လူ့အခွင့်အရေးနှင့် ပြည်သူလူထုအခွင့်အရေးများ အာဖရိကပဋိညာဉ်၏ နောက်ဆက်တွဲသဘောတူစာချုပ် (အာဖရိကအမျိုးသမီးများဆိုင်ရာ နောက်ဆက်တွဲ သဘောတူစာချုပ်) (Protocol to the African Charter on Human and Peoples' Rights on the Rights of Women in Africa) (African Women's Protocol) နှင့် ICCPR ကဲ့သို့သော စာချုပ်စာတမ်းများကို အာဖရိကနိုင်ငံများက လက်မှတ်ရေးထိုး အတည်ပြုလာကြခြင်းမှာ အရေးပါသော ကိစ္စရပ်ဖြစ်ပါသည်။

နိုင်ငံရေးအပါအဝင် ဘဝနေထိုင်မှု နယ်ပယ်အားလုံးတွင် ခွဲခြားဆက်ဆံမှုသည် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်ရေး အတွက် ကြီးမားသော အဟန့်အတား ဖြစ်နေကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုအတွက် အမျိုးသမီးများ အပြည့်အဝ ပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း CEDAW နိဒါန်းတွင် ဖော်ပြထားပါသည်။ အာဖရိကတိုက်မှ သဘောတူစာချုပ်အဖွဲ့ဝင်နိုင်ငံများ

အပါအဝင် အဖွဲ့ဝင် နိုင်ငံများအနေဖြင့် 'နိုင်ငံရေးနှင့် အများပြည်သူဆိုင်ရာ လုပ်ငန်းတာဝန်များ ထမ်းဆောင်သည့် နယ်ပယ်တွင် အမျိုးသမီးများကို ခွဲခြားဆက်ဆံမှု ပပျောက်စေရေး' အစီအမံများ ဆောင်ရွက်ရန် တာဝန်ရှိသည်ဟု အပိုဒ် ၇ တွင် ပြဋ္ဌာန်းထားပါသည်။ ထို့အပြင် အမျိုးသမီးများကို ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်များအဖြစ်လည်းကောင်း၊ ကိုယ်စားလှယ်လောင်းများအဖြစ်လည်းကောင်း ပါဝင်ကြစေရန်နှင့် မူဝါဒများ ရေးဆွဲအကောင်အထည်ဖော်ရာတွင်လည်း ပါဝင်ကြစေရန် နိုင်ငံအသီးသီးအနေဖြင့် ဆောင်ရွက်ကြရန်လည်း ပြဋ္ဌာန်းပါသည်။

အာဖရိကသမဂ္ဂ (AU) ကလည်း အာဖရိကအမျိုးသမီးများ နောက်ဆက်တွဲ သဘောတူစာချုပ် (African Women's Protocol) ကို ၂၀၀၃ ခုနှစ်တွင် အတည်ပြုလျက် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှု ရှိစေရန် ကတိကဝတ် ပြုပါသည်။ နောက်ဆက်တွဲ သဘောတူစာချုပ် အပိုဒ် ၉ တွင် နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် ဆုံးဖြတ်ချက် ချမှတ်သော လုပ်ငန်းစဉ်များအတွင်း ပါဝင်ဆောင်ရွက်နိုင်ရေးဆိုင်ရာ အာဖရိက အမျိုးသမီးများ၏ အခွင့်အရေးများကို ပြဋ္ဌာန်းထားပြီး နိုင်ငံအသီးသီးအနေဖြင့် 'တန်းတူရေး အထူးစီမံဆောင်ရွက်ချက် ချမှတ် ဆောင်ရွက်လျက် မိမိတို့နိုင်ငံများ၏ နိုင်ငံရေးလုပ်ဆောင်မှုများတွင် အများပါဝင်သည့် အုပ်ချုပ်မှုနှင့် အမျိုးသမီးများ တန်းတူညီမျှ ပါဝင်ဆောင်ရွက်ရေးကို အားပေးမြှင့်တင်သည့် အပြုသဘော လုပ်ငန်းများ သတ်သတ်မှတ်မှတ် ဆောင်ရွက်ကြရန်' တိုက်တွန်းထားပါသည်။ ဤပြဋ္ဌာန်းချက်မှာ နိုင်ငံရေးနှင့် ဆုံးဖြတ်ချက် ချမှတ်ရေးတို့တွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ခွင့် ရထိုက်ကြောင်း အသိအမှတ်ပြုသည့် သက်သေအထောက်အထား ဖြစ်ပါသည်။ ယင်းပြဋ္ဌာန်းချက်တွင်ပင် အဆင့်အားလုံးရှိ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအားလုံးတွင် အမျိုးသားများနှင့် နှိုင်းယှဉ်ပါက အမျိုးသမီးများကိုယ်စားပြုမှု တန်းတူညီမျှ ရှိစေရေးမူကို အလေးအနက်ဖော်ပြထားပြီး 'အဆင့်အားလုံးတွင် ဆုံးဖြတ်ချက်ချမှတ်ရာ၌ အမျိုးသမီးများ ကိုယ်စားပြုမှုနှင့် ပါဝင်ဆောင်ရွက်မှု တိုးမြှင့်ရန်နှင့် ထိရောက်မှုရှိစေရန် အစိုးရများအနေဖြင့် ကူညီပံ့ပိုးဆောင်ရွက်ရမည်' ဟု သတ်မှတ်ပါသည်။ ယင်းစာချုပ်များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူညီမျှ ဒီမိုကရေစီလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နိုင်ရန်နှင့် ကိုယ်စားပြုမှုရရှိရန် ထိုက်တန်ကြောင်း တစ်ညီတစ်ညာတည်း ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။ မည်သည့်အမျိုးသမီးကိုမျှ မျှတမှုမရှိဘဲ အထူးသဖြင့် ခွဲခြားဆက်ဆံမှုနှင့် နှီးနွယ်သော အကြောင်းပြချက်ဖြင့် နောက်ချန်မထားရန် ဖြစ်ပါသည်။ အမျိုးသမီးများ ကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်ခြင်း မရှိပါက ကိုယ်စားပြု ဒီမိုကရေစီမူကို ကျင့်သုံးပြီး လိုက်နာစေရေး အရေးယူဆောင်ရွက်ရပါမည်။

မူဝါဒ မူဘောင်နှင့် စပ်လျဉ်း၍ လူဦးရေနှင့် ဖွံ့ဖြိုးမှု ဆိုင်ရာ နိုင်ငံတကာညီလာခံ လုပ်ငန်းအစီအစဉ် (Programme of Action of the International Conference on Population and Development)၊ ဘေဂျင်းလုပ်ငန်းစင်မြင့် (Beijing Platform for Action)၊ ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (SDG) များ အားလုံးသည် အာဖရိကတိုက်တွင် နိုင်ငံရေးလုပ်ငန်းစဉ်များအတွင်း အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု တိုးတက်မြင့်မားရေး အထောက်အကူပြုခဲ့ပါသည်။ မကြာသေးမီက အာဖရိကသမဂ္ဂ လုပ်ငန်းစဉ် ၂၀၆၃ ခုနှစ် (AU's Agenda 2063) တွင်လည်း ဘဝနေထိုင်မှု နယ်ပယ်အားလုံးတွင် ဂျန်ဒါ တန်းတူညီမျှမှုရှိရန်နှင့် အမျိုးသမီးများကို ခွဲခြားဆက်ဆံမှု ပုံစံအားလုံး အဆုံးသတ်ရန် လိုအပ်ကြောင်း အလေးအနက် ဖော်ပြထားပါသည်။

အစိုးရ အုပ်ချုပ်ရေးကဏ္ဍတွင် ၂၀၀၆ ခုနှစ်က လိုက်ဘေးရီးယား သမ္မတအဖြစ် အယ်လင် ဂျွန်ဆင် ဆာလိဖ် (Ellen Johnson Sirleaf) ရွေးကောက်တင်မြှောက်ခံရပြီးနောက် အာဖရိကတိုက် နိုင်ငံအသီးသီးတွင် နောက်ထပ် အမျိုးသမီး သမ္မတ ငါးဦး ရှိခဲ့ပြီး ဖြစ်ပါသည်။ အုပ်ချုပ်မှုတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်မှု အညွှန်းကိန်းနှင့် စပ်လျဉ်း၍ အာဖရိကတိုက်သည် အခြားကုန်းမြေတိုက်ကြီးများနှင့် ယှဉ်နိုင်သော အရေအတွက်ဖြစ်ပါသည်။ ဤသို့ ထူးခြားသော အောင်မြင်မှုများ ရှိလင့်ကစား အာဖရိကသမဂ္ဂ အဖွဲ့ဝင် နိုင်ငံပေါင်း ၅၅ နိုင်ငံအနက် ၉% တွင်သာ အမျိုးသမီး သမ္မတ ရှိခဲ့ဖူးပါသည်။ သို့သော် အချို့နိုင်ငံများတွင် သမ္မတမဟုတ်သော အခြား ခေါင်းဆောင်မှုနေရာများ၌ အမျိုးသမီးများ တာဝန်ထမ်းဆောင်နိုင်မှု သိသာထင်ရှားစွာ တိုးတက်များပြားလာခဲ့ပါသည်။

ရဝမ်ဒါနှင့် တောင်အာဖရိကတို့မှာ ထင်ရှားသော ဥပမာများ ဖြစ်ပြီး လွန်ခဲ့သော ဆယ်စုနှစ်အတွင်း အာဖရိက အုပ်ချုပ်မှု အီဘရာဟင်အညွှန်းကိန်း (Ibrahim Index of African Governance) တွင် အမြဲတစေ ပထမနှင့် ဒုတိယအဆင့် အသီးသီး ရရှိသော နိုင်ငံများဖြစ်ပါသည်။ အီသီယိုပီးယား (Ethiopia)၊ ဂီနီဘီဆော (Guinea–Bissau)၊ ဆာအိုတိုမေနှင့် ပရန်ဆီ (São Tomé and Príncipe)၊ ဆေရှဲ (Seychelles) ကဲ့သို့သော အခြားနိုင်ငံများသည်လည်း လွန်ခဲ့သော ဆယ်စုနှစ်အတွင်း အစိုးရ အုပ်ချုပ်ရေး အပိုင်းတွင် အမျိုးသမီးများကို ကိုယ်စားပြုမှု အများအပြား တိုးတက်လာခဲ့ပါသည်။ သို့သော် လစ်ဗျား (Libya) နှင့် အီကွေတာဂီနီ (Equatorial Guinea) ကဲ့သို့သော နိုင်ငံများမှာ အာဖရိကတွင်တိုးတက်မှုအနည်းဆုံး နောက်ဆုံးပိတ် ၅ နိုင်ငံအဖြစ် အမြဲတစေ ကျန်ရှိနေဆဲဖြစ်ပါသည်။ ကာဘိုဗာ့ဒ် (Cabo Verde)၊ လီဆိုသို (Lesotho)၊ နမီးဘီးယား (Namibia) နှင့် နိုက်ဂျာ (Ni–ger) တို့မှာမူ တိုးတက်မှု ကောင်းစွာ ရရှိနေရာမှ ဆုတ်ယုတ်လာသည်ကို တွေ့ရပါသည်။ ကာဘိုဗာ့ဒ် (Cabo Verde)သည် ၂၀၁၅ ခုနှစ်မတိုင်မီအထိ ပထမနေရာတွင် ရှိခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် အညွှန်းကိန်း ရမှတ် –၁.၉ မှတ် ကျဆင်းသဖြင့် ဒုတိယနေရာသို့ ရောက်ရှိသွားပြီး ယခုအထိ ဒုတိယနေရာတွင်ပင် ဆက်လက်ရှိနေပါသည်။

> **ဥပဒေပြုအဆင့်တွင် အာဖရိကတိုက် အမျိုးသမီးများ နိုင်ငံရေးအာဏာ ရရှိနိုင်မှုနှင့် ကိုယ်စားပြုမှု နယ်ပယ်၌ အာဖရိကတိုက်၏ အခြေအနေမှာ လွန်ခဲ့သော ဆယ်နှစ်နှင့် နှိုင်းယှဉ်ပါက တိုးတက်ကောင်းမွန်လာပြီး ၂၀၁၅ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် အကြားတွင် တိုးတက်မှု နှုန်းမှာ နှစ်ဆနီးပါး မြင့်တက်လာပါသည်။**

ဥပဒေပြုအဆင့်တွင် အာဖရိကတိုက် အမျိုးသမီးများ နိုင်ငံရေးအာဏာ ရရှိနိုင်မှုနှင့် ကိုယ်စားပြုမှု နယ်ပယ်၌ အာဖရိကတိုက်၏ အခြေအနေမှာ လွန်ခဲ့သော ဆယ်နှစ်နှင့် နှိုင်းယှဉ်ပါက တိုးတက်ကောင်းမွန်လာပြီး ၂၀၁၅ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် အကြားတွင် တိုးတက်မှု နှုန်းမှာ နှစ်ဆနီးပါး မြင့်တက်လာပါသည်။ ၁၉၆၀ ခုနှစ်တွင် လွှတ်တော်ကိုယ်စားလှယ်များအနက် အမျိုးသမီးများ ၁% သာ ရှိခဲ့ရာမှ ယခုအခါ ၂၀% ကျော် ရှိလာပါသည်။

နိုင်ငံအဆင့်တွင် ရဝမ်ဒါနိုင်ငံ (Rwanda) သည် လွှတ်တော်၌ အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် ပါဝင်မှု အများဆုံး ၆၁.၂၅% ဖြင့် ရှေ့ဆောင်လမ်းပြနေရာတွင် ရှိနေပြီး အာဖရိကတိုက်တွင်သာမက တစ်ကမ္ဘာလုံးတွင် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ပထမအဆင့် ဖြစ်ပါသည်။ တောင်အာဖရိက (South Africa) နှင့် ဆီနီဂေါ (Senegal) နိုင်ငံတို့တွင်လည်း တိုးတက်မှုများ ရှိခဲ့ပြီး လွှတ်တော်တွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ အရေအတွက် အချိုးအစားမှာ ၄၆.၃၅% နှင့် ၄၃.၀၃% အသီးသီး ရှိပါသည် (IPU n.d.)။ အယ်ဂျီးရီးယား (Algeria)၊ ကင်ညာ (Kenya) နှင့် ဆိုမာလီယာ (Somalia) နိုင်ငံများတွင် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း လွှတ်တော်တွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ကိုယ်စားပြု ပါဝင်မှု သိသာစွာ တိုးတက်များပြားလာ

သော်လည်း ကိုမိုရို့စ် (Comoros) နှင့် နိုက်ဂျီးရီးယား (Nigeria) နိုင်ငံများမှာမူ အမျိုးသမီးကိုယ်စားပြုမှု အနည်းဆုံးဖြစ်သည့် နောက်ဆုံး ၄ နိုင်ငံတွင် အမြဲတစေ ပါဝင်လျက် ရှိပါသည်။ စင်စစ် ၂၀၁၆ ခုနှစ်အထိ ကိုမိုရို့စ် (Comoros) လွှတ်တော်တွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် တစ်ဦးမျှ မရှိပါ။ ဆေးရှဲ (Seychelles) နှင့် ဘာကီနာဖာဆို (Burkina Faso) တို့မှာ အမျိုးသမီး ကိုယ်စားပြုမှု ကောင်းမွန်ခဲ့သော်လည်း ယခုအခါ ကျဆင်းသွားပါသည်။

ယေဘုယျအားဖြင့် အာဖရိကနိုင်ငံများ၏ တရားစီရင်ရေးတွင် အမျိုးသမီးများ လုံလောက်စွာ ကိုယ်စားပြု ပါဝင်ရေး ဆောင်ရွက်ချက်မှာ အခြားသော အစိုးရ ကဏ္ဍများနှင့် နှိုင်းယှဉ်လျှင် အားတက်ဖွယ်ရာ ဖြစ်ပါသည်။ တရားစီရင်ရေးကဏ္ဍတွင်လည်း အာဖရိကတိုက် တောင်ပိုင်းမှ နိုင်ငံများကပင် ဦးဆောင်လျက်ရှိပြီး အာဖရိကတိုက်မြောက်ပိုင်းမှ နိုင်ငံများမှာ နောက်ကျကျန်ရစ်လျက်ရှိပါသည်။ ဆယ်စုနှစ်ကာလအတွင်း အာဖရိကတိုက်အရှေ့ပိုင်း နိုင်ငံများလည်း တိုးတက်မှုများ ရှိလာပါသည်။ ၂၀၁၀–၂၀၁၃ ခုနှစ်များက ရှေ့ဆောင်လမ်းပြ ဖြစ်ခဲ့သော အာဖရိကတိုက် အနောက်ပိုင်းမှ နိုင်ငံများမှာမူ ၂၀၁၄ ခုနှစ်မှ စ၍ ပြန်လည် ကျဆင်းသွားပါသည်။ တိုးတက်မှုမြင့်မားသော နိုင်ငံများတွင် အင်ဂိုလာ (Angola)၊ ဂါဘွန် (Gabon)၊ လိုက်ဘေးရီးယား (Liberia)၊ မောရစ်ရှပ်စ် (Mauritius)၊ ရဝမ်ဒါ (Rwanda)၊ တူနီးရှား (Tunisia)၊ ဇမ်ဘီယာ (Zambia) နှင့် ဇင်ဘာဘွေ (Zimbabwe) တို့ ပါဝင်ပါသည်။ ယင်းနိုင်ငံများအားလုံးသည် တရားစီရင်ရေး ကဏ္ဍ အမြင့်ဆုံး အပိုင်းတွင် အမျိုးသမီး ၃၃% ပါဝင်စေရေး လျာထားချက်ကို လွန်ခဲ့သော ဆယ်စုနှစ်အတွင်း ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့သော် ကိုမိုရို့စ် (Comoros)၊ အီကွေတာဂီနီ (Equatorial Guinea)နှင့် ဂီနီဘီဆော (Guinea–Bissau) ကဲ့သို့သော နိုင်ငံများသည် တရားစီရင်ရေးကဏ္ဍ အမြင့်ဆုံး အပိုင်းတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်စေရေး ဆောင်ရွက်ရာတွင် အားနည်းခဲ့ပါသည်။

## ၄–၃ လူငယ်များ ကိုယ်စားပြုမှုနှင့် လူငယ်များ ပါဝင်ဆောင်ရွက်မှု

ကမ္ဘာတစ်ဝန်းတွင် လွှတ်တော်ကိုယ်စားလှယ်များအနက် ၃၀.၂% သာလျှင် အသက် ၄၅ နှစ်အောက် ဖြစ်ပြီး အသက် ၃၀ အောက် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်မှာ ၂.၆% သာ ရှိပါသည်။ ယင်း ၂.၆% မှာ ၂၀၁၈ ခုနှစ်ကထက် ဝ.၄% မြင့်တက်လာခြင်းဖြစ်သော်လည်း ကမ္ဘာ့လူဦးရေ ၅၀% မှာ အသက် ၃၀ အောက် ဖြစ်ပါသည်။ အာဖရိက လူငယ် ပဋိညာဉ် (African Youth Charter) တွင် လူငယ်ကို အသက် ၃၅ နှစ် မပြည့်သေးသူ အားလုံး ဟု အဓိပ္ပာယ်ဖော်ပြပါသည်။ ၂၀၂၀ ခုနှစ်တွင် 'အာဖရိကလူဦးရေ တစ်ဘီလီယံ နီးပါးမှာ အသက် ၃၅နှစ် အောက် ဖြစ်ပါသည် (မွေးစမှ ၁၄ နှစ် အထိ ၅၄၀.၈ သန်း၊ ၁၅ နှစ်မှ ၃၄ နှစ် အထိ ၄၅၄.၅ သန်း ဖြစ်ပါသည်)။ ကမ္ဘာပေါ်ရှိ လူငယ်အားလုံးအနက် ၂၂.၇% မှာ အာဖရိကတွင် ရှိပြီး (လူငယ်အားလုံးအနက် ၅၈.၀% ရှိသော) အာရှတိုက်ပြီးလျှင် လူငယ်အချိုးအစား ဒုတိယအများဆုံး ဖြစ်ပါသည်' (Rocca and Schultes 2020: 1)။ သို့သော် နိုင်ငံရေး ရာထူးတာဝန်များ ထမ်းဆောင်လျက်ရှိသူများအကြားတွင်

လူငယ်များ ကိုယ်စားပြုပါဝင်မှု နည်းပါးနေပါသည်။ ကမ္ဘာပေါ်ရှိ အသက် ၃၀ အောက် လွှတ်တော်ကိုယ်စားလှယ်များအနက် ၁.၈၂% နှင့် အသက် ၄၅ နှစ်အောက် လွှတ်တော်ကိုယ်စားလှယ်များအနက် ၂၉.၉၂% မှာ ဆဟာရ သဲကန္တာရအနီး အာဖရိကနိုင်ငံများမှ ဖြစ်ပါသည်။ အမျိုးသားနိုင်ငံရေးနှင့် ဆုံးဖြတ်ချက် ချမှတ်ခြင်းတို့တွင် လူငယ်များ ဘေးဖယ်ထားခံရခြင်းနှင့် ကိုယ်စားပြုပါဝင်မှုနည်းပါးခြင်း စိုးရိမ်ပူပန်ဖွယ်ရာ ဖြစ်ပါသည်။ နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့်များတွင် ဖွံ့ဖြိုးရေး စီမံကိန်းများ၌ လူငယ်များဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းရန်လိုအပ်ချက်ကို အလေးအနက်ဆောင်ရွက်ရန် ကြိုးပမ်းမှုများ ရှိပါသည်။ MDG များနှင့် SDG များတွင် အုပ်ချုပ်မှုနှင့် ဆုံးဖြတ်ချက် ချမှတ်ရာ၌ လူငယ်များ စွမ်းဆောင်နိုင်ရေးနှင့် ပါဝင်ဆောင်ရွက်ရေး လိုအပ်ချက်ကို အလေးအနက် ဖော်ပြထားပါသည်။

အာဖရိကတိုက် တစ်တိုက်လုံးအဆင့်တွင် အာဖရိကသမဂ္ဂ (AU) သည် အာဖရိကဖွံ့ဖြိုးရေး မိတ်ဘက်လုပ်ငန်းသစ် (New Partnership for Africa's Development) (NEPAD) လုပ်ငန်းအစီအစဉ် (Programme of Action) တွင် လူငယ်ကိစ္စရပ်များကို ဆောင်ရွက်ပါသည်။ မူဝါဒ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် လူငယ်များ ပါဝင်နိုင်ရန် အခွင့်အလမ်းများ ဖော်ထုတ်ပေးရန် လိုအပ်ချက်ကို အလေးအနက်ပြုပါသည်။ AU သည် အာဖရိက လူငယ်ပဋိညာဉ် (African Youth Charter) ချမှတ်ကျင့်သုံးခြင်းကိုလည်း အကျိုးရှိစွာ အသုံးပြုလျက်လူငယ်များ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်လာကြစေရေး စည်းရုံးလှုံ့ဆော်သည့် ဥပဒေပိုင်း လုပ်ငန်းတစ်ရပ်အဖြစ် ဆောင်ရွက်ပါသည်။ လူငယ်ပဋိညာဉ် အပိုဒ် ၁၁ တွင် လူငယ်များ ပါဝင်ဆောင်ရွက်ရေးဆိုင်ရာ နိုင်ငံတော်၏ တာဝန်များကို ဖော်ပြထားပါသည်။ လွှတ်တော်ရွေးကောက်ပွဲများတွင်လည်းကောင်း၊ လူ့အဖွဲ့အစည်း နယ်ပယ်အားလုံးတွင် ဆုံးဖြတ်ချက်ချမှတ်ရာ၌လည်းကောင်း၊ လူငယ်များ ပါဝင်ဆောင်ရွက်မှုရှိစေရေး အစိုးရများအနေဖြင့် အာမခံချက်ပေးရမည်ဟု ပြဋ္ဌာန်းချက်တွင် တာဝန်ပေးထားပါသည်။ အပိုဒ် ၂၃ တွင် လူ့အဖွဲ့အစည်း အဆင့်အားလုံး၌ မိန်းကလေးများနှင့် အမျိုးသမီးငယ်များ အားလုံး တန်းတူညီမျှ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရေး အစီအမံများ ဆောင်ရွက်ပေးရန် အစိုးရများကို အတိအလင်း တာဝန်ပေးအပ်ထားပါသည်။ သို့ဖြစ်၍ လူငယ်များ၊ မိန်းကလေးများနှင့် အမျိုးသမီးငယ်များသည် နိုင်ငံရေးတွင် အပြည့်အဝ ပါဝင်ဆောင်ရွက်နိုင်ပြီး အများပြည်သူနှင့် ပြည်သူလူထုဆိုင်ရာ လုပ်ငန်းတာဝန်များတွင် ဆုံးဖြတ်ချက် ချမှတ်မှုအားလုံး၌ ပါဝင်ခွင့်ရရှိရန် အစိုးရများက ဆောင်ရွက်ပေးရပါမည်။ လူငယ်များ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်စေရန်နှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ထည့်သွင်းရန် အတိအလင်း ပြဋ္ဌာန်းထားပြီး အဓိပ္ပာယ်သက်ရောက်ရုံမျှ မဟုတ်ပါ။

အာဖရိကသမဂ္ဂ (AU) သည် နိုင်ငံရေး ဆွေးနွေးမှုများတွင် လူငယ်များ ပါဝင်ရန် နှိုးဆော်သည့်အနေဖြင့် ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ် အထိ လူငယ် စွမ်းဆောင်နိုင်ရေးနှင့် ဖွံ့ဖြိုးရေး ဆယ်နှစ်လုပ်ငန်းစီမံကိန်းကို ချမှတ်ဆောင်ရွက်သည့်အပြင် AU လူငယ် စေတနာ့ဝန်ထမ်း တပ်ဖွဲ့ အစီအစဉ်ကို အကောင်အထည်ဖော်လျက် အာဖရိကလူငယ်နေ့ အခမ်းအနားများလည်း ကျင်းပပြုလုပ်ပါသည်။ အထူးသဖြင့် အာဖရိကတိုက် အနောက်ပိုင်းဒေသတွင် အမျိုးသားနိုင်ငံရေးနှင့် ဒေသန္တရနိုင်ငံရေးတို့တွင် လူငယ်များ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြစေရေး အားပေးသည့် ကြိုးပမ်းမှုများကို အထူးသဖြင့် တွေ့ရှိရပါသည်။ ဥပမာ မာနိုမြစ် သမဂ္ဂ (Mano River Union) ကဲ့သို့ လုပ်ငန်းဆောင်ရွက်မှုများ ဖြစ်ပါသည်။ အာဖရိကတိုက် အနောက်ပိုင်းဒေသ တစ်ဝန်းတွင် လူငယ်

လွှတ်တော် အဖွဲ့ခွဲများလည်း အနှံ့အပြား တည်ရှိပြီး ငြိမ်းချမ်းရေးဆိုင်ရာနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများ လုပ်ဆောင်ရန် တည်ထောင်ထားခြင်း ဖြစ်ပါသည်။ လုပ်ငန်းများတွင် လူငယ်များ ပါဝင်ဆောင်ရွက်ကြစေရေး နှိုးဆော်ရန် ရေဒီယိုအစီအစဉ်များ ထုတ်လွှင့်ခြင်း၊ ရွေးကောက်ပွဲကာလ နိုင်ငံရေး ဆူပူမှု ကဲ့သို့သော မိမိတို့ နယ်မြေဒေသအတွင်း စိုးရိမ်ပူပန်ဖွယ်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြေညာချက် ထုတ်ပြန်ခြင်း များ လုပ်ဆောင်ကြပါသည်။

နိုင်ငံရေး ဆွေးနွေးပြောဆိုမှုများတွင် လူငယ်များ ပါဝင်ဆောင်ရွက်ရေး အားပေးမြှင့်တင်ရန် အာဖရိကတိုက်၌ ကြိုးပမ်းအားထုတ်မှုများနှင့် စပ်လျဉ်း၍ အာဖရိကလူငယ်လွှတ်တော် (African Youth Parliament) (AYP) ကိုလည်း ထည့်သွင်း ဖော်ပြရမည်သာ ဖြစ်ပါသည်။ AYP သည် ‘အာဖရိက တစ်တိုက်လုံးတွင် ကွန်ရက်ဖြန့်ကျက် ဖွဲ့စည်းထားပြီး အာဖရိက နိုင်ငံပေါင်း ၅၉ နိုင်ငံမှ လူငယ်လူရွယ် ခေါင်းဆောင်များ၊ ငြိမ်းချမ်းရေး တည်ဆောက်သူများနှင့် လူမှုရေး တက်ကြွလှုပ်ရှားသူများ ပါဝင်ကြလျက် အာဖရိကတိုက်၏ ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှု အခက်အခဲများကို လူငယ်များက အဖြေရှာပေးနိုင်ရေး အားပေးမြှင့်တင်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းများ လုပ်ဆောင်ပါသည်’ (The Communication Initiative Network 2011)။ AYP ၏ လုပ်ငန်းများတွင် ‘နိုင်ငံအသီးသီး၏ စီးပွားရေး၊ လူ့အဖွဲ့အစည်းများနှင့် အုပ်ချုပ်မှုတွင် လူငယ်များ ပါဝင်ဆောင်ရွက်မှု တိုးတက်စေရေး စွမ်းဆောင်နိုင်သည့် ပတ်ဝန်းကျင် ဖန်တီးပေးနိုင်မည့် မူဝါဒများ ချမှတ်ကျင့်သုံးရန် မဲဆွယ်စည်းရုံးခြင်း’ စသည်တို့ ပါဝင်ပါသည်။ ယင်းသို့ ကြိုးပမ်းဆောင်ရွက်မှုများ ရှိလင့်ကစား နိုင်ငံအသီးသီး၏ အစိုးရများနှင့် ဆုံးဖြတ်ချက် ချမှတ်ရေးတို့တွင် လူငယ်များ ကိုယ်စားပြု ပါဝင်မှုမှာ သိသာစွာ တိုးတက်မြင့်မားလာခြင်း မရှိပါ။

နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) အရ (IPU 2018) နမူနာကောက်ယူခဲ့သော အာဖရိကတိုက်ရှိ နိုင်ငံ ၃၆ နိုင်ငံအနက် ၁၃ နိုင်ငံ (ဘေနင် (Benin)၊ ကာဘိုဗာ့ဒ် (Cabo Verde)၊ ကင်မရွန်း (Cameroon)၊ ချဒ် (Chad)၊ အိုင်ဗရီကို့စ် (Côte d’Ivoire)၊ ဂါဘွန် (Gabon)၊ ဂါနာ (Ghana)၊ မိုဇမ်ဘစ် (Mozambique)၊ နမီးဘီးယား (Namibia)၊ နိုက်ဂျီးရီးယား (Nigeria)၊ ဆာအိုတိုမေနှင့် ပရန်ဆီ (São Tomé and Príncipe)၊ ဆီနီဂေါ (Senegal) နှင့် ဆေရှဲ (Seychelles)) တွင် အသက် ၃၀ အောက် လွှတ်တော်ကိုယ်စားလှယ်များ မရှိပါ။ ဂမ်ဘီယာ (Gambia) နိုင်ငံတွင်သာ အသက် ၃၀ အောက် လွှတ်တော်ကိုယ်စားလှယ် ၁၀% ကျော် ရှိပါသည်။ ကျန်ရှိသော နိုင်ငံများအနက် အများစုတွင် အသက် ၃၀ အောက် လွှတ်တော်ကိုယ်စားလှယ် ၁% သို့မဟုတ် ၂% မျှသာ ရှိပါသည်။ ဤတွေ့ရှိချက်များအရ လူငယ်များသည် မိမိတို့ နိုင်ငံများ၏ လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပါဝင်မှု နည်းပါးနေသည်ဟု သိနိုင်ပါသည်။ ကာဘိုဗာ့ဒ် (Cabo Verde)၊ အီသီယိုပီးယား (Ethiopia)၊ ဂမ်ဘီယာ (Gambia) နှင့် ဆေရှဲ (Seychelles) နိုင်ငံများတွင် လွှတ်တော်ကိုယ်စားလှယ် ၃၀% ကျော်မှာ အသက် ၄၀ အောက် ဖြစ်ပါသည်။ ဘူရွန်ဒီ (Burundi)၊ ရဝမ်ဒါ (Rwanda)၊ တူနီးရှား (Tunisia) နှင့် ယူဂန်ဒါ (Uganda) နိုင်ငံများတွင် လွှတ်တော်ကိုယ်စားလှယ် ၂၀% ကျော်မှာ အသက် ၄၀ အောက် ဖြစ်ပါသည် (IPU 2018)။

လွှတ်တော်တွင် လူငယ်လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့်နှုန်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီရခြင်းမှာ အကြောင်းအချက်အမျိုးမျိုးကြောင့် ဖြစ်နိုင်ပါသည်။ အချိုးကျကိုယ်စားပြု (PR) ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးသော နိုင်ငံများတွင် လူငယ်လွှတ်တော်ကိုယ်စားလှယ်

**လွှတ်တော်တွင် လူငယ်လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်သည့်နှုန်း တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီရခြင်းမှာ အကြောင်းအချက် အမျိုးမျိုးကြောင့် ဖြစ်နိုင်ပါသည်။ အချိုးကျ ကိုယ်စားပြု (PR) ရွေးကောက်ပွဲစနစ်ကို ကျင့်သုံးသော နိုင်ငံများတွင် လူငယ်လွှတ်တော် ကိုယ်စားလှယ်များ ပိုမို၍ ရှိတတ်ပါသည်။**

များ ပိုမို၍ ရှိတတ်ပါသည် (Stockemer and Sundström 2018)။ နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) ၏ ၂၀၁၈ ခုနှစ် လူငယ်များ ပါဝင်ဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံစာတွင် ရွေးကောက်ပွဲတွင် ရောနှောစနစ်ကို အသုံးပြုသော နိုင်ငံများမှာထက် PR စနစ်ကို အသုံးပြုသော နိုင်ငံများမှာ လူငယ်များ ရွေးကောက်တင်မြှောက်ခံရမည့် အလားအလာ နှစ်ဆပိုမိုများပြားပြီး မဲအများဆုံး ရရှိသူ အရွေးခံရသည့် first-past-the-post (FPTP) စနစ် အသုံးပြုသော နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ၁၅ ဆ မှ အဆ ၂၀ အထိ ပိုမိုများပြားသည်ဟု ဖော်ပြထားပါသည်။ ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံနိုင်သည့် အနိမ့်ဆုံး အသက်ကန့်သတ်ချက်ကို ဥပဒေတွင် ပိုမိုနိမ့်ကျစွာ သတ်မှတ်သော နိုင်ငံများတွင် အသက် ၄၅ နှစ်အောက် လွှတ်တော်ကိုယ်စားလှယ်အရေအတွက် ပိုမိုများပြားတတ်ကြောင်း လေ့လာချက်တွင် ကောက်ချက်ချထားပါသည် (Krook 2018)။

သို့ရာတွင် အချိုးကျ ကိုယ်စားပြု (PR) စနစ်များမှာ လူငယ်များ ပါဝင်မှု ရလဒ်ပိုမိုကောင်းမွန်သော်လည်း နိုင်ငံအသီးသီး၏ လွှတ်တော်များတွင် လူငယ်လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်မှုဆိုင်ရာ IPU ၏ နောက်ဆုံးထုတ်အစီရင်ခံစာတွင် အချိုးကျ ကိုယ်စားပြု (PR) စနစ်များနှင့် မဲအများဆုံးရရှိသူ အရွေးခံရသည့် first-past-the-post (FPTP) စနစ် နှစ်မျိုးလုံးသည် သူ့နည်းသူ့ဟန်ဖြင့် လူငယ်များ ပါဝင်မှုကို ကန့်သတ်သည်သာ ဖြစ်သည်ဟု ဖော်ပြထားပါသည်။ PR စနစ်များတွင် ပါတီစာရင်း၏ ထိပ်ဆုံးနေရာများ၌ လူကြိုက်များသော သို့မဟုတ် ပါတီအပေါ် သစ္စာရှိသော ပါတီဝင်များ နေရာရရှိတတ်ပြီး FPTP စနစ်တွင်မူ မဲရှုံးရန် အလားအလာများသည့် မဲဆန္ဒနယ်များ၌ လူငယ်များ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် ပါတီများက သတ်မှတ်ပေးလေ့ရှိပါသည်။

လူငယ်များ ဖယ်ထုတ်ခံရခြင်း ပြဿနာကို လူငယ်ခွဲတမ်းများ သတ်မှတ်ပေးခြင်းဖြင့် ထိရောက်စွာ ကုစားနိုင်ကြောင်း အစီရင်ခံစာတွင် အကြံပြုဖော်ပြထားပါသည် (IPU 2020)။ ယေဘုယျအားဖြင့် ခွဲတမ်း သုံးမျိုး ရှိပါသည်။ ပထမ အမျိုးအစားမှာ လူငယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် သီးသန့် လွှတ်တော်ကိုယ်စားလှယ်နေရာများ သတ်မှတ်ပေးခြင်းဖြင့် လူငယ်များ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ရန် အာမခံချက်ပေးပါသည်။ သာမန်အားဖြင့် ဥပဒေပြဋ္ဌာန်း၍ သီးသန့် လွှတ်တော်ကိုယ်စားလှယ်နေရာ သတ်မှတ်လေ့ရှိပြီး ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အစိတ်အပိုင်းအဖြစ် သတ်မှတ်ပါသည်။ ဒုတိယအမျိုးအစားမှာ လွှတ်တော်ကိုယ်စားလှယ်လောင်း ခွဲတမ်းများကို ဥပဒေပြဋ္ဌာန်း၍ သတ်မှတ်ပေးခြင်း ဖြစ်ပါသည်။ သာမန်အားဖြင့် ပါတီ၏ ကိုယ်စားလှယ်လောင်း စာရင်းတွင် အနည်းဆုံး လူငယ်အရေအတွက် မည်မျှ ပါဝင်ရမည်ဟု သတ်မှတ်ပါသည်။ နောက်ဆုံးအမျိုးအစားမှာ နိုင်ငံရေးပါတီများက ခွဲတမ်းများ သတ်မှတ်ခြင်း ဖြစ်ပါသည်။ ဥပဒေအရ သတ်မှတ်ချက်မဟုတ်ဘဲ ပါတီတစ်ခုချင်းအလိုက် ခွဲတမ်းသတ်မှတ်ပါသည်။ ဥပဒေအရ ခွဲတမ်းများ သတ်မှတ်ပေးထားခြင်းဖြင့် လွှတ်တော်ဖွဲ့စည်းတိုင်း အထက်ပါ ခွဲတမ်းစနစ် အမျိုးအစားများအရ လူငယ်လွှတ်တော်ကိုယ်စားလှယ်အသစ်များ ပါဝင်လာမည်ဖြစ်ခြင်းကြောင့် ဥပဒေအရ ခွဲတမ်းများ သတ်မှတ်ပေးရေးကို စနစ်တကျ အကောင်အထည်ဖော်ခြင်းသည် နိုင်ငံအသီးသီး၏ လွှတ်တော်များတွင် လူငယ်လွှတ်တော်ကိုယ်စားလှယ်များ ပိုမိုပါဝင်လာစေရေး ထိရောက်သည့် နည်းလမ်းတစ်ရပ်ဖြစ်သည်ဟု ယူဆရပါသည်။

ရွေးကောက်ခံ ရာထူးတာဝန်များအတွက် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခွင့် ရရှိရန်

အသက်သတ်မှတ်ချက် ထည့်သွင်းထားခြင်းသည် လူငယ်ကိုယ်စားလှယ်လောင်းများအတွက် အဟန့်အတားဖြစ်ပါသည်။ ဥပမာ အာဖရိကနိုင်ငံအများစုတွင် လွှတ်တော်ရွေးကောက်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံခွင့်အတွက် အသက်သတ်မှတ်ချက်သည် မဲပေးနိုင်သည့် အသက်အရွယ်၊ လိင်ဆက်ဆံရန် သဘောတူညီနိုင်သည့် အသက်အရွယ်၊ ပြစ်မှုကျူးလွန်ခြင်းအတွက် အပြစ်ပေးခံရမည့် အသက်အရွယ် သို့မဟုတ် အခြား လူမှုရေး သို့မဟုတ် ပြည်သူလူထု တာဝန်များ ထမ်းဆောင်ရမည့် အသက်အရွယ် သတ်မှတ်ချက်များထက် သာမန်အားဖြင့် ပိုမိုမြင့်မားပါသည် (Van Gyampo and Anyidoho 2019)။ ဆီယယ်ရာလီယွန်း (Sierra Leone) နှင့် ဂါနာ (Ghana) တွင် ၂၁ နှစ်၊ နိုက်ဂျီးရီးယား (Nigeria)တွင် အသက် ၃၀၊ ကင်ညာ (Kenya) နှင့် မိုဇမ်ဘစ် (Mozambique) တွင် ၁၈ နှစ် သတ်မှတ်ထားပါသည်။ မဲပေးနိုင်သည့် အသက်အရွယ်ထက် လွှတ်တော် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံနိုင်သည့် အသက်အရွယ်ကို မြှင့်၍ သတ်မှတ်ထားခြင်းသည် သက်ရောက်မှုအားဖြင့် လူငယ်အများအပြား ရွေးကောက်ခံ ရာထူးတာဝန်များ မထမ်းဆောင်နိုင်ရန် အဟန့်အတားဖြစ်စေပါသည်။

အာဖရိကတိုက်တွင် ရွေးကောက်ပွဲများ၌ ယေဘုယျအားဖြင့် လူငယ်များ ပါဝင်မှု နည်းပါးသည်ဟု လေ့လာချက်များမှ တွေ့ရှိရသော်လည်း (Resnick and Casale 2011 ကို ကြည့်ပါ) ပိုင်းခြား၍ ကြည့်ပါက မတူညီမှုများ ရှိပါသည်။ အာဖရိကတိုက်တွင် အသက် ၂၆ နှစ်မှ ၃၅ နှစ်အထိ လူငယ်များသည် နိုင်ငံရေးလုပ်ငန်းစဉ်တွင် တက်ကြွစွာ ပါဝင်လေ့ရှိပြီး အသက် ၁၈ နှစ်မှ ၂၅ နှစ်အထိ လူငယ်များမှာမူ နိုင်ငံရေးတွင် ပါဝင်မှုအနည်းဆုံးဖြစ်ပါသည်။ အသက် ၁၈ နှစ်မှ ၂၅ နှစ်အထိ လူငယ်များ လာရောက်မဲပေးသည့် အချိုးအစားမှာ ၄၆% ဖြစ်ပြီး အသက် ၂၆ နှစ်မှ ၃၅ နှစ်အထိ လူငယ်များ လာရောက်မဲပေးသည့် အချိုးအစားမှာ ၇၄% ဖြစ်ပါသည်။ ထို့မျှမက အသက် ၂၆ နှစ်မှ ၃၅ နှစ်အထိ လူငယ်များသည် အသက် ၁၈နှစ်မှ ၂၅ နှစ်အထိ လူငယ်များထက် ပိုမို၍ ရပ်ရွာအသိုက်အဝန်း အစည်းအဝေးများ တက်ရောက်လေ့ရှိပြီး ရပ်ရွာအသိုက်အဝန်းအတွင်း ကိစ္စရပ်များကိုလည်း ဖော်ထုတ်ဆွေးနွေးလေ့ရှိပါသည်။

အစိုးရတွင် လူငယ်များ ကိုယ်စားပြု ပါဝင်မှု အားနည်းခြင်းမှာ ဤတွေ့ရှိချက်အရ လူငယ်များသည် နိုင်ငံအဆင့် ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံနိုင်သည့် အသက်အရွယ် မရောက်သေးပါက စိတ်ပါဝင်စားမှု မရှိကြဘဲ ပါဝင်ယှဉ်ပြိုင်အရွေးခံနိုင်သည့် အသက်အရွယ်ရောက်သောအခါ များစွာ ပိုမို၍ တက်တက်ကြွကြွ ပါဝင်လာကြသည်ဟု ယူဆရပါသည်။ ထို့အပြင် အာဖရိကတိုက်တွင် လူငယ်များ အလုပ်လက်မဲ့ဖြစ်သည့် အရေအတွက် များပြားခြင်းကြောင့် ပိုမို၍ အသက်ကြီးသော လူငယ်များသည် အုပ်ချုပ်မှုကိစ္စရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှု များပြားခြင်းသည် စီးပွားရေးအခြေအနေများကြောင့်လည်းကောင်း၊ စီးပွားရေးပြဿနာများကို အဖြေရှာရန် လိုအပ်ချက်ကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။ အသက် ၁၈ နှစ်မှ ၂၆ နှစ် အထိ အသက်အရွယ်မှာ အာဖရိကတိုက်ရှိ လူငယ်အများစု တက္ကသိုလ်ပညာ သင်ကြားသည့် အချိန်ကာလ ဖြစ်ခြင်းကြောင့်လည်း အထက်ပါအတိုင်း မတူညီမှုများ ဖြစ်ပေါ်နိုင်ပါသည်။

## ၄-၄ မသန်စွမ်းသူများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှု

မသန်စွမ်းသူများသည်လည်း ၎င်းတို့၏ အခွင့်အရေးများကို အသိအမှတ်ပြုသည့် ခေတ်သို့ မရောက်မီက ဘေးဖယ်ခံရခြင်းနှင့် ကိုယ်စားပြုမှု မရှိခြင်းတို့ကို ကာလကြာရှည် ကြုံတွေ့ခံစားခဲ့ရသူများဖြစ်ပါသည်။ မသန်စွမ်းသူများသည် ရွေးကောက်ပွဲ မတိုင်မီ၊ ရွေးကောက်ပွဲကာလအတွင်းနှင့် ရွေးကောက်ပွဲ ပြီးနောက် ၎င်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် အထူးအစီအမံများ လိုအပ်ပြီး မသန်စွမ်းမှု အမျိုးအစားပေါ် မူတည်၍ တစ်ဦးနှင့်တစ်ဦး လိုအပ်ချက်မတူညီဟု ဆိုလေ့ရှိပါသည်။ လွန်စွာ မှားယွင်းသော အဆိုဖြစ်ပါသည်။ မသန်စွမ်းအရေးလှုပ်ရှားမှုသည် ယေဘုယျအားဖြင့် အထူးအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို တောင်းဆိုခြင်းမဟုတ်ဘဲ အားလုံးနှင့် တန်းတူညီမျှ ထပ်တူညီသော အခြေခံအခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးနိုင်ရန်သာ ဖြစ်ပါသည်။ သို့ဖြစ်၍ မသန်စွမ်းမှု ပုံစံအမျိုးမျိုးရှိသည့် မသန်စွမ်းသူများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းဆိုသည်မှာ မသန်စွမ်းသူများ၏ အဖွဲ့အစည်းများတွင် ဝင်ရောက်ခြင်း၊ နိုင်ငံရေးပါတီတွင် ဝင်ရောက်ခြင်း၊ ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံခြင်း စသည်တို့ ပါဝင်နိုင်ပါသည်။

အာဖရိကတိုက်အဆင့်နှင့် နိုင်ငံအဆင့်တွင် သဘောတူစာချုပ်များနှင့် နောက်ဆက်တွဲသဘောတူစာချုပ်များ ချုပ်ဆိုလျက် မသန်စွမ်းသူများ၏ နိုင်ငံရေး အခွင့်အရေးများကို ထိန်းသိမ်းစောင့်ရှောက်ရန် ကြိုးပမ်းမှုများ ရှိပါသည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာလအထိ အာဖရိကတိုက်နိုင်ငံပေါင်း ၄၂ နိုင်ငံသည် မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် (UN Convention on the Rights of Persons with Disabilities) (CRPD) ကို လက်မှတ်ရေးထိုး အတည်ပြုပြီးဖြစ်ပါသည်။ အာဖရိကတိုက် နိုင်ငံအများစုက မသန်စွမ်းသူများအနေဖြင့် စိန်ခေါ်မှု အခက်အခဲများကို ရင်ဆိုင်ရကြောင်း ဝန်ခံသည်ကို ဖော်ပြနေခြင်းဖြစ်ပါသည်။ CRPD တွင် ပြဋ္ဌာန်းချက်အများအပြားဖြင့် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ အခွင့်အရေးကို အလေးအနက်ပြု ပြဋ္ဌာန်းပေးထားပါသည်။ CRPD အပိုဒ် ၂၉ တွင် မသန်စွမ်းမှု အမျိုးမျိုးရှိသည့် မသန်စွမ်းသူများအနေဖြင့် နိုင်ငံရေးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင်ရေး အခွင့်အရေးကို အကာအကွယ်ပေးရန် ရည်ရွယ်သော အစီအမံများကို ဖော်ပြထားပါသည်။ မဲပေးခွင့်နှင့် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခွင့်တို့ကို ကာကွယ်ပေးခြင်းဖြစ်ပါသည်။ CRPD ၏ အခြေခံဖြစ်သော အယူအဆသဘောတရား မူဘောင်တွင် ပါဝင်သည့် အထွေထွေမှု နှစ်ရပ်မှာ ခွဲခြားဆက်ဆံမှု မပြုရေးနှင့် အခွင့်အလမ်း တန်းတူညီမျှ ရရှိရေး တို့ ဖြစ်ပါသည်။

လူ့အခွင့်အရေးများနှင့် ပြည်သူလူထု အခွင့်အရေးများဆိုင်ရာ အာဖရိကကော်မရှင် (African Commission on Human and Peoples' Rights) သည် မသန်စွမ်းမှု အခွင့်အရေးများဆိုင်ရာ ကိစ္စရပ်များကို ပိုမို၍ အလေးအနက်ပြု ဆောင်ရွက်နိုင်ရန် သက်ကြီးများနှင့် မသန်စွမ်းသူများဆိုင်ရာ လုပ်ငန်းအဖွဲ့ (Working Group on Older Persons and People with Disabilities) ကို ၂၀၀၇ ခုနှစ် နိုဝင်ဘာလတွင် ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၄ ခုနှစ် မတ်လတွင် လုပ်ငန်းအဖွဲ့သည် အာဖရိကတိုက်ရှိ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ နောက်ဆက်တွဲ သဘောတူ

စာချုပ် မူကြမ်း ၂ (Draft II Protocol on the Rights of Persons with Disabilities in Africa) ကို ထုတ်ပြန်ခဲ့ပါသည်။ နောက်ဆက်တွဲ သဘောတူစာချုပ် အပိုဒ် ၁၆ တွင် မသန်စွမ်းသူများ သည် အခြားနိုင်ငံသားများနည်းတူ နိုင်ငံရေး နယ်ပယ်တွင် ပါဝင်ဆောင်ရွက်နိုင်ရေး တူညီ သည့် အခွင့်အလမ်း ရရှိစေရေး ဆောင်ရွက်ပေးရန် အာဖရိကသမဂ္ဂ (AU) အဖွဲ့ဝင်နိုင်ငံများ အား လုပ်ပိုင်ခွင့် အပ်နှင်းထားပါသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မသန်စွမ်းသူများ လွှတ်တော် အတွင်း ကိုယ်စားပြုပါဝင်နိုင်ရေးအတွက် နိုင်ငံအဆင့်နှင့် ဒေသန္တရအဆင့်တို့တွင် လွှတ်တော် ကိုယ်စားလှယ်နေရာ ၅% သီးသန့် သတ်မှတ်ပေးရန် ဖြစ်ပါသည်။ မသန်စွမ်းသူများ နိုင်ငံရေးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လာကြစေရေး အားပေးရန် အများပြည်သူ ပညာပေး အစီအစဉ်များ အကောင်အထည်ဖော်ရေးကိုလည်း အဖွဲ့ဝင်နိုင်ငံများအား တာဝန်ပေးထားပါသည်။

နောက်ဆက်တွဲသဘောတူစာချုပ်တွင် နိုင်ငံအသီးသီးရှိ နိုင်ငံရေးပါတီများအနေဖြင့် မသန်စွမ်းသူများ နိုင်ငံရေးတွင် ပါဝင်လာစေရေး အားပေးရန်အလို့ငှာ နိုင်ငံရေးပါတီအဆင့် တွင် သီးသန့် နေရာများ သတ်မှတ်ပေးရန်နှင့် ၎င်းတို့လိုအပ်သော အကူအညီများကို ပေးအပ် ရန် လုပ်ပိုင်ခွင့် အပ်နှင်းထားပါသည်။ မဲပေးရာတွင် လျှို့ဝှက်မဲစနစ် စီစဉ်ဆောင်ရွက်ပေးရန် လည်း နိုင်ငံရေးပါတီများကို တာဝန်ပေးပါသည်။ သို့ရာတွင် မသန်စွမ်းသူများ ဘေးဖယ်ခံရ မှု အဆုံးသတ်စေရေး ယင်းပြဋ္ဌာန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်လျက် အာဖရိကသမဂ္ဂ (AU) အနေဖြင့် စောင့်ကြည့်စစ်ဆေးရန် အခက်အခဲများ ရှိပါသည်။

## ၄-၅ ဒုက္ခသည်များ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှု

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UN High Commission for Ref- ugees) အစီရင်ခံစာအရ (UNHCR 2021) ၂၀၂၀ ခုနှစ် နှစ်ကုန်တွင် ဖိနှိပ်မှု၊ ပဋိပက္ခဖြစ်မှု၊ အကြမ်းဖက်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများ သို့မဟုတ် အများပြည်သူ ငြိမ်ဝပ်ပိပြားမှုကို ပျက်ပြားစေသော ဖြစ်ရပ်များကြောင့် ကမ္ဘာတစ်ဝန်းတွင် နေရပ်စွန့်ခွာရသူ ၈၂.၄သန်း ရှိပါသည်။ ၄၈.၀ သန်းမှာ ပြည်တွင်းတွင် နေရပ်စွန့်ခွာရသူ (IDP) များဖြစ်ပြီး ၂၆.၄ သန်းမှာ ဒုက္ခသည် များဖြစ်ပါသည်။ နောက်ထပ် ၄.၁ သန်းမှာ ခိုလှုံခွင့် တောင်းခံထားသူများ ဖြစ်ပါသည်။ ယင်း ပြည်တွင်းနေရပ်စွန့်ခွာရသူများအနက် ၁၁.၁ သန်းမှာ အာဖရိကတိုက် ဆဟာရသဲကန္တာရအနီး ဒေသများမှ ဖြစ်ပါသည်။ ကမ္ဘာတစ်ဝန်း နေရာအနှံ့ ဒုက္ခသည် ၂၆.၄ သန်း ရှိရာ အများအပြားမှာ နိုင်ငံရေး ကိုယ်စားပြုမှု မရရှိကြဘဲ ဒုက္ခသည်များဖြစ်ခြင်းကြောင့် ၎င်းတို့အပေါ်သက်ရောက်မှုရှိ မည့် ဆုံးဖြတ်ချက်များ အပါအဝင် ဆုံးဖြတ်ချက်အသီးသီး ချမှတ်ရာတွင်ပင် ပါဝင်နိုင်ခြင်းလည်း မရှိပါ။

ဒုက္ခသည်များကို စောင့်ရှောက်ခြင်းနှင့် အကာအကွယ်ပေးခြင်းဆိုင်ရာ မူဝါဒပိုင်း အခြေ အတင် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်နေဆဲဖြစ်ပြီး လူအများအပြား အစမ္မ ရွှေ့ပြောင်းသွားလာ ရခြင်းကြောင့် ဖြစ်ပေါ်လာသည့် လူသားချင်းစာနာရေး၊ လူမှုရေးနှင့် စီးပွားရေး သက်ရောက်မှုများ ကို အဓိက ဆွေးနွေးကြသည်။ သို့ဖြစ်၍ အိမ်ရှင်နိုင်ငံများနှင့် မူရင်းနိုင်ငံများတွင် ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်များအတွင်း ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများ ပြည်သူလူထု

**ပါဝင်ဆောင်ရွက်နိုင်စေရေး ကူညီပံ့ပိုးမှုရှိသည့် နေရာများတွင် ဒုက္ခသည်များသည် အိမ်ရှင်နိုင်ငံများနှင့် မူရင်းနိုင်ငံများ၏ နိုင်ငံရေးဖြစ်စဉ်များအပေါ် သက်ရောက်မှုရှိစေရန် လုပ်ဆောင်နိုင်သည့် အလားအလာ ရှိပါသည်။**

အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်မှုနှင့် နိုင်ငံရေး ပါဝင်ဆောင်ရွက်နိုင်မှုဆိုင်ရာ ကိစ္စရပ်များကို လေ့လာဆွေးနွေးမှု နည်းပါးလျက်ရှိပါသည် (International IDEA n.d.a)။ ပါဝင်ဆောင်ရွက်နိုင်စေရေး ကူညီပံ့ပိုးမှုရှိသည့် နေရာများတွင် ဒုက္ခသည်များသည် အိမ်ရှင်နိုင်ငံများနှင့် မူရင်းနိုင်ငံများ၏ နိုင်ငံရေးဖြစ်စဉ်များအပေါ် သက်ရောက်မှုရှိစေရန် လုပ်ဆောင်နိုင်သည့် အလားအလာ ရှိပါသည်။ ဒုက္ခသည်များသည် အိမ်ရှင် ရပ်ရွာအသိုက်အဝန်းများတွင် ပေါင်းစည်းပါဝင် နေထိုင်နိုင်ရန် ပြောင်းလဲရသည့်တစ်ချိန်တည်းမှာပင် မူရင်းနိုင်ငံများနှင့်လည်း အဆက်အသွယ်မပြတ် နေကြပါသည်။ ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများသည် အိမ်ရှင်နိုင်ငံနှင့် မူရင်းနိုင်ငံတွင်ပါ နိုင်ငံရေးဆောင်ရွက်သူများအဖြစ် အခန်းကဏ္ဍ နှစ်ရပ် ပါဝင်နိုင်ကြောင်း အသိအမှတ်ပြုလျက် ဆောင်ရွက်ပေးသင့်ပါသည်။ ကုလသမဂ္ဂနှင့် အာဖရိကသမဂ္ဂ (AU) တို့၏ ဒုက္ခသည် အကာအကွယ်ပေးရေး အဓိက စာချုပ်စာတမ်းများတွင် လစ်ဘရယ် (လွတ်လပ်မှုနှင့် အခွင့်အရေး ပဓာန) ချဉ်းကပ်ပုံကို ပြဋ္ဌာန်းထားလင့်ကစား နိုင်ငံရေး လုပ်ဆောင်မှုများတွင် ဒုက္ခသည်များ ပါဝင်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ အိမ်ရှင်နိုင်ငံများ၏ ချဉ်းကပ်ပုံနည်းလမ်းမှာ အမျိုးမျိုး ရှိပါသည်။

အိမ်ရှင်နိုင်ငံများတွင် ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များအတွင်း ဒုက္ခသည်များ၏ နိုင်ငံရေးပါဝင်ဆောင်ရွက်မှုဆိုင်ရာ အခွင့်အရေးကို တစ်စိတ်တစ်ဒေသ သတ်မှတ်ပေးသည့်အနေဖြင့် ထင်ရှားသော အဓိက စာချုပ်စာတမ်း နှစ်ရပ် ရှိပါသည်။ ယင်းတို့မှာ ၁၉၅၁ ခုနှစ် ဒုက္ခသည်များ၏ အဆင့်အတန်းဆိုင်ရာ သဘောတူစာချုပ် (1951 Convention relating to the Status of Refugees)နှင့် ယင်း၏ ၁၉၆၇ ခုနှစ် နောက်ဆက်တွဲ သဘောတူစာချုပ် (1967 Protocol) နှင့် အာဖရိက တိုက်ရှိ ဒုက္ခသည်ပြဿနာ အပိုင်းကဏ္ဍအသီးသီးအတွက် လိုက်နာရမည့် အာဖရိက ညီညွတ်ရေး အဖွဲ့ သဘောတူစာချုပ် ၁၉၆၉ ခုနှစ် (1969 Organization of African Unity Convention Governing the Specific Aspects of Refugee Problems in Africa) တို့ ဖြစ်ပါသည်။ ဒုက္ခသည်များသည် အိမ်ရှင်နိုင်ငံများတွင် နိုင်ငံရေး ပါဝင်ဆောင်ရွက်နိုင်မှု အတိုင်းအတာ မည်မျှ ရှိသင့်ကြောင်း အငြင်းပွားမှုများ ရှိပါသည်။ နိုင်ငံရေးထင်မြင်ချက်ရှိခြင်းနှင့် နိုင်ငံရေးထင်မြင်ချက်ကို ထုတ်ဖော်ခြင်းဆိုင်ရာ အခွင့်အရေးမှာ အခြေခံအခွင့်အရေးတစ်ရပ်ဖြစ်ပြီး ယင်းအခွင့်အရေးအပါအဝင် အခွင့်အရေးများကို ဖိနှိပ်ခြင်းကြောင့် ဖိနှိပ်မှုနှင့် ဒုက္ခသည်အခြေအနေတို့ ပေါ်ပေါက်ရခြင်းဖြစ်လေရာ ယင်းသို့သော အငြင်းပွားမှုများမှာ ပြဿနာအစ မူလအရင်းအမြစ်နှင့် ဆင်တူရိုးမှားပင် ဖြစ်ပါသည်။ အဓိကအရေးပါသော စာချုပ်စာတမ်း နှစ်ရပ်မှာ ဒုက္ခသည်များ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာ မပါရှိပါ။ သို့ဖြစ်ရကား နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံ၏ တာဝန်ဆိုင်ရာ ဓလေ့ထုံးတမ်း နိုင်ငံတကာဥပဒေတို့ကိုသာ ကိစ္စအဝဝ အတွက် အားကိုးအားထားပြုရပါသည်။ ထိုအရင်းအမြစ် နှစ်ရပ်လုံးတွင် နိုင်ငံသားများနှင့် ဒုက္ခသည်များ အပါအဝင် နိုင်ငံခြားသားများကို ခွဲခြားသတ်မှတ်ထားပါသည်။

တဖန် အရေးပါသည့် ပြဋ္ဌာန်းချက်တစ်ရပ်မှာ ပြည်သူလူထုအခွင့်အရေးနှင့် နိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာပဋိညာဉ် (ICCPR) အပိုဒ် ၂၅ (ခ) ဖြစ်ပါသည်။ ယင်းပြဋ္ဌာန်းချက် အရ မည်သူမဆို တန်းတူညီမျှ မဲပေးခွင့်ရှိပြီး ဥပဒေနှင့်အညီ ပုံမှန်ကျင်းပသည့် ရွေးကောက်ပွဲများတွင် မဲပေးရန်နှင့် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် အခွင့်အရေးများကို နိုင်ငံသားများအတွက် သတ်မှတ်ထားပါသည်။ အားလုံး မည်သူမဆို မဲပေးခွင့်ရှိသော်လည်း အပိုဒ် ၂၅ (ခ) အရ 'ကြောင်းကျိုးဆီလျော်သော ကန့်သတ်ချက်များ'ကို ခွင့်ပြုပါသည်။ မဲပေးခွင့်ကို နိုင်ငံသားများအတွက်သာ

ကန့်သတ်ခြင်းသည် ၁၉၅၁ ခုနှစ် ဒုက္ခသည် သဘောတူစာချုပ် အတည်ပြုစဉ်က အများလက်ခံ ထားသည့် လူတစ်ဦးနှင့် ၎င်းနေထိုင်ရာ နိုင်ငံတို့အကြား လူမှုဆက်စပ်မှုကို အလေးအနက်ပြု ခြင်း ဖြစ်နိုင်ပါသည်။ ယင်းသို့သော ကန့်သတ်ချက်၏ ကြောင်းကျိုးဆီလျော်မှု အတိုင်းအတာနှင့် ယင်းအတိုင်းအတာကို သတ်မှတ်ရန် အခွင့်အရေးကို နိုင်ငံအသီးသီးအား ပေးအပ်ထားပါသည်။ ဒုက္ခသည်များ နိုင်ငံသားရရှိရေးအတွက် နိုင်ငံသားပြုမှု လုပ်ငန်းစဉ်များနှင့် နိုင်ငံသားပြုခွင့်ရရှိ ရန် အရည်အချင်းသတ်မှတ်ချက်များကိုလည်း သက်ဆိုင်ရာ နိုင်ငံများကို ချမှတ်ခွင့်ပြုထား ပါသည်။ ပညာရှင် စာအုပ်စာတမ်းများတွင်လည်းကောင်း၊ အားလုံး မဲပေးခွင့် ရှိရေးမူ ပေါ်ပေါက် လာသည့် ဖြစ်စဉ်တွင်လည်းကောင်း သတိမူဖွယ်ရာ အချက်မှာ မဲပေးခွင့် ကန့်သတ်ချက်များ ထက် ရွေးကောက်ခံ ရာထူးတာဝန် ရယူခွင့် ကန့်သတ်ချက်များက များစွာ ပိုမို ကျယ်ပြန့်များပြား ခြင်း ဖြစ်ပါသည် (Novak 2005: p. 578)။ ဒုက္ခသည်များသည် ဒေသန္တရအဆင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တရားနည်းလမ်းကျ အကျိုးစီးပွား ပါဝင်ပတ်သက်နေခြင်းကြောင့် ဥပမာအားဖြင့် ဒေသန္တရ ရွေးကောက်ပွဲများတွင် နယ်မြေဒေသတွင်း နေထိုင်လျက်ရှိသည့် နိုင်ငံခြားသားများကို မဲပေးခွင့်ပြုရေး နိုင်ငံများကို အားပေးသင့်ပါသည်။ အခြားသော အလားတူ လုပ်ငန်းများကိုလည်း လေ့လာဖော်ထုတ်ဆောင်ရွက်နိုင်ပါသည်။

ဒုက္ခသည်များ သို့မဟုတ် ခိုလှုံခွင့်တောင်းခံသူများသည် မဲပေးခွင့် သို့မဟုတ် နိုင်ငံရေး ရာထူးတာဝန်အတွက် အရွေးခံခွင့် ရရှိသည့်တိုင် ယင်းအခွင့်အရေးများကို မကျင့်သုံးခြင်းများ ရှိနိုင် ပါသည်။ နိုင်ငံသားပြုထားသူများသည် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များအတွင်း နိုင်ငံရေးပါဝင်ဆောင် မှုမှာ မွေးဖွားစဉ်ကပင် နိုင်ငံသားဖြစ်သူများနှင့် နှိုင်းယှဉ်ပါက နည်းပါးကြောင်း Ruedin (2017) က ဆိုပါသည်။ ထို့ပြင်မက ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များအကြားတွင်လည်း ဇာတိ နိုင်ငံသားများသာ များပြားပြီး ရွှေ့ပြောင်းလာသည့်သူမှ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ် ဖြစ်လာသူများ အချိုးအစားမှာ သိသာစွာ နည်းပါးပါသည် (Bloemraad 2013; Morales–diez De ulzu, Morales and Giugni 2016)။ ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ ရရှိသော်လည်း နိုင်ငံရေး တွင် ပါဝင်ဆောင်ရွက်မှု အဆင့် မတူညီရခြင်း အကြောင်းများကို မေးခွန်းထုတ်ဖွယ်ရာ ဖြစ်ပါသည်။

ဒုက္ခသည်များသည် နိုင်ငံသားဖြစ်ခြင်း မဖြစ်ခြင်း သို့မဟုတ် ဥပဒေအဆင့်အတန်း မည်သို့ပင် ရှိစေကာမူ ရွေးကောက်ပွဲ လုပ်ငန်းစဉ်များတွင် တရားဝင် ပါဝင်ခွင့်ရှိခြင်းထက် ကျော်လွန်၍ အိမ်ရှင်နိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး ကိစ္စများတွင် ပါဝင်ပြောဆို နိုင်သည့် အခွင့်အလမ်းများ ရှိသင့်သည်ဟုလည်း မျှော်မှန်းပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ (UN Human Rights Council) သည် ၂၀၁၄ ခုနှစ်တွင် ဒုက္ခသည်များဆိုင်ရာ သုည မူကြမ်း (Zero Draft on Refugees)ကို ပြုစုခဲ့ပြီး ဒုက္ခသည်များ၊ အထူးသဖြင့် အမျိုးသမီး များနှင့် လူငယ်များကို အဓိက အရေးပါသော နိုင်ငံရေး ဆွေးနွေးပြောဆိုမှုများ၊ ဆုံးဖြတ်ချက် ချမှတ်မှုများနှင့် အင်စတီကျူးရှင်း(အဖွဲ့အစည်းစနစ်) များတွင် ပါဝင်စေရေး နိုင်ငံများနှင့် အကျိုးသက်ဆိုင်ပါဝင်သူ အသီးသီးကို တိုက်တွန်းခဲ့ပါသည်။ အန္တရာယ်ကင်းစွာ စနစ်တကျ စည်းမျဉ်းနှင့်အညီ ရွှေ့ပြောင်းသွားလာနေထိုင်မှု ဖြစ်စေရေး တစ်ကမ္ဘာလုံး သဘောတူညီ ချက် (Global Compact for Safe, Orderly and Regular Migration) သုညမူကြမ်း (Zero Draft) ပါ ဦးတည်ချက် ၁၆ တွင်လည်း ရွှေ့ပြောင်းသွားလာနေထိုင်သူများကို အိမ်ရှင်နိုင်ငံများ နှင့် လူ့အဖွဲ့အစည်းများအတွင်း လက်ခံမှုရှိရေး အထူးလိုအပ်သော အကြောင်းအချက်တစ်ရပ်

အဖြစ် ၎င်းတို့ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ပံ့ပိုးရမည်ဟု ဖော်ပြထားပါသည်။ ယင်းသို့ ပါဝင်ဆောင်ရွက်နိုင်သော ရွှေ့ပြောင်းသွားလာ နေထိုင်သူများသည် ထိုအခွင့်အရေးများ မရရှိသော ရွှေ့ပြောင်းသွားလာနေထိုင်သူများနှင့် နှိုင်းယှဉ်လျှင် စီးပွားရေး ကြွယ်ဝချမ်းသာမှုဖြစ်စေရေး ပိုမို၍ အထောက်အကူပြုနိုင်ကြောင်းလည်း မှတ်ချက်ပြုထားပါသည်။

ဥပဒေအရ ကန့်သတ်ထားခြင်းကြောင့် ဒုက္ခသည်များ တရားဝင် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ရန် မဖြစ်နိုင်ပါက ၎င်းတို့၏ အသံများကို ကြားသိနိုင်ရန် အလွတ်သဘော ချဉ်းကပ်ပုံများကို အသုံးပြုနိုင်ပါသည်။ တရားဝင် ပုံစံကျ နိုင်ငံရေး ပါဝင်ဆောင်ရွက်မှု မဟုတ်သော ချဉ်းကပ်ပုံများကို အသုံးပြုမည်ဆိုပါက အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များ၊ အတိုင်ပင်ခံအဖွဲ့များ သို့မဟုတ် ဆန္ဒထုတ်ဖော်ခြင်းများနှင့် အောက်ခြေအဆင့် လှုပ်ရှားမှုများကို ဒုက္ခသည်များအနေဖြင့် အသုံးပြုနိုင်ပါသည်။ ယင်းချဉ်းကပ်ပုံ အသီးသီးဖြင့်လည်း အိမ်ရှင်နိုင်ငံ၏ နိုင်ငံရေး ဖြစ်စဉ်အပေါ် သက်ဆိုင်မှုရှိသည့် အပေါင်းလက္ခဏာ သဘောဆောင်သော သက်ရောက်မှုများ ရှိနိုင်ပါသည်။

အခန်း ၅

# ဖြစ်ရပ်လေ့လာချက်များ

## ၅–၁ ရဝမ်ဒါနိုင်ငံ

ရဝမ်ဒါနိုင်ငံသည် နိုင်ငံသားများ အထူးသဖြင့် အမျိုးသမီးများနှင့် လူငယ်များအတွက် နိုင်ငံရေးတွင် အများပါဝင်ဆောင်ရွက်နိုင်စေရေးဆိုင်ရာ ကောင်းမွန်သော လုပ်ငန်းစဉ်များ ကျင့်သုံးရာတွင် အာဖရိကတိုက် စံနမူနာအဖြစ် ဆက်လက်တည်ရှိနေပါသည်။ အုပ်ချုပ်မှု လုပ်ငန်းစဉ်များတွင် နိုင်ငံသားများ ပါဝင်ဆောင်ရွက်မှု ရှိစေရေး အစီအမံများနှင့် စုဖွဲ့မှုများကို နှစ်ပေါင်းများစွာ အစိုးရအဆက်ဆက်က ချမှတ်ဆောင်ရွက်ခဲ့ကြပါသည်။ ရဝမ်ဒါအစိုးရသည် နိုင်ငံ၏ ရသုံးခန့်မှန်းခြေငွေစာရင်း (ဘတ်ဂျက်) ကို စီစဉ်ပြုစုရာတွင် နိုင်ငံသားများ ပါဝင်ဆောင်ရွက်ရေးအတွက် အစီအမံအသီးသီးကို အသုံးပြုပါသည်။ ခရိုင်တစ်ခုစီတွင် နိုင်ငံသားကိုယ်စားပြု ကောင်စီရှိပြီး ခရိုင်၏ ဘတ်ဂျက် အဆိုပြုချက်များကို ပြည်နယ်ကောင်စီထံ မပေးပို့မီ နိုင်ငံသားများအနေဖြင့် မိမိတို့၏ အသံနှင့် ထင်မြင်ချက်များကို ထိုကောင်စီတွင် ထုတ်ဖော်ပြသနိုင်ပါသည်။ ခရိုင်များမှ ဘတ်ဂျက်အဆိုပြုချက်များကို ပြည်နယ်ကောင်စီသို့ ပေးပို့ပြီး ပြည်နယ်အဆင့်တွင်လည်း နိုင်ငံသားများ ကိုယ်စားပြု ပါဝင်မှု ကောင်းမွန်ပါသည်။

ရဝမ်ဒါနိုင်ငံသည် နိုင်ငံသားများ အထူးသဖြင့် အမျိုးသမီးများနှင့် လူငယ်များအတွက် နိုင်ငံရေးတွင် အများပါဝင်ဆောင်ရွက်နိုင်စေရေးဆိုင်ရာ ကောင်းမွန်သော လုပ်ငန်းစဉ်များ ကျင့်သုံးရာတွင် အာဖရိကတိုက် စံနမူနာအဖြစ် ဆက်လက်တည်ရှိနေပါသည်။

ဤလုပ်ငန်းကွင်းဆက်အဆင့်ဆင့်တွင် လွှတ်တော်ကိုယ်စားလှယ်များလည်း အခန်းကဏ္ဍ ပါဝင်ဆောင်ရွက်ကြပြီး ပြည်သူလူထု၏ ထင်မြင်ချက်များကို ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့ပါသည်။ ဘဏ္ဍာရေးဌာနတွင် ယင်းထင်မြင်ချက်များကို စုစည်းပြုစုလျက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အသုံးပြုပါသည်။ Umuganda (အူမူဂန်ဒါ) ဟုခေါ်သော လစဉ် မလုပ်မနေရ ရှင်းလင်းဆွေးနွေးရေးလုပ်ငန်းများကိုလည်း နိုင်ငံသားများအနေဖြင့် လုပ်ဆောင်ရပါသည်။ ရပ်ရွာခေါင်းဆောင်များက အစည်းအဝေးတွင် နယ်ခံများ တင်ပြဆွေးနွေးသော ထင်မြင်ချက်များကို မှတ်တမ်းတင်ပြီး အထက် အဆင့် သက်ဆိုင်ရာသို့ တင်သွင်းပါသည်။ ဒေသခံလူထုနှင့်တွေ့ဆုံပွဲ (Town hall meeting) များလည်း ပြုလုပ်ပြီး ဘတ်ဂျက်နှင့် အခြား မူဝါဒရေးရာများနှင့် စပ်လျဉ်းသည့် မဟာဗျူဟာများကို ဆွေးနွေးကြပါသည်။

အမျိုးသမီးများကို ကိုယ်စားပြုမှုနှင့် စပ်လျဉ်း၍ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ၂၀၀၃ ခုနှစ် ရဝမ်ဒါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉ တွင် အစိုးရကဏ္ဍ သုံးရပ်လုံးတွင် အမျိုးသမီး

များ ကိုယ်စားပြုပါဝင်မှု အနည်းဆုံး ၃၀% ရှိရမည်ဟု ပြဋ္ဌာန်းထားပါသည်။ ရဝမ်ဒါအစိုးရသည် ဤ ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ချက်အတိုင်း ကျင့်သုံးပါသည် (Cole 2011 ကိုကြည့်ပါ)။ အုပ်ချုပ်ရေးကဏ္ဍတွင် ၂၀၁၀ ခုနှစ်မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ချက်ထက် အစဉ်တစိုက် ကျော်လွန်ခဲ့ပြီး အချို့ ဌာနများတွင် အမျိုးသား အမျိုးသမီး အရေအတွက်တူညီပါသည်။ ၂၀၁၇ ခုနှစ်တွင် အစိုးရအဖွဲ့သစ် ဖွဲ့စည်းခဲ့ရာ ဝန်ကြီးများအနက် အမျိုးသားနှင့် အမျိုးသမီး အရေအတွက် တူညီပါသည်။ သမ္မတ ကာဂါမေ (Kagame) ၏ ဝန်ကြီးအဖွဲ့တွင် အမျိုးသမီးများ ပါဝင်ရုံမျှ မဟုတ်ဘဲ အရေးပါသော ဝန်ကြီးဌာနများကို ဦးဆောင်လျက်ရှိပါသည်။ အာဖရိကတိုက်တွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှုအတွက် အရေးပါသော တိုးတက်မှု ဖြစ်ပါသည်။ ဂျန်ဒါ တန်းတူညီမျှစေရေး လိုက်နာဆောင်ရွက်ရန် ဂျန်ဒါစောင့်ကြည့်စစ်ဆေးရေးရုံး (Gender Monitoring Office) ကို တည်ထောင်ထားပြီး အများပြည်သူကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ အင်ဂျီအိုနှင့် ဘာသာရေး အင်စတီကျူးရှင်း (အဖွဲ့အစည်းစနစ်)များတွင် ဂျန်ဒါ တန်းတူညီမျှရေး လိုက်နာဆောင်ရွက်မှုကို စောင့်ကြည့်စစ်ဆေးရန် တာဝန်ပေးအပ်ထားပါသည်။

ရဝမ်ဒါနိုင်ငံတွင် လွှတ်တော်နှစ်ရပ်ထားရှိပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်းတွင် ရဝမ်ဒါလွှတ်တော်သည် ကမ္ဘာပေါ်တွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ် အများဆုံး အချိုးအစား ပါဝင်သည့် လွှတ်တော်ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲတွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ ၆၄% အထိ သိသာထင်ရှားစွာ တိုးတက်များပြား လာပြီး ၂၀၁၈ ခုနှစ်တွင်မူ ၆၁% သို့ အနည်းငယ် လျော့ကျခဲ့ပါသည်။ ပြည်သူ့ကိုယ်စားလှယ်များ လွှတ်တော် (Chamber of Deputies) တွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ အမြဲတစေ ၅၀% ကျော်ပြီး အထက်လွှတ်တော် (Senate) တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ သတ်မှတ်ချက် ဖြစ်သည့် ၃၀% ပြည့်မီပါသည်။ ဤသို့ အောင်မြင်မှုရရှိခြင်းမှာ လွှတ်တော်အတွင်း ဂျန်ဒါနှင့် လူငယ်ကိုယ်စားပြုမှု ရှိစေရေး အစိုးရက ရည်ရွယ်ချက်ရှိစွာ ကြိုးပမ်းဆောင်ရွက်ခြင်းကြောင့် ဖြစ်ပါသည်။ ဥပမာ ၂၀၀၃ ခုနှစ်နှင့် ၂၀၀၆ ခုနှစ် ဒေသန္တရ ရွေးကောက်ပွဲများတွင် အစိုးရက မဲဆန္ဒရှင်တစ်ဦးလျှင် မဲသုံးမဲ ပေးရသည့် စနစ်ကို အသုံးပြုပါသည်။ မဲရုံတွင် အထွေထွေမဲပြား၊ လူငယ်မဲပြားနှင့် အမျိုးသမီး မဲပြား ဟူ၍ မဲသုံးမဲ ထည့်၍ ကိုယ်စားလှယ်လောင်းတစ်ဦးစီ ရွေးချယ်ပေးရပါသည်။

တရားစီရင်ရေးကဏ္ဍ အမြင့်ဆုံးအဆင့်များတွင်လည်း အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု များပြားပါသည်။ တရားစီရင်ရေးကဏ္ဍ အဆင့်အားလုံးတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု ကောင်းမွန်စေရေး မူဝါဒကို ရည်ရွယ်ချက်ရှိစွာ ကျင့်သုံးပါသည်။ ရဝမ်ဒါနိုင်ငံ၏ အမြင့်ဆုံးတရားရုံးဖြစ်သော တရားလွှတ်တော်ချုပ် (Supreme Court) တွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု ၅၀% ထက် မနည်း ရှိပါသည်။ အချို့ တရားရုံးများ၏ တရားသူကြီးအဖွဲ့တွင် ၅၇% အထိ အမျိုးသမီးများ ပါဝင်ပါသည်။ ဤတိုးတက်မှုများမှာ ရဝမ်ဒါနိုင်ငံသည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ရေး အားပေးမြှင့်တင်ရာ၌ ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် အပေါင်းလက္ခဏာသဘောဆောင်သော ဆောင်ရွက်ချက်များနှင့်လည်း ကိုက်ညီပါသည်။

# ၅-၂ ဂါနာနိုင်ငံ

ဂါနာနိုင်ငံသည် အာဖရိကတိုက်တွင် ပါတီစုံဒီမိုကရေစီ မီးရှူးတန်ဆောင်ဟု ရည်ညွှန်းခံရသော နိုင်ငံဖြစ်ပါသည်။ ၁၉၉၂ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အမြင့်ဆုံးထား၍ အုပ်ချုပ်သော စနစ် ပြန်လည်ကျင့်သုံးချိန်မှ အစပြု၍ ဂါနာနိုင်ငံသည် နိုင်ငံသားများ အများပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရန် ရည်ရွယ်သည့် လုပ်ငန်းအစီအစဉ်များနှင့် အစီအမံများကို ဆန်းသစ်တီထွင် အကောင်အထည်ဖော်ခဲ့ပါသည်။

ယင်းအစီအစဉ် အများစုမှာ နိုင်ငံတကာ လုပ်ငန်းအစီအစဉ် စုဖွဲ့မှုများ၏ တွန်းအားပေးမောင်းနှင်မှုကို ရယူလျက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ် နှစ်စုအတွင်းတွင် ဂါနာနိုင်ငံသည် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ၊ ဂါနာ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး မဟာဗျူဟာ အမှတ် ၁ ၊ အမှတ် ၂ နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (SDG) များဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို အကောင်အထည် ဖော်ခဲ့ပါသည်။ ယင်းတို့ အားလုံးမှာ နိုင်ငံသားများ ပါဝင်ဆောင်ရွက်နိုင်ရန် စုဖွဲ့မှုများ ပြုလုပ်ပေးခြင်းဖြစ်ပါသည်။ ယခုအခါ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (SDG) များကို အကောင်အထည်ဖော်လျက်ရှိပြီး အကျိုးသက်ဆိုင်ပါဝင်သူအများ မိတ်ဘက် ဆောင်ရွက်ခြင်း၊ အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှု အဖွဲ့အစည်းများ၊ ရိုးရာအစဉ်အလာ အာဏာပိုင်များ၊ SDG များနှင့် အချက်အလက်ဆိုင်ရာ သိမြင်နားလည်ရေး၊ အရင်းအမြစ် နှိုးဆော်ရေး၊ စွမ်းဆောင်ရည် တည်ဆောက်ရေးစသည့် SDG များနှင့် ဆက်စပ်သည့် ကိစ္စရပ်များ ဆိုင်ရာ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးမှု မိတ်ဘက်များ ပါဝင်ကြသည့် ပူးပေါင်းဆောင်ရွက်ခြင်း အစီအစဉ်များအပေါ် အခြေခံပါသည်။

SDG များကို အကောင်အထည်ဖော်သည့် အဓိက စုဖွဲ့မှုမှာ ဗဟိုချုပ်ကိုင်မှု လျှော့ချထားသော စီမံကိန်းရေးဆွဲသည့် စနစ် ဖြစ်ပါသည်။ ယင်းစနစ်အရ ဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲမှုကို ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် အစိုးရအဖွဲ့အစည်းများသို့ ခွဲဝေသတ်မှတ်ပေးပါသည်။ ဒေသညှိနှိုင်းရေးကောင်စီ (Regional Coordinating Council) (RCC) များသည် သက်ဆိုင်ရာခရိုင်အလိုက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေး၊ စောင့်ကြည့်စစ်ဆေးရေး၊ အကဲဖြတ်သုံးသပ်ရေး၊ နည်းပညာပိုင်း ပံ့ပိုးမှုပေးရေးတို့ကို တာဝန်ယူပါသည်။ အမျိုးသားဖွံ့ဖြိုးရေး စီမံကိန်းကော်မရှင် (National Development Planning Commission) သည် တစ်နိုင်ငံလုံးအဆင့်တွင် ယင်းအခန်းကဏ္ဍများကို ညှိနှိုင်းပေါင်းစပ်ပေးရေး တာဝန်ယူပါသည်။ ဤစီမံကိန်းရေးဆွဲသည့်စနစ်ဖြင့် အကျိုးသက်ဆိုင်ပါဝင်သူအားလုံး (အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များ၊ လူငယ်များ၊ မသန်စွမ်းသူများ၊ ပုဂ္ဂလိကကဏ္ဍနှင့် ရိုးရာအစဉ်အလာ အာဏာပိုင်များ) စီမံကိန်းရေးဆွဲသည့် အဆင့်အားလုံးတွင် ပါဝင်ဆောင်ရွက်နိုင်ပြီး တိုင်ပင်ဆွေးနွေးပါသည်။ အဆင့်မြင့်ဝန်ကြီးများကော်မတီ (High–Level Ministerial Committee) (HLMC)၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်ရေး ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေး ကော်မတီ (SDG Implementation Coordinating Committee)နှင့် ကဏ္ဍအများညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရေးနှင့် အကျိုးသက်ဆိုင်ပါဝင်သူအများ ပါဝင်ဆောင်ရွက်စေရေး၊ အဆင့်

အားလုံးတွင် ပူးပေါင်းဆောင်ရွက်ရေး အစီအမံအဖြစ် အသုံးပြုသည့် အမျိုးသားနည်းပညာ ကော်မတီ (National Technical Committee) တို့ကိုလည်း ဖွဲ့စည်းထားပါသည်။ ယင်းအဖွဲ့ များနှင့် ကော်မတီများ အားလုံးတွင် SDG များအတွက် CSO platform ကိုယ်စားပြု ပါဝင် ပါသည်။

အစိုးရက နိုင်ငံသားများအား ဘတ်ဂျက် လုပ်ငန်းစဉ်အတွက် အချက်အလက်နှင့် အကြံပြုချက် (input) ပေးပို့လျက် ပါဝင်ဆောင်ရွက်ရန် ခွင့်ပြုပါသည်။ နိုင်ငံတွင်း ထုတ်ဝေသော အထင်ကရ သတင်းစာများတွင် ကြေညာထည့်သွင်းလျက် ဘတ်ဂျက် ရှင်းတမ်း ပြုစုရေး အများပြည်သူထံမှ ထင်မြင်ချက်များ တင်သွင်းကြပါရန် ခေါ်ယူပါသည်။ ကြေညာတွင် အီးမေးလ် လိပ်စာနှင့် စာတိုက်လိပ်စာတို့ကို ဖော်ပြထားပါသည်။ ဘဏ္ဍာရေးဝန်ကြီးဌာနတွင်လည်း သတင်း အချက်အလက် ဌာနငယ်ဖွင့်လှစ်၍ ကိုယ်တိုင် လာရောက် တင်သွင်းချက်များကို လက်ခံပါသည်။ ထို့အပြင် ပြည်နယ်မြို့တော်များနှင့် နိုင်ငံ၏ မြို့တော်တို့တွင် အများပြည်သူ အစည်းအဝေးပွဲများ ကို အစိုးရက ကျင်းပပြုလုပ်ပါသည်။ သို့သော် ယင်းသို့သော အခမ်းအနားများတွင် အများပြည်သူ အနက်မှ တက်ရောက်သူ အရေအတွက်ကို အနည်းငယ်သာ ကန့်သတ်ထားလေ့ရှိပါသည်။

**ဆုံးဖြတ်ချက် ချမှတ်ရာတွင် နိုင်ငံသားများ ပါဝင်ဆောင်ရွက်ရေး အားပေးမြှင့်တင်ရန် ယင်းသို့ ကြိုးပမ်းဆောင်ရွက် သော်လည်း နိုင်ငံရေးနှင့် ဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲခြင်းတို့တွင် အမျိုးသမီးများ၊ လူငယ်များနှင့် မသန်စွမ်းသူများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုအပိုင်း အများပါဝင် ကိုယ်စားပြုမှု ဆောင်ရွက်ရာတွင် အခြားနိုင်ငံ အများအပြားထက် နောက်ကျလျက် ရှိပါသည်။**

ဆုံးဖြတ်ချက် ချမှတ်ရာတွင် နိုင်ငံသားများ ပါဝင်ဆောင်ရွက်ရေး အားပေးမြှင့်တင်ရန် ယင်းသို့ ကြိုးပမ်းဆောင်ရွက်သော်လည်း နိုင်ငံရေးနှင့် ဖွံ့ဖြိုးရေး စီမံကိန်း ရေးဆွဲခြင်းတို့တွင် အမျိုးသမီးများ၊ လူငယ်များနှင့် မသန်စွမ်းသူများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုအပိုင်း အများ ပါဝင် ကိုယ်စားပြုမှု ဆောင်ရွက်ရာတွင် အခြားနိုင်ငံ အများအပြားထက် နောက်ကျလျက် ရှိ ပါသည်။ လွှတ်တော်တွင် အမျိုးသမီး လွှတ်တော်ဥက္ကဋ္ဌတစ်ဦး ရှိခဲ့ပြီး တရားသူကြီးချုပ်များအနက် နှစ်ဦးမှာ အမျိုးသမီးဖြစ်ပါသည်။ ထို့အပြင် အဓိကနိုင်ငံရေးပါတီ နှစ်ပါတီရှိသည့်အနက် အမျိုးသား ဒီမိုကရက်တစ်ကွန်ဂရက် ပါတီ (the National Democratic Congress) သည် (၂၀၂၀ ခုနှစ် ဒီဇင်ဘာလ အထွေထွေ ရွေးကောက်ပွဲတွင်) ရွေးကောက်ပွဲဝင်သည့် ဒုတိယခေါင်းဆောင်နေရာ တွင် အမျိုးသမီးတစ်ဦးကို ပထမဆုံး ခန့်အပ်ခဲ့ပါသည်။ သို့စေကာမူ ဂျန်ဒါ ကိုယ်စားပြုပါဝင်မှု တူညီစေရန် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများ များစွာ ကျန်ရှိနေပါသည်။ ၁၉၉၂ ခုနှစ်မှ စ၍ လွှတ်တော်တွင် အမျိုးသမီး လွှတ်တော်ကိုယ်စားလှယ်များ ၁၂% အောက်တွင်သာ ရှိပါသည်။

၂၀၂၀ ခုနှစ် ဒီဇင်ဘာလ အထွေထွေ ရွေးကောက်ပွဲတွင် အမျိုးသမီးလွှတ်တော် ကိုယ်စားလှယ်များ ၃၆ ဦးမှ ၄၀ သို့ မြင့်တက်လာခဲ့ပါသည်။ ရာခိုင်နှုန်းအားဖြင့် ၁၅% သာ ရှိသဖြင့် ကမ္ဘာ့စံနှုန်းဖြစ်သော ၃၀% အောက် များစွာ လျော့နည်းပါသည်။ ဝန်ကြီးများနှင့် ခရိုင်အုပ်ချုပ်ရေး အရာရှိချုပ် (district chief executive) (DCE) များအဖြစ် ခန့်အပ်ခံရသော အမျိုးသမီးအချိုးအစား မှာ လွတ်လပ်ရေးရရှိချိန်မှ အစပြု၍ အမြဲတစေ ၂၀% အောက်တွင်သာ ရှိပါသည်။ စတုတ္ထသမ္မတ နိုင်ငံတွင် နိုင်ငံရေးနယ်ပယ်မှ ခန့်အပ်သော သံအမတ်ကြီးများနှင့် မဟာမင်းကြီးများအနက် ၁၂.၃ % သာလျှင် အမျိုးသမီးများ ဖြစ်ပါသည် (Dzradosi, Agyekum and Ocloo 2018; Dzradosi et al. 2018 ကို ကြည့်ပါ)။

ဒေသန္တရအုပ်ချုပ်မှုနှင့် ဒေသန္တရ စီးပွားရေးဖွံ့ဖြိုးမှုတွင်လည်း လူငယ်များ၏ အသံ ကိုယ်စားပြု ပါဝင်မှု မကောင်းမွန်ပါ။ မြို့တော်၊ စည်ပင်နယ်မြေနှင့် ခရိုင်နယ်မြေဒေသ အသီးသီး တွင် ပညာအရည်အချင်းနှင့် အလုပ်အကိုင် မရှိသော လူငယ်အများအပြား ရှိပါသည်။ ရပ်ရွာ

အသိုက်အဝန်းများတွင် လိုအပ်သည့် ကျန်းမာရေး ပြုစုစောင့်ရှောက်မှု ဌာနများနှင့် လူမှု ဘဝ အဆင်ပြေချောမွေ့ရေး အစီအမံများလည်း မရှိပါ။ ယင်းရပ်ရွာအသိုက်အဝန်းများ ဖွံ့ဖြိုးရေး အတွက် ရှေ့တန်းမှ ဆောင်ရွက်ရမည့် အဖွဲ့အစည်းဖြစ်သော ဒေသန္တရအစိုးရမှာ ပေါ်ပေါက် လာသော စိန်ခေါ်မှုအခက်အခဲများကို ဖြေရှင်းရန် လိုအပ်သည့် အရင်းအမြစ်များနှင့် လုပ်ငန်း ကျွမ်းကျင်မှု /လုပ်ပိုင်ခွင့်များ မရှိပါ။ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်သည့် ဂျန်ဒါ အရေးအတွက် တူညီစေခြင်းဖြင့် နိုင်ငံရေးတွင် ကိုယ်စားပြု ပါဝင်မှုကို အားပေးမြှင့်တင်နိုင်မည်ဟု မျှော်မှန်း ထားသော တန်းတူရေး အထူးစီမံဆောင်ရွက်ချက်ဥပဒေကြမ်း (Affirmative Action Bill) မှာ လည်း ဥပဒေအဖြစ် ပြဋ္ဌာန်းနိုင်ခြင်း မရှိသေးပါ။ အစိုးရအဆက်ဆက်သည် ဥပဒေကြမ်းကို အတည်ပြုပြဋ္ဌာန်းရေး အပြောမျှသာ ရှိပြီး လက်တွေ့ လုပ်ဆောင်မှု မရှိသေးပါ။

## ၅-၃ တောင်အာဖရိကနိုင်ငံ

တောင်အာဖရိကနိုင်ငံ ဒီမိုကရေစီအုပ်ချုပ်မှုစနစ်မှာ အများယုံကြည်မှုရှိသော ရွေးကောက်ပွဲများ ပုံမှန်ပြုလုပ်ပြီး တရားဥပဒေစိုးမိုးမှု အားကောင်းပါသည်။ စာနယ်ဇင်းနှင့် အခြား မီဒီယာများ လွတ်လပ်ခွင့်လည်း ရှိပါသည်။ တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁ တွင် အားလုံး မဲပေးခွင့်၊ တန်းတူညီမျှမှုနှင့် ဂျန်ဒါမခွဲခြားမှုတို့သည် နိုင်ငံ၏ ဒီမိုကရေစီစနစ် အခြေခံ စံတန်ဖိုးများတွင် ပါဝင်ကြောင်း အခိုင်အမာ ရှင်းလင်းစွာ ပြဋ္ဌာန်းပါသည်။ တောင်အာဖရိကတွင် ဂျန်ဒါ တန်းတူညီမျှမှုကို အားပေးမြှင့်တင်သော ဥပဒေမူဘောင် ချမှတ်ထားပြီး ၂၀၀၀ ခုနှစ် တန်းတူ ညီမျှမှု အားပေးမြှင့်တင်ရေးနှင့် မမျှတသော ခွဲခြားဆက်ဆံမှု တားဆီးရေး အက်ဥပဒေ (တန်းတူ ညီမျှမှုအက်ဥပဒေ) (Promotion of Equality and Prevention of Unfair Discrimination Act) (Equality Act)၊ ရာဇဝတ်ပြစ်မှုဥပဒေ (လိင်ပြစ်မှုများနှင့် ဆက်စပ်ကိစ္စရပ်များ) ကို ပြင်ဆင်သည့် အက်ဥပဒေ ၂၀၀၇ ခုနှစ် (Criminal Law (Sexual Offences and Related Matters) Amendment Act) နှင့် ဥပဒေနှင့် ငြိစွန်းသော မိန်းကလေးများအတွက် ဂျန်ဒါတုံ့ပြန်မှုရှိစွာ အရေးယူ ဆက်ဆံ ရေး အားပေးမြှင့်တင်ရန် ရည်ရွယ်သည့် ကလေးသူငယ် အက်ဥပဒေ ၂၀၀၅ ခုနှစ် (Children's Act) စသည်တို့ ပါဝင်ပါသည်။

တောင်အာဖရိက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ရေး ခွဲတမ်းများ ရှင်းလင်းစွာ သတ်မှတ်ပြဋ္ဌာန်းပေးခြင်း မရှိသော်လည်း နိုင်ငံတော်၏အရေးအရာကိစ္စများ တွင် အမျိုးသမီးများ တန်းတူညီမျှ ပါဝင်ဆောင်ရွက်ရေးကို နိုင်ငံရေးပါတီများက ဦးစီးဦးဆောင်ပြု လျက် အားပေးကြပါသည်။ ဥပမာ အာဖရိကအမျိုးသားကွန်ဂရက် (African National Congress) (ANC) ပါတီ၏ ဖွဲ့စည်းပုံတွင် ရွေးကောက်ခံ အဖွဲ့အစည်းအားလုံး၌ အမျိုးသမီးများ ၅၀% ထက် မနည်း ပါဝင်စေရန် ခွဲတမ်းသတ်မှတ်ပေးထားပါသည်။ အသားအရောင်ခွဲခြားသည့် စနစ် အဆုံးသတ် ပြီးနောက် ၁၉၉၄ ခုနှစ်တွင် ပထမအကြိမ် ဒီမိုကရေစီ ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ခဲ့ချိန်မှစ၍ တောင်အာဖရိကနိုင်ငံ၏ အုပ်ချုပ်မှု ရာထူးနေရာများတွင် အမျိုးသမီးများ ပါဝင်မှု အားတက်ဖွယ်ရာ များပြားလာခဲ့ရာ ယခုတိုင် ယင်းအလားအလာအတိုင်း ရှိနေဆဲဖြစ်ပါသည်။

**အသားအရောင်ခွဲခြားသည့် စနစ် အဆုံးသတ်ပြီးနောက် ၁၉၉၄ ခုနှစ်တွင် ပထမအကြိမ် ဒီမိုကရေစီ ရွေးကောက်ပွဲများ ကျင်းပပြုလုပ်ခဲ့ချိန်မှစ၍ တောင်အာဖရိကနိုင်ငံ၏ အုပ်ချုပ်မှု ရာထူးနေရာများတွင် အမျိုးသမီးများ ပါဝင်မှု အားတက်ဖွယ်ရာ များပြားလာခဲ့ရာ ယခုတိုင် ယင်းအလားအလာအတိုင်း ရှိနေဆဲဖြစ်ပါသည်။**

၁၉၉၄ ခုနှစ်မှစ၍ တောင်အာဖရိကနိုင်ငံသည် အစိုးရ အုပ်ချုပ်ရေးကဏ္ဍတွင် အမျိုးသမီးများ ကိုယ်စားပြု ပါဝင်ရေးကို ကောင်းစွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် ဝန်ကြီးများအနက် ၃၉% နှင့် ဒုတိယဝန်ကြီးများအနက် ၄၆% သည် အမျိုးသမီးများ ဖြစ်ပါသည်။ အာဖရိကတိုက်တောင်ပိုင်းဒေသ ဖွံ့ဖြိုးရေး အသိုက်အဝန်း (Southern African Development Com–munity (SADC) ဂျန်ဒါနှင့် ဖွံ့ဖြိုးမှု အညွှန်းကိန်း (Gender and Development Index) တွင် ၂၀၁၂ ခုနှစ်အတွက် တောင်အာဖရိကနိုင်ငံကို ဒေသတွင်း အဆင့် ၂ သတ်မှတ်ပါသည်။ ၁၉၉၄ ခုနှစ်မှစ၍ တောင်အာဖရိကနိုင်ငံသည် တိုးတက်မှုများစွာ ရရှိခဲ့ပါသည်။ ၁၉၉၄ ခုနှစ် ရွေးကောက်ပွဲမတိုင်မီက လွှတ်တော်ကိုယ်စားလှယ်များအနက် ၂.၇% သာလျှင် အမျိုးသမီးများဖြစ်ပါသည်။ သို့သော် ၁၉၉၄ ခုနှစ် ရွေးကောက်ပွဲတွင် ၂၇% သို့ သိသာစွာ တိုးမြင့်လာပြီး ၁၉၉၅ ခုနှစ်တွင် ၂၅% သို့ ပြန်လည်ကျဆင်းသွားပါသည် (IPU 2015)။ ၁၉၉၉ ခုနှစ်တွင် ၃၀% သို့ တိုးမြင့်လာပြီး ၂၀၀၄ ခုနှစ်တွင် ၃၂.၇% အထိ ရှိလာပါသည်။

၂၀၀၉ ခုနှစ် နိုင်ငံအဆင့် ရွေးကောက်ပွဲများပြီးသောအခါ အမျိုးသမီးကိုယ်စားလှယ်များ အချိုးအစားမှာ ၄၂% ရှိလာပါသည် (SA Government 2018)။ ၂၀၁၅ ခုနှစ်မှစ၍ ဝန်ကြီးအဖွဲ့အတွင်းတွင်လည်းကောင်း၊ ဒုတိယဝန်ကြီးများအနက် လည်းကောင်း အမျိုးသမီးများ ပါဝင်မှုအချိုးအစားမှာ အမြဲတစေ ၄၀% အထက်တွင် ရှိပါသည်။ ၂၀၁၉ ခုနှစ်တွင် ဝန်ကြီးနေရာ ၄၄%၊ ဒုတိယဝန်ကြီးနေရာ ၄၂% ကို အမျိုးသမီးများ ရရှိပါသည်။ အာဏာရ ANC ပါတီသည် ကာလကြာမြင့်စွာ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး အဆင့်များတွင် ဂျန်ဒါ ပါဝင်မှုရှိရေးနှင့် ကိုယ်စားပြုမှုရှိရေး မူဝါဒကို ကျင့်သုံးလျက်ရှိခြင်းကြောင့် ဤသို့ တိုးတက်မှု ရရှိခြင်းမှာ အံ့သြဖွယ်ရာ မဟုတ်ပါ (Mo Ibrahim Foundation 2020)။

မကြာသေးမီနှစ်များအတွင်း လွှတ်တော်တွင် အမျိုးသမီးများ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်မှု များပြားပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်းက ၃၀% ထက်မနည်း ရှိခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ၄၄% ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ် တွင် ဝန်ကြီးများအနက် ၄၂%၊ ဒုတိယဝန်ကြီးများအနက် ၅၂% မှာ အမျိုးသမီးများဖြစ်ပါသည်။ ပြည်နယ်များအမျိုးသားကောင်စီ (National Council of Provinces) ဟုခေါ်သော အထက်လွှတ်တော်တွင် အမျိုးသမီးများ ၃၆% ရှိပါသည်။ တောင်အာဖရိကတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု အဆင့် မြင့်မားခြင်းမှာ အကြောင်းအချက် အမျိုးမျိုးကြောင့် ဖြစ်ပါသည်။ ပါတီစာရင်းဖြင့် အချိုးကျကိုယ်စားပြု (list proportional representation) (list PR) စနစ်အရ မဲဆန္ဒနယ်မြေ တစ်ခုလျှင် ကိုယ်စားလှယ်လောင်း အများ ရွေးကောက်တင်မြှောက်ပြီး ပါတီ သို့မဟုတ် အုပ်စု တစ်ခုစီက မိမိတို့၏ ကိုယ်စားလှယ်လောင်းများ စာရင်းကို တင်သွင်းရပါသည်။ မဲဆန္ဒရှင်များက ပါတီကို မဲပေးရပြီး ပါတီသည် မဲဆန္ဒနယ်အားလုံးတွင် ရရှိသည့် စုစုပေါင်း မဲ အချိုးအစားအတိုင်း လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်နေရာများ ရရှိပါသည်။ သို့ဖြစ်၍ နိုင်ငံရေးပါတီများသည် အမျိုးသမီးများကို လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်လာစေရန် ပါတီစာရင်းတွင် ထည့်သွင်းနိုင်ပါသည်။ အမျိုးသား အမျိုးသမီး ကိုယ်စားပြု ပါဝင်မှု တန်းတူညီမျှ ဖြစ်စေရေး နိုင်ငံရေးပါတီများ အထူးသဖြင့် အာဏာရ ANC ပါတီ၏ မူဝါဒများနှင့် အလေးအနက် ကတိပြု ဆောင်ရွက်မှုတို့သည်လည်း ဤသို့ အောင်မြင်မှု ရရှိရန် တစ်တပ်တစ်အား ဖြစ်ခဲ့ပါသည်။

တောင်အာဖရိကနိုင်ငံ၏ တရားစီရင်ရေးကဏ္ဍတွင် ၁၉၉၄ ခုနှစ်က အမျိုးသမီးတရားသူကြီး တစ်ဦးသာ ရှိခဲ့ရာမှ ၂၀၁၂ ခုနှစ်တွင် ၆၉ ဦး အထိ တိုးတက်များပြားလာသော်လည်း နိုင်ငံအနေဖြင့် တရားစီရင်ရေးကဏ္ဍတွင် အမျိုးသမီးများ ကိုယ်စားပြု ပါဝင်မှု တိုးမြင့်စေရေး ဆောင်ရွက်ရာတွင် စံနမူနာကောင်း ပြသနိုင်ခြင်း မရှိပါ။ ယခုအခါ တောင်အာဖရိကနိုင်ငံတွင် အယူခံတရားရုံး တရားသူကြီးများအနက် ၂၆%၊ ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံး တရားသူကြီးများအနက် ၃၀% သာလျှင် အမျိုးသမီးများဖြစ်ပါသည် (Mo Ibrahim Foundation 2020)။

တောင်အာဖရိက အစိုးရသည် ၂၀၁၄ ခုနှစ်တွင် ဖာကီဆာစစ်ဆင်ရေး (Operation Phakisa) ဆင်နွှဲလျက် အမျိုးသားဖွံ့ဖြိုးရေး စီမံကိန်း (NDP) များကို အကောင်အထည်ဖော်ပါသည် (SA–VNR Report 2019: 18)။ ဂေဟစနစ်များအတွက် လုပ်ငန်းဆောင်ရွက်ရေး (Working for Ecosystems)၊ လူငယ် သဘာဝပတ်ဝန်းကျင် ဝန်ဆောင်မှုများ (Youth Environmental Services) (YES) လုပ်ငန်းအစီအစဉ် နှင့် တိုးချဲ့ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းအစီအစဉ် (Expanded Public Works Programme) (EPWP) စသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (SDG) များနှင့် NDP ကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှု ရရှိစေရန် ရည်ရွယ်သည့် အခြား အစိုးရ လုပ်ငန်းအစီအစဉ်များလည်း ရှိပါသည် (SA–VNR Report 2019: 18–19)။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (SDG) များ အကောင်အထည်ဖော်ခြင်းနှင့် ပြည်တွင်းအခြေအနေနှင့် ကိုက်ညီအောင် ပြုပြင်ခြင်းဆိုင်ရာ ဆွေးနွေးပွဲများနှင့် သတင်းအချက်အလက် မျှဝေခြင်းများအတွက် အာဖရိကမော်နီတာ (African Monitor) က ဦးဆောင်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပလက်ဖောင်း (CSO platform) ကိုလည်း သတိမူသင့်ပါသည် (SA–VNR Report 2019:.20)။ တောင်အာဖရိက SDG ဗဟိုအဖွဲ့ (South Africa SDG Hub) ခေါ် အင်တာနက်မှ ချိတ်ဆက်သည့် ဗဟိုအဖွဲ့သည်လည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (SDG) များ အကြောင်း နိုင်ငံသားများ သိရှိနားလည်စေရန်နှင့် SDG များဆိုင်ရာ မိတ်ဘက်လုပ်ငန်းများ ဖွဲ့စည်းတည်ထောင်နိုင်ရန် လုပ်ငန်းဆောင်ရွက်ပါသည်။

တောင်အာဖရိကနိုင်ငံသည် ဘတ်ဂျက်ရေးဆွဲသည့် လုပ်ငန်းစဉ်တွင် နိုင်ငံသားများ ပါဝင်နိုင်ရေးကိုမူ အကန့်အသတ်ဖြင့်သာ ခွင့်ပြုပါသည်။ နိုင်ငံသားများသည် စိုးရိမ်ပူပန်မှုများရှိပါက အီးမေးလ်ဖြင့် ပေးပို့နိုင်သော်လည်း လုပ်ငန်းစဉ်မှာ ထိရောက်မှု မရှိဟု ယူဆကြပါသည်။ လုပ်ငန်းစဉ်တွင် နိုင်ငံသားများ ပါဝင်မှုလည်း အလွန်အားနည်းပါသည်။ လက်ခံရရှိသောအီးမေးလ်များကို နိုဝင်ဘာလတွင် ဖွင့်လှစ်ဖတ်ရှုရာ ထိုအချိန်တွင် အဓိကဆုံးဖြတ်ချက်များ ချမှတ်ပြီးဖြစ်ပါသည်။ ဆိုလိုသည်မှာ ယင်း အီးမေးလ်များသည် ဘတ်ဂျက်လုပ်ငန်းစဉ်အတွက် အရာမရောက်ခြင်း (သို့မဟုတ်) ထူးခြားမှုမရှိပါ။ သို့သော် ဒရာကင်စတိုင် (Drakenstein) စည်ပင်နယ်မြေ၊ ကိပ်တောင်း (Cape Town)၊ အနောက်ကိပ် (Western Cape)နှင့် ဂေါ်တင် (Gauteng) ပြည်နယ် ကဲ့သို့သော စည်ပင်နယ်မြေ အချို့တွင် ဘတ်ဂျက်ရေးဆွဲရေး လုပ်ငန်းစဉ်များ၌ ပါဝင်ဆောင်ရွက်နိုင်ရေး လွယ်ကူချောမွေ့စေရန် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပြုလုပ်ပေးပါသည်။

## ၅-၄ တောင်အာဖရိကရှိ ဒုက္ခသည်များ ကိစ္စ

တောင်အာဖရိကရှိ ဒုက္ခသည်များအနက် လူဦးရေ အများဆုံး အုပ်စုမှာ ကွန်ဂိုများ ဖြစ်ပါသည်။ တောင်အာဖရိက ဖွဲ့စည်းပုံ အခြေခံဥပဒေအရ လူတိုင်းအတွက် တန်းတူညီမျှဖြစ်သော ပြည်သူလူထု အခွင့်အရေးများ ရရှိစေရန် အာမခံချက် ပေးထားပါသည်။ ၁၉၉၆ ခုနှစ် အခွင့်အရေးများ ပြဋ္ဌာန်းချက် (Bill of Rights) သည် ဒုက္ခသည်များ အပါအဝင် တောင်အာဖရိကတွင် ရှိနေသူ အားလုံး အတွက် အကျုံးဝင်ပြီး လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ အသင်းအဖွဲ့ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်၊ ပိတ်ဆို့ဆန္ဒပြခွင့်နှင့် စာရေးသားပေးပို့ တောင်းဆိုခြင်း၊ လွတ်လပ်စွာ ထင်မြင်ယူဆခွင့် နှင့် တန်းတူညီမျှရေး ကဲ့သို့သော အခွင့်အရေးများကို အလေးအနက် ဖော်ပြထားပါသည်။ နိုင်ငံသားများသာလျှင် ရွေးကောက်ပွဲဆိုင်ရာ အခွင့်အရေးများ ရရှိမည်ဖြစ်သော်လည်း နိုင်ငံရေးတွင် နိုင်ငံသားမဟုတ်သူများ ပါဝင်ဆောင်ရွက်ခြင်း မပြုရန်ဟု တားမြစ်ထားခြင်း မရှိပါ။

**ဖွဲ့စည်းပုံအခြေခံဥပဒေအရ လူတစ်ဦးချင်းသည် မိမိတို့ နှစ်သက်ရာ နိုင်ငံရေး ပါတီတွင် ပါဝင်နိုင်ပါသည်။ နိုင်ငံရေး ရာထူးနေရာများ အတွက် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံရန် အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒုက္ခသည်များအား ပေးအပ်ထားခြင်း မရှိပါ။ သို့သော် ဒုက္ခသည်များသည် ပါတီဝင်ခွင့်ရှိသဖြင့် နိုင်ငံရေး အယူအဆများနှင့် ဆွေးနွေးမှုများ၊ မူဝါဒ ရပ်တည်ချက်များအပေါ် ဩဇာသက်ရောက် နိုင်သည့် အခွင့်အလမ်းကိုမူ ရရှိပါသည်။**

ဖွဲ့စည်းပုံအခြေခံဥပဒေအရ လူတစ်ဦးချင်းသည် မိမိတို့ နှစ်သက်ရာ နိုင်ငံရေးပါတီတွင် ပါဝင်နိုင်ပါသည်။ နိုင်ငံရေး ရာထူးနေရာများအတွက် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် အခွင့်အရေးကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒုက္ခသည်များအား ပေးအပ်ထားခြင်း မရှိပါ။ သို့သော် ဒုက္ခသည်များသည် ပါတီ ဝင်ခွင့်ရှိသဖြင့် နိုင်ငံရေး အယူအဆများနှင့် ဆွေးနွေးမှုများ၊ မူဝါဒ ရပ်တည်ချက်များအပေါ် ဩဇာသက်ရောက် နိုင်သည့် အခွင့်အလမ်းကိုမူ ရရှိပါသည်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒုက္ခသည်များအား ဥပဒေနှင့်အညီ ဆန္ဒထုတ်ဖော်ခွင့်ပြုပါသည်။ ဒုက္ခသည်များသည် မိမိတို့၏ စိုးရိမ်ပူပန်မှုများကို ထုတ်ဖော်ခွင့် ရှိမည်ဖြစ်ပြီး အငြင်းပွားလျက်ရှိသော အချို့ကိစ္စရပ်များအတွက် လူထုထောက်ခံမှုရရှိရန် ဆောင်ရွက်နိုင်ပါသည်။

သို့ရာတွင် ဒုက္ခသည်များသည် တောင်အာဖရိကနိုင်ငံရေးတွင် ပါဝင်လုပ်ဆောင်ပါက ဒုက္ခသည်အဖြစ်နေထိုင်ခွင့်ရရှိထားမှုကို ဆုံးရှုံးရနိုင်ကြောင်း သို့မဟုတ် နေထိုင်ခွင့် ပါမစ်များကို သက်တမ်းတိုးခွင့်ပြုသည့် ဆုံးဖြတ်ချက်များကို ထိခိုက်နိုင်ကြောင်း စိုးရိမ်ပူပန်မှုများ ရှိပါသည်။ ဤအချက်ကြောင့် အောက်ခြေအဆင့်တွင် အလွတ်သဘော နိုင်ငံရေး လုပ်ငန်းစဉ်များ၌ ဒုက္ခသည်များ ပါဝင်ဆောင်ရွက်နိုင်ရေးအပေါ် အကန့်အသတ်ဖြစ်စေသည်ဟု အချို့ ဒုက္ခသည်များက ရှုမြင်ပါသည်။ ဒုက္ခသည် အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း သို့မဟုတ် ဒုက္ခသည်များဆိုင်ရာ ကိစ္စရပ်များကို အဓိကထား လုပ်ဆောင်သည့် အရပ်ဘက် လူမှုအဖွဲ့အစည်း (CSO) များ ဖွဲ့စည်းခြင်းကို ကန့်သတ်မှု မရှိပါ။ ယင်းသို့သော အသင်းအဖွဲ့များကို ပံ့ပိုးမှုပေးရန် ယုံကြည်ကိုးကွယ်မှုအခြေပြုအဖွဲ့အစည်းများ သို့မဟုတ် ရပ်ရွာပြည်သူလူထုအခြေပြု အဖွဲ့အစည်းများမှ အစပြု၍ လူမှုရေးနှင့် ဖွံ့ဖြိုးရေး အဖွဲ့အစည်းများအထိ အသင်းအဖွဲ့အမျိုးမျိုး တည်ထောင်ထားပါသည်။ ထို့ကြောင့် တောင်အာဖရိကတွင် ဒုက္ခသည်များက သို့မဟုတ် ဒုက္ခသည်များကို ကိုယ်စားပြုသော အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များ၊ နိုင်ငံသားများသာမက နိုင်ငံသားမဟုတ်သူများလည်း ပါဝင်ဆောင်ရွက် အသင်းဝင်နိုင်သော အသင်းအဖွဲ့များ ရှိပါသည်။ သို့ဖြစ်၍ ဒုက္ခသည် အများစုသည် ဒုက္ခသည် အသင်းများ၊ အောက်ခြေအဆင့် လုပ်ငန်းများနှင့် CSO များ၏ လုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်လုပ်ကိုင်ကြပါသည်။

## ၅-၅ ယူဂန်ဒါနိုင်ငံရှိ ဒုက္ခသည်များကိစ္စ

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (Democratic Republic of the Congo) (DRC) နှင့် တောင်ဆူဒန် (South Sudan) မှ ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများသည် ယူဂန်ဒါတွင် ရောက်ရှိနေသော ဒုက္ခသည်အုပ်စုများအနက် လူဦးရေ အများဆုံး ဖြစ်ပါသည်။ ယူဂန်ဒါ ဥပဒေအရ ဒုက္ခသည်များသည် တစ်နိုင်ငံလုံးအဆင့် ရွေးကောက်ပွဲများနှင့် ဒေသန္တရ ရွေးကောက်ပွဲများတွင် ပါဝင်ခြင်း၊ နိုင်ငံရေးပါတီများသို့ ဝင်ရောက်ခြင်း ကဲ့သို့သော တရားဝင်နိုင်ငံရေး လုပ်ဆောင်မှုများတွင် ပါဝင်ဆောင်ရွက်ခွင့်မရှိပါ။ ယူဂန်ဒါ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဓိပ္ပာယ်မရှင်းသော ပြဋ္ဌာန်းချက်ကြောင့် ကာလရှည် ဒုက္ခသည်များကို နိုင်ငံသားပြုရန် ခွင့်ပြုသော်လည်း အလွန်တင်းကြပ်သည့် ကန့်သတ်ချက်များ ရှိပါသည်။ သို့စေကာမူ ဒုက္ခသည် လူမှုဖူလုံရေးကော်မတီများ (Refugee Welfare Committees) သည် ပိုမိုကျယ်ပြန့်သော ဒုက္ခသည် အသိုက်အဝန်းများအတွက် အတိုင်ပင်ခံ အဖွဲ့အစည်းများအဖြစ် ဆောင်ရွက်လျက် အခန်းကဏ္ဍအားဖြင့် အကန့်အသတ်ရှိသော်လည်း တက်ကြွစွာ လုပ်ငန်းဆောင်ရွက်ပါသည်။

၂၀၀၆ ခုနှစ် ဒုက္ခသည်များ အက်ဥပဒေ (Refugees Act) ပုဒ်မ ၂၉ (ဆ)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဒုက္ခသည်များသည် နိုင်ငံရေးအတွက် သို့မဟုတ် အမြတ်အစွန်းရလိုမှုအတွက် မဟုတ်ပါက အရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များနှင့် အခြားလူမှုရေးအဖွဲ့အစည်းများအတွင်းတွင် စုဖွဲ့နိုင်ပါသည်။ ယင်းကန့်သတ်ချက်များကို ပုဒ်မ ၃၅ (ဃ) တွင် ထပ်မံ၍ ရှင်းလင်းဖော်ပြထားရာ ဒုက္ခသည်များအဖြစ် အသိအမှတ်ပြုခံထားရသူများသည် ယူဂန်ဒါတွင် ဒေသန္တရအဆင့်ဖြစ်စေ၊ တစ်နိုင်ငံလုံးအဆင့်ဖြစ်စေ နိုင်ငံရေး လုပ်ဆောင်မှုများတွင် ပါဝင်ဆောင်ရွက်ရန် အခွင့်အရေးမရှိဘဲ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် အခြား လူမှုရေး လိုအပ်ချက်များကို အခြေခံ၍လည်းကောင်း၊ လူသားချင်းစာနာရေး ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ အုပ်ချုပ်မှု လုပ်ငန်းစဉ်များကို မြှင့်တင်ရန် အတိုင်းအတာတစ်ခုအထိ လည်းကောင်း အုပ်စုများအဖြစ် စုစည်းခွင့်သာလျှင် ရှိကြောင်း ပြဋ္ဌာန်းပါသည်။ ပုဒ်မ ၃၅ (င) တွင် ဒုက္ခသည်များအနေဖြင့် ယူဂန်ဒါနိုင်ငံတွင်ဖြစ်စေ၊ မိမိတို့ မူရင်းနိုင်ငံတွင် ဖြစ်စေ နိုင်ငံရေးလုပ်ဆောင်မှုများအတွင်း ပါဝင်ခြင်း မပြုရန် ထပ်မံ၍ ကန့်သတ်ထားပါသည်။

**ယူဂန်ဒါ ဥပဒေအရ ဒုက္ခသည်များသည် တစ်နိုင်ငံလုံးအဆင့် ရွေးကောက်ပွဲများနှင့် ဒေသန္တရ ရွေးကောက်ပွဲများ တွင် ပါဝင်ခြင်း၊ နိုင်ငံရေး ပါတီများသို့ ဝင်ရောက်ခြင်း ကဲ့သို့သော တရားဝင် နိုင်ငံရေး လုပ်ဆောင်မှုများ တွင် ပါဝင်ဆောင်ရွက်ခွင့် မရှိပါ။**

## အခန်း ၆

# စိန်ခေါ်မှု အခက်အခဲများ

အာဖရိကတိုက်တွင် နိုင်ငံရေး၌ အများပါဝင်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် စိန်ခေါ်မှု အခက်အခဲ အမျိုးမျိုးနှင့် ကြုံတွေ့ရပါသည်။ ယင်းတို့ကို အကြောင်းအရာ အစီအစဉ်ဖြင့် မဟုတ်ဘဲ အလျဉ်းသင့်သလို အောက်တွင် ဖော်ပြထားပါသည်။

မဲပေးရုံမျှထက်ကျော်လွန်သော အများပါဝင်ဆောင်ရွက်မှုဖြစ်စေရန် တိုးချဲ့ဆောင်ရွက်ခြင်း – မူဝါဒရေးဆွဲချမှတ်ခြင်းနှင့် ကြေညာစာတမ်းပြုစုခြင်းတို့တွင်လည်း အများပါဝင်ဆောင်ရွက်မှု ရှိသင့်ပါသည်။ ရွေးကောက်ပွဲတစ်ကြိမ်နှင့် တစ်ကြိမ်အကြား ကာလတွင် မူဝါဒ အပြောင်းအလဲများ ရှိပါက မဲဆန္ဒရှင်များအနေဖြင့် ယင်းတို့အပေါ် သြဇာသက်ရောက်မှု ရှိနိုင်သင့်ပါသည်။ အရပ်ဘက် လူမှုအဖွဲ့အစည်း (CSO) များနှင့် နိုင်ငံတကာအဖွဲ့အစည်းများသည် အစိုးရများအနေဖြင့် မဲဆန္ဒရှင်များအတွက် အများပါဝင်နိုင်မှုရှိစေရေး လုပ်ဆောင်ပေးရန် တာဝန်ရှိကြောင်း မပြတ် သတိပေးနိုင်ရေးအတွက် ရွေးကောက်ပွဲပြီးသည်နှင့် တစ်ပြိုင်နက် စည်းရုံးလှုံ့ဆော်ရေး (advocacy) လုပ်ငန်းကို စတင် လုပ်ဆောင်သင့်ပါသည်။

အပိုင်းလိုက် ခွဲခြားဖော်ပြသည့် အချက်အလက်များ မရှိခြင်း – အဆင့်အသီးသီးတွင် ပါဝင်ဆောင်ရွက်မှု နည်းပါးနေခြင်းကို ထင်ဟပ်ပေါ်လွင်စေရန် အပိုင်းလိုက် ခွဲခြားဖော်ပြသည့် အချက်အလက်များ လိုအပ်ပါသည်။ အာဖရိကတိုက်တွင် နိုင်ငံအများစုသည် ယခုအခါ အချက်အလက်ကောက်ယူရာတွင် မသန်စွမ်းမှုအခြေအနေ၊ အမျိုးသား အမျိုးသမီး၊ ဒုက္ခသည် အခြေအနေ သို့မဟုတ် အသက်အရွယ်အလိုက် ပိုင်းခြား၍ ကောက်ယူခြင်း မရှိပါ။ အချို့နိုင်ငံများတွင် အပိုင်းများလိုက် ခွဲခြားဖော်ပြသည့် အချက်အလက်အချို့ ရှိသော်လည်း ပုံမှန် ကောက်ယူထားခြင်းမဟုတ်သဖြင့် (update မဖြစ်ပါ) လက်ရှိအခြေအနေမှန်ကို ဖော်ပြနိုင်ခြင်းမရှိပါ။ ဥပမာ ဂါနာနိုင်ငံတွင် ကျား–မ ခွဲခြားဖော်ပြသည့် အချက်အလက်အချို့ ရှိသော်လည်း ပုံမှန် ကောက်ယူခြင်း မရှိပါ။ အာဖရိကနိုင်ငံများအနက် ကင်ညာ (Kenya) နှင့် လီဆိုသို (Lesotho) တို့တွင် ဂျန်ဒါ အညွှန်းကိန်းများ အနည်းဆုံး ဖြစ်ပြီး ဂါနာ (Ghana) နိုင်ငံတွင် အများဆုံး ဖြစ်ပါသည်။ တောင်အာဖရိက (South Africa) တွင် ဂျန်ဒါ အညွှန်းကိန်း အချက်အလက်များ ကောက်ယူသည့် ကြိမ်နှုန်း အများဆုံး ဖြစ်ပြီး အီသီယိုပီးယား (Ethiopia)တွင်မူ အချက်အလက်များ ကြေညာချိန် နောက်ကျလွန်းသဖြင့် အသုံးမဝင်တော့ဘဲ အာဖရိကတိုက်တွင် အနေးကွေးဆုံး ဂျန်ဒါအညွှန်းကိန်း အရင်းအမြစ် ဖြစ်ပါသည် (Open Data Watch 2019)။

ထိခိုက်လွယ်မှု သုံးသပ်ချက် (vulnerability assessment) များ ပုံမှန် မပြုလုပ်ခြင်းနှင့် အုပ်ချုပ်မှုသုံးသပ်ချက် (governance assessment) များကို နယ်ခံများက မိမိတို့၏ သုံးသပ်ချက်အဖြစ် ခံယူရန် လိုအပ်ခြင်း – သုံးသပ်ချက် အများစုမှာ စီမံချက်များအတွက် ရန်ပုံငွေဖြည့်ဆည်းပေးသော နိုင်ငံတကာ အလှူရှင်အဖွဲ့အစည်းများ၏ လိုအပ်ချက်များအပေါ် အခြေခံ၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ မည်သည့်အချက်အလက်များကို ကောက်ယူသင့်ကြောင်း၊ မည်သည့်ဆန်းစစ်ချက်များမှာ အရေးပါဆုံး လိုအပ်ကြောင်း ယင်းအဖွဲ့အစည်းများကပင် ဆုံးဖြတ်သတ်မှတ်ပါသည်။ ပြည်တွင်း ကျွမ်းကျင်သူများကို ငှားရမ်းခေါ်ယူလျက် အလှူရှင် အဖွဲ့အစည်းများတောင်းခံသော အချက်အလက်များကို ပေးနိုင်ရန် လုပ်ဆောင်ပါသည်။ ထိုသို့သော သုံးသပ်ချက်များကို နယ်ခံများက မိမိတို့၏ သုံးသပ်ချက်များအဖြစ် မခံယူကြဘဲ စီမံအုပ်ချုပ်သော ပညာရှင်များအနေဖြင့် အကြံပြုချက်များ အတိုင်း လိုက်နာ၍ အလေးအနက် ဆောင်ရွက်ခြင်းများလည်း နည်းပါးပါသည်။ အာဖရိကတိုက် နိုင်ငံ အများစုတွင် အထူးသဖြင့်ဖယ်ကြဉ်ခံ လူအုပ်စုများနှင့် စပ်လျဉ်း၍ ပြည်တွင်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများကို စောင့်ကြည့်လေ့လာခြင်းမှာ ကုန်ကျစရိတ် ကြီးမြင့်ခြင်းကြောင့် ပြည်တွင်း အဖွဲ့အစည်းများအတွက် စိန်ခေါ်မှု အခက်အခဲ ဖြစ်ပါသည်။ ဖယ်ကြဉ်ခြင်းခံရသော လူအုပ်စုများဆိုင်ရာ အချက်အလက်များ လိုအပ်နေသည့်အပြင် အခြား ဆက်စပ်လိုအပ်ချက်တစ်ရပ်မှာ ရပ်ရွာအသိုက်အဝန်း အသီးသီး၏ လက်ငင်းအလိုအပ်ဆုံး လိုအပ်ချက်များကို ဖော်ထုတ်၍ အများပါဝင်ဆောင်ရွက်နိုင်စေရေးဆိုင်ရာ အစိုးရမူဝါဒများကို အံဝင်ခွင်ကျ ကျင့်သုံးနိုင်ရန် ထိခိုက်လွယ်မှု သုံးသပ်ချက် (vulnerability assessment) များကို ပုံမှန်ပြုလုပ်ရေး ဖြစ်ပါသည်။

သတင်းအချက်အလက် ဖြည့်ဆည်းပေးခြင်း – ဖယ်ကြဉ်ခံလူအုပ်စုများဆိုင်ရာ သတင်းအချက်အလက်များမှာ ကျဉ်းမြောင်းပြီး တစ်ဘက်စောင်းနင်း ဖြစ်နေတတ်ပါသည်။ အထူးသဖြင့် မူလတန်းအဆင့်တွင် အများပါဝင်နိုင်သော ပညာရေးကို အားပေးမြှင့်တင်ခြင်းဖြင့် ဖယ်ကြဉခ်ံလူအုပ်စုများ လူမှုလုပ်ငန်းများတွင် ပေါင်းစည်းပါဝင်နိုင်ပြီး နောက်ပိုင်း နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်လာနိုင်ရန် များစွာ အထောက်အကူဖြစ်နိုင်ပါသည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ကို အသုံးပြုလျက် ဖယ်ကြဉခ်ံအုပ်စုများအကြောင်း သတင်းအချက်အလက်များ ရရှိနိုင်ရန်နှင့် ၎င်းတို့အနေဖြင့်လည်း သတင်းအချက်အလက်များ ပိုမို၍ ရယူနိုင်ရန် ဆောင်ရွက်ပေးပါက အများပါဝင်ဆောင်ရွက်မှု မြင့်မားလာနိုင်ပါသည်။ ကင်ညာနိုင်ငံတွင် လူငယ်အများအပြားသည် ပြည်သူလူထုဆိုင်ရာအသိပညာ (civic awareness) မရှိဘဲ နိုင်ငံရေး လုပ်ငန်းစဉ် လိုအပ်ချက်များကို နားမလည်ကြောင်း လေ့လာတွေ့ရှိရပါသည် (Mzalendo Trust 2019)။

ဖယ်ကြဉ်ခံအုပ်စုများကို ယဉ်ကျေးမှုပိုင်း နှိမ့်ချခြင်းနှင့် ကျဉ်းမြောင်းစွာ အုပ်စုသတ်မှတ်ခြင်း – အထက်ဖော်ပြပါ ဘေးဖယ်ခံအုပ်စုများသည် ယဉ်ကျေးမှုအကြောင်းများကြောင့် ဒေသန္တရနှင့် နိုင်ငံအဆင့် နိုင်ငံရေး လုပ်ဆောင်မှုများတွင် မဝင်ဆံ့ပါ။ ၎င်းတို့ကို ရည်ညွှန်းသော စကားပြောဝေါဟာရများမှာ နှိမ့်ချခေါ်ဝေါ်ခြင်းများ ဖြစ်လေ့ရှိပြီး ၎င်းတို့ကိုယ်တိုင်မှာ ပင်မနိုင်ငံရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် မဝံ့ဘဲ မိမိကိုယ်ကို ယုံကြည်မှု မရှိကြပါ။ ဘေးဖယ်ခံ လူအုပ်စုများကို အဓိပ္ပာယ် သတ်မှတ်ပုံ ပိုမိုကျယ်ပြန့်ရန် လိုအပ်ပါသည်။ လက်ရှိ အလားအလာများကို သုံးသပ်ပါက အမျိုးသမီးများ၊ လူငယ်များ၊ ဒုက္ခသည်များနှင့် မသန်စွမ်းသူများကို အဓိကထား

ရှုံမှုဖြင့် မလုံလောက်ပါ။ ယင်းသို့ အဓိပ္ပာယ်သတ်မှတ်မည်ဆိုပါက လိင်လူနည်းစုများ (LGBTI) (အမျိုးသမီး လိင်တူစုံမက်သူ၊ အမျိုးသားလိင်တူစုံမက်သူ၊ လိင်နှစ်မျိုးလုံးစုံမက်သူ၊ လိင်ပြောင်း၊ ဒွိလိင်)၊ သက်ကြီးများ၊ စိတ်ကျန်းမာရေး ပြဿနာ ရှိသူများ၊ ယခင်က လက်နက်ကိုင်များအဖြစ် တိုက်ခိုက်ခဲ့သူများ ကဲ့သို့ လူနည်းစုများ မပါဝင်ဘဲ ကျန်နေပါမည်။ ယင်းဘေးဖယ်ခံ လူအုပ်စုများ အားလုံး ဒေသန္တရနှင့် တစ်နိုင်ငံလုံးအဆင့်များတွင် နိုင်ငံရေး၌ တက်ကြွစွာ ပါဝင်ဆောင်ရွက်နိုင် ရန် ရည်ရွယ်ချက်ရှိစွာ ကြိုးပမ်းဆောင်ရွက်ဖို့ လိုအပ်ပါသည်။ ဂါနာ (Ghana) နိုင်ငံတွင် မသန်စွမ်း သူ ၉၅% ကျော်က လက်ရှိ ယဉ်ကျေးမှုအရ နှိမ့်ချခံရခြင်းကြောင့် နိုင်ငံရေးတွင် မဝင်ဆံ့မှု (political marginalization) များစွာ ပိုမိုဆိုးဝါးသည်ဟု ဆိုပါသည် (Virendrakumar et al 2017)။ ကင်ညာနိုင်ငံတွင် အမျိုးသမီး ကိုယ်စားလှယ်လောင်းများက ခြိမ်းခြောက်စာများ ပို့ခြင်းခံရသည် ဟု တိုင်ကြားမှုများ ရှိပါသည် (Mzalendo Trust 2019)။

စီမံအုပ်ချုပ်ရေးနှင့် မူဝါဒချမှတ်ရေး အထူးသဖြင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးအစီအမံ များ မလုံလောက်ခြင်း – နိုင်ငံအများစုတွင် ဗဟိုချုပ်ကိုင်သည့် စီမံကိန်းရေးဆွဲရေး ပုံစံကို ကျင့်သုံး ရာ အများပါဝင်ဆောင်ရွက်ရေး အခွင့်မသာဘဲ ဖြစ်တတ်ပါသည်။ အမျိုးသားဖွံ့ဖြိုးရေးမူဝါဒများကို တစ်နိုင်ငံလုံးအဆင့်တွင် မူကြမ်းရေးဆွဲရာ၌ ဖယ်ကြဉ်ခံလူအုပ်စုအသီးသီး၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားခြင်း မရှိပါ။ ယင်းသို့သော စီမံကိန်းများသည် မသန်စွမ်းသူများ၊ ဒုက္ခသည်များ၊ လူငယ်များနှင့် အမျိုးသမီးများ၏ လိုအပ်ချက်များနှင့် စပ်လျဉ်း၍ ပေါ့ပေါ့တန်တန် အလွယ်လမ်း လိုက်၍ စီစဉ်ဆောင်ရွက်တတ်ပါသည်။ အင်စတီကျူးရှင်း (အဖွဲ့အစည်းစနစ်)များကို အားကောင်း စေခြင်း၊ စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းဖြင့် နိုင်ငံသားများအား စွမ်းဆောင်နိုင်ခွင့်မြှင့်တင် ပေးပါက အများပါဝင်စေရေးဆိုင်ရာ ရည်မှန်းချက်များကို ဖော်ဆောင်နိုင်ရေးအတွက် များစွာ အထောက်အကူဖြစ်နိုင်ပါသည်။ ဥပမာ ဂါနာ (Ghana) နိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ဗဟို ချုပ်ကိုင်မှု လျှော့ချရေး ပါဝင်သော်လည်း ဒေသန္တရအစိုးရအဖွဲ့အစည်းအများစုမှာ အောက်ခြေ အဆင့်တွင် တာဝန်ယူတာဝန်ခံမှုရှိစေရေး ဆောင်ရွက်နိုင်လောက်သည့် အင်အားမရှိပါ။

နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ရန် ကုန်ကျစရိတ်ကြီးမြင့်ခြင်း – ဘေးဖယ်ခံရသူများသည် နိုင်ငံရေး ဆောင်ရွက်မှုများတွင် ပါဝင်ရန် ကုန်ကျစရိတ်မတတ်နိုင်ဘဲ ရှိတတ်ပါသည်။ အစိုးရများ အနေဖြင့် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ရန် စိတ်ပါဝင်စားသူများအတွက် ထောက်ပံ့ငွေပေး ခြင်း သို့မဟုတ် အခွန်ငွေ ပြန်အမ်းခြင်းများ လုပ်ဆောင်နိုင်ပါသည်။ တောင်ဆူဒန်တွင် မသန်စွမ်း သူများပါဝင်နိုင်ရေးမူဝါဒ ချမှတ်ထားသော်လည်း မသန်စွမ်း အများအပြားမှာ အခြား စိန်ခေါ်မှု အခက်အခဲများကြောင့် အထူးသဖြင့် နိုင်ငံရေးတွင် ပါဝင်ရသည့် ကုန်ကျစရိတ်ကို မတတ်နိုင်ခြင်း ကြောင့် ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံရန် အခက်အခဲရှိပါသည်။ ဂါနာနိုင်ငံတွင် ယခုအခါ နိုင်ငံရေးရာထူးနေရာအတွက် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရသည့် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၈၅၀၀၀ ခန့်ရှိပြီး ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ် အထိ ၅၉% တိုးမြင့်လာပါသည် (Westminster Foundation for Democracy 2020)။ ကင်ညာနိုင်ငံတွင် နိုင်ငံရေးလုပ်ရသည့် ကုန်ကျစရိတ် ကြီးမြင့်ခြင်းကြောင့် နိုင်ငံရေးတွင် ပါဝင်နိုင်ရေး အဟန့်အတား ကြီးတစ်ရပ် ဖြစ်နေပါသည် (Mzalendo Trust 2019)။

လူ့စွမ်းအားအရင်းအမြစ် ပြည့်စုံလုံလောက်မှုမရှိခြင်း – ဥပဒေမူဘောင်များအတိုင်း လိုက်နာစေရေး ဆောင်ရွက်သူများ၊ အများပါဝင်နိုင်ရေး အားပေးမြှင့်တင်သည့် ဥပဒေများကို

အကောင်အထည်ဖော်ရန် စည်းရုံးလှုံ့ဆော်လျက် အခြားသူများကို လေ့ကျင့်သင်တန်းပေးသူများကဲ့သို့ အများပါဝင်နိုင်ရေး အားပေးမြှင့်တင်ရန် ဆောင်ရွက်နေသူများအတွက် စွမ်းဆောင်ရည်တည်ဆောက်ပေးရန် လိုအပ်ပါသည်။ ယင်းသို့သော လေ့ကျင့်သင်တန်းပေးမှုများမှာ အချိန်ကာလကြာမြင့်ပြီး ကုန်ကျစရိတ်လည်း အလွန်များပြားတတ်ပါသည်။ သို့ဖြစ်၍ လေ့ကျင့်သင်တန်းပေးမှုရရှိထားပြီးသော ကျွမ်းကျင်သူအနည်းငယ်မှာ လွန်စွာ အလုပ်များပြီး လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ရသည့် စိန်ခေါ်မှုအခက်အခဲများကို အလျဉ်မီအောင် မကိုင်တွယ်နိုင်ဘဲရှိတတ်ပါသည်။ အာဖရိက တစ်တိုက်လုံးတွင် ဥပဒေပြုသူ လွှတ်တော်ကိုယ်စားလှယ်များအနက် အမျိုးသမီးများနှင့် မသန်စွမ်းသူများ အနည်းငယ်သာ ရှိသည်ကို ကြည့်ခြင်းဖြင့် အများပါဝင်နိုင်ရေး လုပ်ဆောင်နေသူများ၏ အနေအထား အားနည်းနေကြောင်း သိရှိနိုင်ပါသည်။

အများပါဝင်နိုင်မှုနှင့် တုံ့ပြန်ဆောင်ရွက်နိုင်မှု မရှိသည့် ဘတ်ဂျက်များ – အာဖရိကတိုက်တွင် အများပါဝင်နိုင်မှု အရှိဆုံး ဘတ်ဂျက်များမှာ ဂျန်ဒါ ဆိုင်ရာ တုံ့ပြန်ဆောင်ရွက်နိုင်မှုရှိသော ဘတ်ဂျက်များဖြစ်ပါသည်။ အများပါဝင်နိုင်မှု ကိစ္စရပ်များနှင့် ချိတ်ဆက်ထားသော ဘတ်ဂျက်အများစုမှာ ဘတ်ဂျက်ကို အတည်ပြုပြီးမှ ယင်းကိစ္စရပ်များကို ကိုင်တွယ်ခြင်းဖြစ်ပါသည်။ ဘတ်ဂျက်စတင်ရေးဆွဲချိန်တွင် ဖယ်ကြဉ်ခံအုပ်စုများကို ပါဝင်ရန် ဖိတ်ခေါ်ခြင်းမရှိပါ။ သို့ဖြစ်၍ ထိုအုပ်စုများ၏ လိုအပ်ချက်များကို ဘတ်ဂျက်အတွင်း ထည့်သွင်းထားသည် ဆိုလျှင်လည်း စိုးရိမ်ပူပန်မှုများကို သိနားလည်ခြင်း မရှိသူများက မိမိတို့ ထင်မြင်ယူဆချက်များအပေါ် အခြေခံလျက် ထည့်သွင်းခြင်းသာ ဖြစ်ပါသည်။ အမျိုးသမီးများ၊ ဒုက္ခသည်များ၊ လူငယ်များနှင့် မသန်စွမ်းသူများကဲ့သို့သော အုပ်စုများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များမှာ ဘတ်ဂျက်တွင် နောက်တိုးအနေဖြင့်သာ ထည့်သွင်းထားခြင်း ဖြစ်တတ်ပါသည်။ ဘေးဖယ်ထားခြင်းအခံရဆုံးသူများ၏ လူ့စွမ်းအားအရင်းအမြစ်နှင့် ငွေကြေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်လည်း လိုအပ်လျက်ရှိပါသည်။ အုပ်စုအသီးသီးဆိုင်ရာ ကိစ္စရပ်များကို ကိုင်တွယ်သော စီမံအုပ်ချုပ်ရေး ဝန်ထမ်းများကို လေ့ကျင့်သင်တန်းပေးပြီး ယင်းအုပ်စုများ နိုင်ငံရေးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လာနိုင်ရန် ကူညီပံ့ပိုးပေးမည့် ထောက်ပံ့ပို့ဆောင်မှုများ ရရှိရေးအတွက် ငွေကြေးရင်းနှီးမြှုပ်နှံရပါမည်။ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ဖယ်ကြဉ်ခံလူအုပ်စုများ ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ကင်ညာနိုင်ငံတွင် နိုင်ငံရေးပါတီများအား ထုတ်ပေးသော အများပြည်သူရန်ပုံငွေများအနက် အမျိုးသမီး နိုင်ငံရေး သမားများ ရရှိသော ငွေပမာဏမှာ အလွန်နည်းပါးပါသည် (Mzalendo Trust 2019)။

နိုင်ငံရေးတွင် အများပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်သော ဥပဒေများနှင့် မူဝါဒများကို အကောင်အထည်ဖော်ရေး အစီအမံများ မလုံလောက်ခြင်း – ဤဖြစ်ရပ်မျိုး အတွေ့ရအများဆုံးမှာ အများပြည်သူဆိုင်ရာ အဆောက်အဦများကို မသန်စွမ်းသူများ ဝင်ထွက်သွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိရေး ဥပဒေများနှင့် သက်ဆိုင်ပါသည်။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ် (Convention on the Rights of Persons with Disabilities) ကို အတည်ပြုထားသော နိုင်ငံများမှာပင် သွားရေးလာရေးပိုင်း မသန်စွမ်းသူများ လွယ်လင့်တကူ ဝင်ထွက်သွားလာနိုင်သည့် အများပြည်သူဆိုင်ရာ အဆောက်အဦများ နည်းပါးနေတတ်ပါသည်။ ဒေသန္တရ အုပ်ချုပ်မှုတွင် လူအများ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အထူးသဖြင့် ခရိုင်အဆင့်တွင် ယင်းသို့သော အဆောက်အဦများကို ဝင်ထွက်သွားလာနိုင်ရန် စီစဉ်ထားဖို့ လိုအပ်ပါသည်။

ဆိုက်ဆေဗာ (Sightsavers) အဖွဲ့မှ ထုတ်ဝေသော အစီရင်ခံစာအရ လိုက်ဘေးရီးယား (Liberia)၊ နိုက်ဂျီးရီးယား (Nigeria) နှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (DRC) တို့တွင် ရွေးကောက်ပွဲကော်မရှင်များသည် သွားရေးလာရေးပိုင်း သို့မဟုတ် ကိုယ်အင်္ဂါ မသန်စွမ်းသော မဲဆန္ဒရှင်များ ကြုံတွေ့ရသည့် ကန့်သတ်ချက်များကိုလည်းကောင်း၊ မဲရုံ တစ်ရုံနှင့် တစ်ရုံအကြား အကွာအဝေးကိုလည်းကောင်း၊ မဲရုံများ၏ တည်နေရာမှာ သွားရောက်ရန် ခက်ခဲခြင်းကိုလည်းကောင်း ထည့်သွင်းစဉ်းစားခြင်း အလျဉ်းမရှိသော စည်းမျဉ်းများ ထုတ်ပြန်ထားသည်ကို တွေ့ရှိရပါသည် (Virendrakumar et al 2017)။

တာဝန်ယူတာဝန်ခံမှုယန္တရားများ မလုံလောက်ခြင်း – အတည်ပြု လက်မှတ်ရေးထိုးထားသည့် နိုင်ငံတကာ သဘောတူစာချုပ်များကို အာဖရိကတိုက်နိုင်ငံအများစုတွင် လိုက်နာဆောင်ရွက်သည့် ယန္တရားများမှာ မခိုင်မာခြင်း၊ သို့မဟုတ် မရှိခြင်းများ ဖြစ်နေပါသည်။ လက်ရှိအခြေအနေတွင် သုံးသပ်ချက်အသီးသီးကို အုပ်စုအသီးသီးက ဦးတည်ချက်အမျိုးမျိုးဖြင့် လုပ်ဆောင်လျက်ရှိပါသည်။ သို့ဖြစ်၍ ကိစ္စရပ်များကို ယူဆပုံ (conceptualization)၊ ရယူကြည့်ရှုနိုင်ရေး စည်းမျဉ်းသတ်မှတ်ချက်များ (terms of access)၊ စုဆောင်းရရှိသော အချက်အလက်များကို အသုံးပြုပုံ၊ အချက်အလက်စုဆောင်းရာတွင် ပါဝင်သည့် ပထဝီနယ်မြေဒေသ တို့နှင့် စပ်လျဉ်းသည့် ပြဿနာများ ရှိနိုင်ပါသည်။ အစိုးရများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ တက္ကသိုလ်ပညာရှင်အဖွဲ့အစည်းများ၊ အလှူရှင်အဖွဲ့အစည်း အသိုက်အဝန်းများက အုပ်ချုပ်ရေးသုံးသပ်ချက် (governance assessment) များ ပြုလုပ်ရာတွင် တစ်ခုနှင့်တစ်ခု ဖြည့်ဘက် ဖြစ်စေရန် လိုအပ်ပါသည်။ သို့မှသာ အုပ်ချုပ်ရေးသုံးသပ်ချက် (governance assessment) များကို မိမိတို့ နိုင်ငံတွင်း သုံးသပ်ချက်များအဖြစ် ခံယူကြပြီး အုပ်စုအသီးသီးက ကုန်ကျစရိတ်များကို မျှဝေကျခံနိုင်မည်ဖြစ်၍ ကုန်ကျစရိတ်အရလည်း ထိရောက်မှုရှိပါမည်။

အခြေခံအဆောက်အဦနှင့် သယ်ယူပို့ဆောင်ရေး – အများပါဝင်နိုင်မှုရှိစေရေး စည်းရုံးလှုံ့ဆော်ရန်အတွက် အုပ်ချုပ်မှုအဆင့် အသီးသီးတွင် လူထုလှုပ်ရှားမှုနှင့် မဲဆွယ်စည်းရုံးမှုများအင်တိုက်အားတိုက် လုပ်ဆောင်ရပါသည်။ နယ်မြေဒေသ အသီးသီးတွင် ပြုလုပ်သော အများပြည်သူ ဖိုရမ်ဆွေးနွေးပွဲများတွင်လည်း ပါဝင်တက်ရောက်ရပါသည်။ ပြည်တွင်း ပြည်ပ ခရီးသွားရခြင်းများလည်း များပြားပါသည်။ ယင်းသို့သော လုပ်ငန်းအစီအစဉ်များ လုပ်ဆောင်ရန် လိုအပ်သည့် ထောက်ပံ့ပို့ဆောင်ရေးများကို အုပ်စုအများအပြားအနေဖြင့် မရရှိနိုင်ပါ၊ သို့မဟုတ် ကုန်ကျစရိတ်များလွန်းပါသည်။ သို့ဖြစ်၍ လုပ်ဆောင်နိုင်သူ အနည်းငယ်ကသာ ပွဲတိုင်းကျော်များအဖြစ် ယင်းပြုပြင်ပြောင်းလဲရေး စည်းရုံးလှုံ့ဆော်မှုများ၏ ပြယုဂ်များ ဖြစ်လာကြပါသည်။ ယင်းသို့သော အများသိ ထင်ရှားသူများ ရုတ်တရက် ကွယ်လွန်သွားသောအခါ သို့မဟုတ် လုပ်ငန်းဆောင်ရွက်ခြင်း မပြုနိုင်တော့သောအခါ လူထုလှုပ်ရှားမှု ကြိုးပမ်းချက်များကို ထိခိုက်တတ်ပါသည်။

ကိုဗစ်–၁၉ ၊ နိုင်ငံ့အရေးအရာနှင့် လူမှုအရေးအရာတွင် ပြည်သူလူထုပါဝင်နိုင်သည့် အခင်းအကျင်း (civic space)၊ အများပြည်သူပါဝင်ဆောင်ရွက်မှုနှင့် လူ့အခွင့်အရေး အားပေးမြှင့်တင်မှုတို့ ယိုယွင်းခြင်း – ကပ်ရောဂါ ဖြစ်ပွားစဉ် ကာလအတွင်း နိုက်ဂျီးရီးယား (Nigeria) နိုင်ငံတွင် လူငယ်များ ဦးဆောင်သည့် ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ရာ အာဏာရ အစိုးရအပေါ် မဲဆန္ဒရှင်များ ယုံကြည်မှု ကင်းမဲ့ပါက မည်သို့ ပြုမူလာနိုင်ကြောင်း ထင်ဟပ်ပေါ်လွင်လျက် ရှိပါသည်။

နိုက်ဂျီးရီးယား လူငယ်များ အသုံးပြုခဲ့သည့် မဟာဗျူဟာ အချို့မှာ အကျိုးရှိပါသည်။ နည်းပညာကို အသုံးပြုခြင်း၊ အဓိက ဦးစီးဦးဆောင်ပြုသူများက တက်ကြွလှုပ်ရှားခြင်း၊ နိုင်ငံတကာက စာနာမှု ရှိရန် နှိုးဆော်ခြင်းတို့ကြောင့် အသာစီး ရရှိခဲ့ပါသည်။ ၎င်းတို့သိစေလိုသည့် အချက် (message) မှာလည်း ကာလတိုအတွင်း ကျယ်ပြန့်စွာ ပြန့်နှံ့ခဲ့ပြီး ၎င်းတို့၏ တောင်းဆိုချက်များကို အစိုးရက ပိုမို၍ အလေးဂရု ပြုခဲ့ရပါသည်။ လူငယ်များ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ရဲများက ခုခံခဲ့သော်လည်း နှစ်ကာလကြာရှည်စွာ လူငယ်များ ဘေးဖယ်ခံရမှုကို သတိမူမိလာစေရန် လုပ်ဆောင်ရာ၌ အောင်မြင်မှုရရှိပါသည်။

အခန်း ၇

# အာဖရိကတိုက်၌ နိုင်ငံရေးတွင် အများပါဝင်ဆောင်ရွက်မှု တိုးတက်မြင့်မားစေရေး မဟာဗျူဟာများ

နိုင်ငံရေးတွင် အများပါဝင်မှုနှင့် ပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်မှုများကို အချိန်တိုအတွင်း နယ်မြေဒေသ အနှံ့အပြားတွင် ရလဒ်အများဆုံး ထွက်ပေါ်စေလိုပါက ကျင့်သုံးသင့်သည့် ချဉ်းကပ်ပုံမှာ ကဏ္ဍအများကို တစ်ပြိုင်တည်း ဆောင်ရွက်သည့် ချဉ်းကပ်ပုံ ဖြစ်ပြီး လူငယ်လူကြီး မျိုးဆက်အသီးသီးလည်း ပါဝင်ရန် လိုအပ်ပါသည်။ အောက်ဖော်ပြပါ ဆွေးနွေးချက်များမှာ မတူညီသော ဘေးဖယ်ခံ အုပ်စုများ၊ အထူးသဖြင့် ဤအစီရင်ခံစာတွင် မီးမောင်းထိုး ဖော်ပြထားသော အုပ်စုများအတွက် အသုံးပြုနိုင်ပါမည်။

## ၇-၁ အစိုးရများအတွက် မဟာဗျူဟာများ

### ဥပဒေပြုပြင်ပြောင်းလဲရေး (Legal reform) နှင့် တန်းတူရေး အထူးစီမံဆောင်ရွက်ချက် (affirmative action) မူဝါဒများ

တန်းတူရေး အထူးစီမံဆောင်ရွက်ချက်(affirmative action) နှင့် အများပါဝင်နိုင်မှုကို အားပေးမြှင့်တင်သည့် ဥပဒေများ ထုတ်ပြန်/ပြဋ္ဌာန်းရန် လိုအပ်ပါသည်။ ပြည်တွင်းဥပဒေများသည် သက်ဆိုင်ရာနိုင်ငံက အတည်ပြုထားသော နိုင်ငံတကာ သဘောတူစာချုပ်များနှင့် ညီညွတ်ရပါမည်။ ဂါနာ (Ghana)၊ မောရစ်ရှပ် (Mauritius) နှင့် တန်ဇန်နီးယား (Tanzania) ကဲ့သို့သော နိုင်ငံအချို့တွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတွင်း မသန်စွမ်း မဲဆန္ဒရှင်များ တက်ကြွစွာ ပါဝင်နိုင်ရေး ဥပဒေများ ပြဋ္ဌာန်းထားပြီး ဖြစ်ပါသည်။ တန်းတူရေး အထူးစီမံဆောင်ရွက်ချက် (affirmative action) ကို တရားရုံးများတွင် တရားစွဲဆို တောင်းခံနိုင်ရန်အတွက် ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းပေးသင့်ပါသည်။

### စစ်မှန်သော ခွဲတမ်းစနစ်များကို အကောင်အထည်ဖော်ခြင်း

အစိုးရများသည် အမျိုးသမီးများ၊ လူငယ်များနှင့် မသန်စွမ်းသူများ ကဲ့သို့ ဖယ်ကြဉ်ခံ အုပ်စုများအတွက် ရွေးကောက်ပွဲ ခွဲတမ်းများ သတ်မှတ်ပေးပြီး ၎င်းတို့ကို ခွဲခြားဆက်ဆံမှု မပြု

ရေး တားဆီးရန် ဥပဒေများ ပြဋ္ဌာန်းသင့်ပါသည်။ ဆောင်ရွက်သင့်သည့် ခွဲတမ်းစနစ်မှာ ဥပဒေပြဋ္ဌာန်း၍ လူအုပ်စု အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်နေရာ အရေအတွက်ကို သီးသန့်ထားရှိပေးပြီး မလိုက်နာလျှင် မည်သို့သော အကျိုးဆက်များ ရှိမည်ကို သတ်မှတ်သော စနစ်ဖြစ်ပါသည်။ ဤစနစ်ရှိခြင်းဖြင့် CSO များ၊ NGO များနှင့် အများပါဝင်နိုင်မှုအတွက် စည်းရုံးလှုံ့ဆော်သော ညွန့်ပေါင်း အဖွဲ့များသည် လက်တွေ့ဖြစ်နိုင်သော ရည်မှန်းချက်များ ထားရှိလျက် ဥပဒေပြဋ္ဌာန်းချက်များ၏ ပံ့ပိုးမှုဖြင့် လိုက်နာစေရေး အရေးယူဆောင်ရွက်နိုင်ပါသည်။ သို့ရာတွင် ကာလရှည် တည်တံ့နိုင်ရန် ခွဲတမ်းအခြေပြု ကိုယ်စားလှယ်နေရာများ/ရာထူးနေရာများ ရရှိသူများကို ပံ့ပိုးရန် ခိုင်မာသည့် မူဝါဒ မူဘောင်များကို ချမှတ်ကျင့်သုံးရန် လိုအပ်ပါသည်။

## နိုင်ငံရေးတွင် အများပါဝင်နိုင်မှုအတွက် အားလုံးအသုံးပြုနိုင်သော ဒီဇိုင်းပုံစံ

နိုင်ငံရေးတွင် အများပါဝင်ဆောင်ရွက်မှုတိုးတက်မြင့်မားစေရန် အစိုးရများအနေဖြင့် အခြေခံ အဆောက်အဦများ တည်ဆောက်ရာတွင် ဒေသအဆင့်နှင့် နိုင်ငံတကာ စာချုပ်စာတမ်းများ၊ အကောင်းဆုံး လုပ်ငန်းစဉ်များကို လမ်းညွှန်အဖြစ် ခံယူလျက် အားလုံးအသုံးပြုနိုင်သော ဒီဇိုင်းပုံစံများကို အဆင့်ဆင့် တိုးတက်၍ အသုံးပြုသင့်ပါသည်။ ဥပမာ မဲပေးခြင်းနှင့် အများပြည်သူ ဝန်ဆောင်မှုများဆိုင်ရာ အခြေခံအဆောက်အဦများ ဖြစ်ပါသည်။ အားလုံး မဲပေးခွင့်ရှိရေး အပြည့်အဝ ဖော်ဆောင်နိုင်ရန် မသန်စွမ်းမှု ပုံစံအမျိုးမျိုးကို ထည့်သွင်းစဉ်းစားလျက် ယင်းသို့သော အဆောက်အဦများတွင် မဲဆန္ဒရှင် စာရင်းသွင်းခြင်း၊ မဲဆွယ်ခြင်းနှင့် မဲပေးခြင်းတို့ကို လွယ်ကူချောမွေ့စေသည့် မသန်စွမ်းသူ အကူအညီပေး ကိရိယာများနှင့် နည်းပညာများကို ထည့်သွင်းတည်ဆောက်နိုင်ပါသည်။

## ကိုဗစ်-၁၉ တုံ့ပြန်မှု အစီအစဉ်ရေးဆွဲခြင်း

ကပ်ရောဂါကို အကြောင်းပြု၍ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုကို ပိတ်ဆို့ခြင်းများမဖြစ်စေရန် အစိုးရများက ဆောင်ရွက်ရပါမည်။ အစိုးရများသည် အနည်းဆုံးအားဖြင့် အချိုးအစားမျှတသော အစီအမံများကိုသာ ဆောင်ရွက်ပြီး အများပြည်သူ ကျန်းမာရေးနှင့် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုတို့အကြား ဟန်ချက်ညီစေရန် ဖြစ်ပါသည်။ ကပ်ရောဂါကြောင့် အုပ်ချုပ်မှုအပေါ် ထိခိုက်သည့် အညွှန်းကိန်းတစ်ခုမှာ အာဖရိကတိုက်တွင် အစိုးရများ သို့မဟုတ် ရွေးကောက်ပွဲစီမံခန့်ခွဲမှုအဖွဲ့ (EMB) များက ရွေးကောက်ပွဲများကို အန္တရာယ်ကင်းရှင်းစွာ ကျင်းပနိုင်ခြင်းမရှိဟု ဆုံးဖြတ်လျက် ရွှေ့ဆိုင်းကြခြင်း ဖြစ်ပါသည်။ အသွားအလာ ပိတ်ပင်သည့် လော့ဒေါင်း အစီအမံများကို ကျင့်သုံးပြီး အရေးယူဆောင်ရွက်ခြင်းကြောင့် နိုင်ငံရေး ထုတ်ဖော်ပြောဆိုနိုင်ရန် အထူးအရေးကြီးသော လွတ်လပ်စွာ အသင်းအဖွဲ့ ဖွဲ့စည်းခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်တို့ လျော့ပါးသွားပါသည်။

## နိုင်ငံအဆင့်တွင် ကဏ္ဍအလိုက် အချက်အလက်များ ပိုင်းခြား၍ ကောက်ယူခြင်း

အများပါဝင်သော ဒီမိုကရေစီနှင့်စပ်လျဥ်းသည့် ကဏ္ဍအလိုက် ပိုင်းခြားထားသော အချက်အလက်များ ရရှိရေး ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဥပမာ လာရောက်မဲပေးသည့် မဲဆန္ဒရှင် အရေအတွက် အချိုးအစား ဆိုင်ရာ အချက်အလက်များကို ဖော်ပြလျက် အများပါဝင်

ဆောင်ရွက်မှုအတွက် တွန်းအားပေး ဆောင်ရွက်ခြင်းမျိုး ဖြစ်ပါသည်။ အစိုးရအဖွဲ့အစည်းများက အချက်အလက်များ ကောက်ယူပြီး အများပြည်သူသို့ မျှဝေခြင်းဖြင့် လူတစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများအနေဖြင့် စိတ်ပါဝင်စားပါက စီမံကိန်းရေးဆွဲရာတွင် ယင်းအချက်အလက်များကို လွယ်လင့်တကူ အသုံးပြုနိုင်ရန်ဖြစ်ပါသည်။

## နိုင်ငံရေးပါဝင်ဆောင်ရွက်မှု လုပ်ငန်းများတွင် နည်းပညာကို ထည့်သွင်းအသုံးပြုခြင်း

နည်းပညာကို စည်းရုံးလှုံ့ဆော်ရေးနှင့် ပါဝင်ဆောင်ရွက်ရေး နည်းလမ်းကိရိယာတစ်ရပ်အဖြစ် အသုံးပြုလျက် ဖယ်ကြဥမှုကို လျှော့ချနိုင်ပါသည်။ စည်းရုံးလှုံ့ဆော်ရေး နည်းလမ်းကိရိယာတစ်ရပ်အဖြစ် နည်းပညာကို အသုံးပြုလျက်ဖယ်ကြဥခံအုပ်စုများအတွင်းတွင်လည်းကောင်း၊ ယင်းအုပ်စုများအကြားတွင်လည်းကောင်း၊ ယင်းအုပ်စုများနှင့် ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းအကြားတွင်လည်းကောင်း အပြန်အလှန် ထိတွေ့ဆက်ဆံမှု၊ ပါဝင်ဆောင်ရွက်မှုတို့ လွယ်ကူချောမွေ့စေနိုင်ပါသည်။ ပါဝင်ဆောင်ရွက်ရေး နည်းလမ်းကိရိယာတစ်ရပ်အဖြစ် နည်းပညာကိုအသုံးပြုခြင်းသည် ဘေးဖယ်ခံရသူများ ပါဝင်ဆောင်ရွက်မှုကို အဆင့်မြှင့်တင်ပေးနိုင်ပါသည်။ ဥပမာ မွေးစာရင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ထိရောက်စွာ မှတ်တမ်းတင်ထားရှိပြီး မဲပေးသည့် အသက်အရွယ်သို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက် လူငယ်များ မဲပေးနိုင်ရန် မဲစာရင်းသွင်းခြင်း ဖြစ်ပါသည်။ သို့ဖြင့် ပြည်သူ့ဆန္ဒအကောင်အထည်ဖော်ရေး ဒီမိုကရေစီ တိုးတက်မြင့်မားစေရေး နည်းလမ်းကိရိယာတစ်ရပ်အဖြစ် နည်းပညာကို အသုံးပြုပြီး နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ရန် စွမ်းဆောင်နိုင်စေသည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးနိုင်ပါသည်။ နိုင်ငံအများစုတွင် နည်းပညာအသုံးပြုမှု လျင်မြန်စွာ ပြန့်ပွားလာလျက်ရှိခြင်းကြောင့် အစိုးရများသည် နည်းပညာကို သတင်းအချက်အလက် ဖြန့်ချိရေးနှင့် အများပါဝင်စေရေး နည်းလမ်းကိရိယာတစ်ရပ်အဖြစ် ရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။ သို့ဖြင့် နိုင်ငံသားများ ပါဝင်ဆောင်ရွက်ရာတွင် ကုန်ကျစရိတ် သက်သာစေနိုင်ပါသည်။ နိုက်ဂျီးရီးယား (Nigeria) တွင် အမျိုးသား လူငယ် ဝန်ဆောင်မှု တပ်ဖွဲ့ (National Youth Service Corps)သို့ ဝင်ရောက်သော လူငယ်များကို ရွေးကောက်ပွဲနေ့ လုပ်ငန်းများဆောင်ရွက်ရန် လေ့ကျင့်သင်တန်းပေးပါသည် (International IDEA 2015)။

## နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ရေး ဥပဒေသတ်မှတ်ချက်များ သဟဇာတဖြစ်စေခြင်း

အာဖရိကသမဂ္ဂ (AU) က အတည်ပြုထားသော ဒေသအဆင့် ဥပဒေ စာချုပ်စာတမ်းများကို လမ်းညွှန်အဖြစ် ခံယူလျက် အစိုးရများသည် မဲပေးခွင့်နှင့် နိုင်ငံရေးရာထူးတာဝန်အတွက် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခွင့် အရည်အချင်းသတ်မှတ်ချက်များဆိုင်ရာ ဥပဒေပါ လိုအပ်ချက်များအချင်းချင်း သဟဇာတဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။ ယင်းလိုအပ်ချက်များ တစ်နိုင်ငံနှင့် တစ်နိုင်ငံ မတူညီဘဲ ကွဲလွဲနေပါက အာဖရိကတိုက်တွင် ပါဝင်ဆောင်ရွက်မှုနှင့် အများပါဝင်မှုကို အားပေးမြှင့်တင်သည့် လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခြင်းတို့မှာ အစဉ်တစိုက် ဟန်ချက်မညီဘဲ ရှိနေပါမည်။ လက်ထပ်ထိမ်းမြားရန်အတွက် အရွယ်ရောက်သူဟု သတ်မှတ်သည့် အသက်အရွယ် (age of majority) ကို လူ့အခွင့်အရေး စာချုပ်စာတမ်းများဖြင့် သဟဇာတဖြစ်စေရန် ဆောင်ရွက်သကဲ့သို့ အာဖရိကနိုင်ငံများက ဘုံတူညီသော စံတန်ဖိုးများ

အဖြစ် သဘောထားသည့် အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များအတွက် အသက်အရွယ် သတ်မှတ်ချက် စံနှုန်းများကိုလည်း သဟဇာတဖြစ်စေရန် ဆောင်ရွက်သင့်ပါသည်။

## ၇-၂ အစိုးရမဟုတ်သော ပါဝင်ဆောင်ရွက်သူများ (Non-State Actors) အတွက် မဟာဗျူဟာများ

### အစိုးရမဟုတ်သော ပါဝင်ဆောင်ရွက်သူများ (Non-State Actors)သည် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုနှင့် အများပါဝင်နိုင်မှုကို ဗဟိုပြု၍ နီးကြားတက်ကြွ ဆောင်ရွက်ကြခြင်း

ဖယ်ကြဉ်ခံအုပ်စုများတွင် ပါဝင်သူများအတွက် စည်းရုံးလှုံ့ဆော်သော အဖွဲ့အစည်းများအနေဖြင့် ယင်းအုပ်စုဝင်များကိုယ်တိုင် စည်းရုံးလှုံ့ဆော်ခြင်းကို အားပေးသင့်ပါသည်။ ပို၍အရေးကြီးသည်မှာ အမျိုးသမီးများ၊ လူငယ်များ၊ ဒုက္ခသည်များနှင့် မသန်စွမ်းသူများ ကဲ့သို့ ဖယ်ကြဉ်ခံလူအုပ်စုများသည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်လာနိုင်စေရန် နိုင်ငံရေး ပါဝင်ဆောင်ရွက်ခြင်းနှင့် အများပါဝင်နိုင်မှုတို့ကို အားပေးမြှင့်တင်သော ဥပဒေပြုရေးနှင့် အခြားအစီအမံများကို နိုင်ငံအစိုးရနှင့် ပြည်နယ်အစိုးရများက ကျင့်သုံးလာစေရန် မဲဆွယ်ရေး နီးကြားစွာဆောင်ရွက်သင့်ပါသည်။ အစိုးရမဟုတ်သော ပါဝင်ဆောင်ရွက်သူများ (Non-State Actors) က အကြိမ်ကြိမ် မဲဆွယ်ကြခြင်းကြောင့် ဒေသအဆင့်အဖွဲ့အစည်းများသည် အထူးအကျိုးစီးပွားအုပ်စုများ၏ အခွင့်အရေးများဆိုင်ရာ စာချုပ်စာတမ်းများကို ချမှတ်အတည်ပြုကြသည့် သာဓကများ ရှိပါသည်။

### ပြည်သူလူထု သိမြင်နားလည်မှု မြှင့်တင်ခြင်း

အစိုးရမဟုတ်သော ပါဝင်ဆောင်ရွက်သူများ (Non-State Actors) သည် အစိုးရများနှင့် ပူးပေါင်းဆောင်ရွက်လျက် နိုင်ငံရေး ပါဝင်ဆောင်ရွက်မှုဆိုင်ရာ သိမြင်နားလည်မှု မြှင့်တင်သင့်ပါသည်။ သို့ဖြင့် နိုင်ငံသားများသည် ဖယ်ကြဉ်ခံအုပ်စုများ ရင်ဆိုင်နေရသည့် စိန်ခေါ်မှုအခက်အခဲများကို သိရှိနားလည်ပါမည်။ လေ့ကျင့်သင်တန်း ပေးရာတွင် အသုံးပြုသော စာအုပ်စာတမ်းများသည် ယဉ်ကျေးမှု ပကတိအခြေအနေနှင့် ကိုက်ညီပြီး ပညာပေးရေးအတွက် ရေးသားပြုစုထားသော စာအုပ်စာတမ်းများ ဖြစ်သင့်ပါသည်။ အားလုံးလေ့လာနိုင်ရန် သင့်တော်သော ပုံစံများဖြင့် ထုတ်ဝေရပါမည်။ အသံနှင့် ရုပ်ပုံ၊ ပုံနှိပ်စာလုံးကြီး၊ မျက်မမြင်စာ ဘရေးလ် ပုံစံများ စသည်တို့ဖြင့် ထုတ်ဝေနိုင်ပါသည်။ ဖယ်ကြဉ်သော အပြုအမူ ပပျောက်စေရေး ရှေးရှုသည့် စာအုပ်စာတမ်းများ၊ နှိမ့်ချခံရမှုအစွန်းရှည်စေသည့် ယဉ်ကျေးမှုပိုင်းဆိုင်ရာ အတားအဆီးများကို ဖယ်ရှားရေးလှုံ့ဆော်သော စာအုပ်စာတမ်းများကို အသုံးပြုသင့်ပါသည်။

### ပြည်တွင်းနှင့် ဒေသအဆင့် အုပ်ချုပ်မှု အင်စတီကျူးရှင်း (အဖွဲ့အစည်းစနစ်) များအကြား ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေခြင်း

ပြည်တွင်းနှင့် ဒေသအဆင့် အုပ်ချုပ်မှု အင်စတီကျူးရှင်း (အဖွဲ့အစည်းစနစ်) များအကြား ပူးပေါင်းဆောင်ရွက်ရန် အစီအစဉ်များမှာ အထူးလိုအပ်ပါသည်။ အာဖရိကတိုက်တောင်ပိုင်း

ဒေသ ဖွံ့ဖြိုးရေးအသိုက်အဝန်း လွှတ်တော် ဖိုရမ်ဆွေးနွေးပွဲအဖွဲ့ (SADC Parliamentary Forum) ကဲ့သို့သော ဒေသခွဲအဆင့် လွှတ်တော်များနှင့် အာဖရိကတိုက် တစ်တိုက်လုံးဆိုင်ရာ လွှတ်တော် (Pan-African Parliament) ကဲ့သို့သော ဒေသအဆင့် လွှတ်တော်များတွင် ပါဝင်ကြသည့် လွှတ်တော်ကိုယ်စားလှယ်များမှာ နိုင်ငံအသီးသီးရှိ လွှတ်တော်များမှ ကိုယ်စားလှယ်များဖြစ်ပါသည်။ နိုင်ငံအသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များကို ဒေသအဆင့်လွှတ်တော်များသို့ ရွေးကောက်တင်မြှောက်သည့်အခါ သို့မဟုတ် ရွေးချယ်ခန့်အပ်သည့်အခါ ဖယ်ကြဉ်ခံအုပ်စုများ ပါဝင်စေရေး အစီအမံများ ချမှတ်ထားရှိရပါမည်။

## နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ရာ၌ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို သတ်မှတ်ထားရှိခြင်း

နိုင်ငံရေးပါတီများသည် အသက်အုပ်စုအားလုံး၊ လူအုပ်စုအားလုံးအတွက် နိုင်ငံရေးပါဝင်ဆောင်ရွက်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များတွင် အဓိက စီစဉ်ဆောင်ရွက်ပေးသူများ ဖြစ်ပါသည်။ နိုင်ငံရေးပါတီ အများစုသည် ရွေးကောက်ပွဲများနှင့် မဲအနိုင်ရရေးကို ပိုမို၍ အဓိက ထားပြီး ဘေးဖယ်ခံရမှုဆိုင်ရာ ပြဿနာများကိုမူ လျစ်လျူရှုခြင်း သို့မဟုတ် ပေါ့ပေါ့တန်တန် သဘောထားခြင်းများ ဖြစ်တတ်ကြောင်း လက်တွေ့အထောက်အထားများ ရှိပါသည်။ ပါတီကြေညာစာတမ်းများ ပြုစုခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် ဘေးဖယ်ခံအုပ်စု အများစုမှ ကိုယ်စားပြုပါဝင်မှု မရှိသဖြင့် ထိုသို့ ကြေညာစာတမ်းများ ပြုစုအကောင်အထည်ဖော်ရာတွင် ဖယ်ကြဥမှုများ ပါနေပါသည်။ အစိုးရများသည် လုပ်ပိုင်ခွင့်အပ်နှင်းခံရမှုနှင့် ရာထူးသက်တမ်းအားဖြင့် အကန့်အသတ်ရှိပါသည်။ အများပါဝင်သော ဒီမိုကရေစီဖြစ်ရေး တွန်းအားပေးမောင်းနှင် ဆောင်ရွက်ရာတွင် နိုင်ငံရေးပါတီအားလုံး ပါဝင်လာကြစေရေး အစိုးရများအနေဖြင့် လုပ်ဆောင်ရပါမည်။ သို့မှသာ ထိပ်တန်း အတိုက်အခံပါတီများ အာဏာရလာလျှင်လည်း လက်ရှိအာဏာရပါတီများ၏ လုပ်ငန်းစဉ်ကို ဆက်လက် ဆောင်ရွက်မည်ဖြစ်ပြီး အများပါဝင်ရေးနှင့် ပါဝင်ဆောင်ရွက်ရေး လုပ်ငန်းများမှာ အချိန်တိုအတွင်း အောင်မြင်မှု ရရှိပါမည်။

အခန်း ၈

# နိဂုံး

အထက်တွင်ဖော်ပြခဲ့သော နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုနှင့် ဆုံးဖြတ်ချက် ချမှတ်မှုတို့တွင် မပါဝင်နိုင်သော ဖယ်ကြဉ်ခံအုပ်စုများ စာရင်းမှာ ရှည်လျားသော်လည်း အလုံးစုံ မပါဝင်သေးပါ။ ဒုက္ခသည်များ၊ ဂျန်ဒါ ၊ လူငယ်များနှင့် မသန်စွမ်းသူများ ဆိုင်ရာ ကိစ္စရပ်များကို အထူးဂရုပြု ဆောင်ရွက်သည့် တစ်ချိန်တည်းမှာပင် အာဖရိက တိုက်၌ အများပါဝင်ရေးနှင့် ပါဝင်ဆောင်ရွက်ရေးဆိုင်ရာ အနာဂတ် ဆွေးနွေးမှုများတွင် LGBTI အသိုက်အဝန်းများ၊ သက်ကြီးများ၊ ဘာသာစကား တိုင်းရင်းသား နှင့် ဘာသာရေး လူနည်းစုများ စသည်တို့ ပါဝင်သင့်ပါသည်။ အများပါဝင်ဆောင်ရွက်မှု ဆွေးနွေးရာတွင် ယင်းသီးခြားအုပ်စုများ ပါဝင်လေ့မရှိဘဲ ကျန်နေတတ်ပါသည်။ ကင်ညာ (Kenya)၊ တောင်အာဖရိက (South Africa)၊ တောင်ဆူဒန် (South Sudan) နှင့် ယူဂန်ဒါ (Uganda) ကဲ့သို့သော နိုင်ငံများတွင် မကြာသေးမီက လွှတ်တော် ကိုယ်စားလှယ်များကို မဲဆန္ဒရှင်များက တာဝန်မှ ရုတ်သိမ်းခြင်း (parliamentary recall) များ ရှိသော်လည်း အာဖရိကတိုက် တစ်တိုက်လုံးအနေဖြင့် parliamentary recall ပြုလုပ်နိုင်သော နေရာများမှာ နည်းပါးပါသည်။ သို့ဖြစ်၍ နိုင်ငံသားများသည် လွှတ်တော်ကိုယ်စားလှယ်သက်တမ်းကာလအတွင်း ထိရောက်တွင်ကျယ်စွာ လုပ်ငန်းတာဝန်များကို ထမ်းဆောင်လိမ့်မည်ဟု ယုံကြည်စိတ်ချနိုင်သူများကိုသာ မဲပေးရွေးကောက်တင်မြှောက်ရန် အလွန် သတိထားကြပါသည်။

ပြည်သူ့ဆန္ဒအကောင်အထည်ဖော်ရေး ဒီမိုကရေစီစနစ်တွင် အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ စီမံကိန်းရေးဆွဲမှုများ သိသာစွာ ပိုမိုတိုးတက် ကောင်းမွန်လာပါသည်။ ပါဝင်ဆောင်ရွက်မှု (participation)၊ စွမ်းဆောင်နိုင်မှု (empowerment) နှင့် လူမှုဆက်ဆံရေးအရင်းအနှီး (social capital) တို့အကြား အပြန်အလှန် အကျိုးပြုလျက် အားကောင်းလာပါသည်။ ဆုံးဖြတ်ချက် ချမှတ်ခြင်းနှင့် အုပ်ချုပ်မှုတွင် လူအများ ပါဝင်ခွင့်ရရှိပါက စွမ်းဆောင်နိုင်သည်ဟု ခံစားရပြီး မိမိတို့ ရပ်ရွာအသိုက်အဝန်း ဖွံ့ဖြိုးရေးအတွက် တာဝန်ရှိသည်ဟု ခံယူလာကြပါသည်။ ဆုံးဖြတ်ချက် ချမှတ်သည့် လုပ်ငန်းစဉ်များတွင် ပါဝင်မည့်သူများကို ရပ်ရွာအသိုက်အဝန်းအတွင်း လူမှုဆက်ဆံရေးအရင်းအနှီး (social capital) အပေါ် အခြေခံ၍ ရွေးချယ်လာကြပါသည်။ ထိုသူများ၏ လုပ်ငန်းဆောင်ရွက်နိုင်စွမ်းမှာ လူအများက ၎င်းတို့ကို ယုံကြည်မှုအပေါ် မူတည်နေသဖြင့် ထိုယုံကြည်မှု မပျက်ပြားစေရန်နှင့် မိမိတို့၏ လုပ်ပိုင်ခွင့်သက်တမ်းကာလအတွင်း ရပ်ရွာအသိုက်အဝန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် အကောင်းဆုံး ကြိုးစား ဆောင်ရွက်ကြပါသည်။ ယင်းသို့သော ခေါင်းဆောင်

များသည် လူ့အဖွဲ့အစည်း အပြောင်းအလဲများကို ဦးစီးဦးဆောင်ပြုရေး စွမ်းဆောင်နိုင်ပြီး မူဝါဒများ စီစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း၊ ချမှတ်ထားသော မူဝါဒများကို စောင့်ကြည့်စစ်ဆေး အကဲဖြတ်သုံးသပ်သည့် စည်းမျဉ်းများရေးဆွဲခြင်း အပေါ် သြဇာသက်ရောက်နိုင်သည့်အခါ အထက်တွင် ဆွေးနွေးခဲ့သော ဒေသအဆင့်နှင့် နိုင်ငံတကာအဆင့် လူ့အခွင့်အရေးများနှင့် နိုင်ငံရေးဆိုင်ရာ စာချုပ်စာတမ်းများတွင် အားပေးမြှင့်တင်ထားသည့် ရပ်ရွာအသိုက်အဝန်းလုပ်ငန်းစဉ်များတွင် စစ်မှန်သော အများပါဝင်မှုနှင့် ပါဝင်ဆောင်ရွက်မှုတို့ ရှိစေရေးကို အပြည့်အဝဖော်ဆောင်နိုင်ပါသည်။

# ရည်ညွှန်းကိုးကားသော စာအုပ်စာတမ်းများ


Afrobarometer Surveys, 1992–2019, <https://afrobarometer.org/data/merged-data>, accessed 23 November 2020 (အာဖရိဘာရိုမီတာ အာဖရိကပြဒါးတိုင် စစ်တမ်းများ ၁၉၉၂–၂၀၁၉ ခုနှစ်)

Bloemraad, I., 'Being American/becoming American: Birthright citizenship and immigrants' membership in the United States', in E. Sarat (ed.) Special Issue: Who Belongs? Immigration, Citizenship, and the Constitution of Legality (Bingley: Emerald Group Publishing Limited, 2013), <https://doi .org/10.1108/S1059-4337(2013)60> (အမေရိကန်ဖြစ်ခြင်းနှင့် အမေရိကန်အဖြစ် ခံယူခြင်း – အမေရိကန်ပြည်ထောင်စုတွင် မွေးရာပါအခွင့်အရေးအရ နိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံတွင်း ရွှေ့ပြောင်းဝင်ရောက်နေထိုင်သူများ နိုင်ငံသားဖြစ်ခြင်း၊ စာအုပ်အမည် – မည်သူနိုင်ငံသားပါနည်း။ လူဝင်မှု၊ နိုင်ငံသားဖြစ်ခြင်းနှင့် တရားဝင်ဖြစ်မှု)

Cole, S., Increasing Women's Political Participation in Liberia: Challenges and Potential Lessons from India, Rwanda and South Africa (Washington, DC: International Foundation for Electoral Systems, 2011), <https://www.ifes.org/publications/increasing-womens-political-participation-liberia-challenges-and-potential-lessons>, accessed 27 April 2022 (လိုက်ဘေးရီးယားတွင် အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှု – စိန်ခေါ်မှု အခက်အခဲများနှင့် အိန္ဒိယ၊ ရဝမ်ဒါ၊ တောင်အာဖရိကတို့မှ ရယူနိုင်မည့် သင်ခန်းစာများ)

Dzradosi, C. E., Agyekum, M. W. and Ocloo, P. M., A gender analysis of political appointments in Ghana since independence (Institute of Local Government Studies and Friedrich-Erbert-Stiftung, 2018), <http://ilgs-edu.org/ddlgghana/portfolio/>, accessed 19 June 2022 (ဂါနာတွင် လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးရာထူးနေရာ ခန့်အပ်မှုများကို ဂျန်ဒါရှုထောင့်မှ ဆန်းစစ်ချက်)

Hatchard, J., Ndulo, M. and Slinn, P., Comparative Constitutionalism and Good Governance in the Commonwealth: An Eastern and Southern African Perspective (Cambridge: Cambridge University Press, 2004), <https://doi .org/10.1017/CBO9780511494314> (ဓနသဟာယအတွင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အမြင့်ဆုံးထား၍ အုပ်ချုပ်မှုနှင့် ကောင်းမွန်သော အုပ်ချုပ်မှု နှိုင်းယှဉ်လေ့လာချက် – အာဖရိကတိုက် အရှေ့ပိုင်းနှင့် တောင်ပိုင်း ရှုမြင်ပုံ)

International IDEA, Youth Participation in Electoral Processes: New Roles for African Electoral Management Bodies, Policy Brief (Stockholm: International IDEA, 2015), <https://www.idea.int/publications/catalogue/youth-participation-electoral-processes-new-roles-african-electoral>, accessed 28 November 2020 (ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် လူငယ်များ ပါဝင်ဆောင်ရွက်မှု – အာဖရိကတိုက် ရွေးကောက်ပွဲ စီမံခန့်ခွဲမှု အဖွဲ့များအတွက် အခန်းကဏ္ဍသစ်များ၊ မူဝါဒစာတမ်း)

—, The Global State of Democracy 2019: Addressing the Ills, Reviving the Promise (Stockholm: International IDEA, 2019), <https://doi .org/10.31752/idea.2019.31> (၂၀၁၉ ခုနှစ် ကမ္ဘာတစ်ဝန်း ဒီမိုကရေစီ၏ အနေအထား – ပြဿနာများကို ဖြေရှင်းခြင်းနှင့် အလားအလာကောင်းများကို ပြန်လည်ရှင်သန်စေခြင်း)

—, Migration and Democracy, [n.d.a], <https://www.idea.int/our-work/what-we-do/migration-democracy>, accessed 23 November 2020 (ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းနှင့် ဒီမိုကရေစီ)

—, Voter Turnout Database, [n.d.b], <https://www.idea.int/data-tools/continent-view/ Africa/40>, accessed 23 November 2020 (မဲဆန္ဒရှင်များလာရောက်မဲပေးသည့်အရေအတွက်အချိုးအစားအချက်အလက်မှတ်တမ်းစု)

Inter-Parliamentary Union (IPU), Women in Parliament: 20 Years in Review (Geneva: IPU, 2015), <https://www.ipu.org/file/524/download>, accessed 23 November 2020 (လွှတ်တော်တွင်းမှ အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်များ - နှစ် ၂၀ ပြန်လည်သုံးသပ်ချက်)

—, Impact Report 2020 (Geneva: IPU, 2021), <https://www.ipu.org/resources/publications/about-ipu/2021-05/impact-report-2020>, accessed 23 November 2020 (သက်ရောက်မှုအစီရင်ခံစာ ၂၀၂၀ ခုနှစ်)

—, Monthly ranking of women in national parliaments: Senegal, [n.d.], <https://www.ipu.org/parliament/SN>, accessed 27 April 2022 (နိုင်ငံအလိုက် လွှတ်တော်တွင် အမျိုးသမီးများ ပါဝင်မှု လစဉ်အဆင့်သတ်မှတ်ဖော်ပြချက် - ဆီနီဂေါ)

—, Youth participation in national parliaments: 2018, <https://www.ipu.org/file/6076/download?token=7Aog71dH>, accessed on 19 June 2022 (နိုင်ငံအလိုက် လွှတ်တော်များတွင် လူငယ်များ ပါဝင်ဆောင်ရွက်မှု - ၂၀၁၈ ခုနှစ်)

Mo Ibrahim Foundation, 2020 Ibrahim Index of African Governance, <https://mo.ibrahim.foundation/iiag>, accessed 27 April 2022 (အာဖရိကအုပ်ချုပ်မှု မို အီဘရာဟင် အညွှန်းကိန်း)

Morales-diez De ulzu, L., Morales, L. (ed.) and Giugni, M. (ed.), Social Capital, Political Participation and Migration in Europe: Making Multicultural Democracy Work? (Basingstoke: Palgrave Macmillan Ltd, 2001) (ဥရောပတိုက် လူမှုဆက်ဆံရေးအရင်းအနှီး၊ နိုင်ငံရေးတွင်ပါဝင်ဆောင်ရွက်မှုနှင့် ရွှေ့ပြောင်းသွားလာနေထိုင်မှု - ဗဟုယဉ်ကျေးမှု ဒီမိုကရေစီအောင်မြင်အောင် ဆောင်ရွက်ခြင်းလော။)

Mzalendo, Owning the Space: The Inclusion and Participation of Women in Kenya's 11th and 12th Parliaments (Nairobi: Mzalendo Trust, 2019), <https://mzalendo.com/resources/publications/>, accessed 19 June 2022 (နေရာရခြင်း - ကင်ညာနိုင်ငံ ၁၁ကြိမ်မြောက်နှင့် ၁၂ကြိမ်မြောက် လွှတ်တော်များတွင် အမျိုးသမီးများ ပါဝင်မှုနှင့် ပါဝင်ဆောင်ရွက်မှု)

Novak, N., UN Covenant on Civil and Political Rights: CCPR Commentary, 2nd revised edition (Kehl am Rhein: Engel, 2005) (ပြည်သူလူထုအခွင့်အရေးများနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂပဋိညာဉ် - CCPR မှတ်ချက်များ)

Open Data Watch, Country Profiles: Bridging the Gap - Mapping Gender Data Availability in Africa, [n.d.] <https://opendatawatch.com/publications/bridging-the-gap-country-profiles>, accessed 23 November 2020 (နိုင်ငံအလိုက်အချက်အလက်များ - လစ်ဟာချက်ကို ပေါင်းကူးပေးခြင်း - အာဖရိကတိုက်တွင် ဂျန်ဒါ အချက်အလက်များ ရရှိနိုင်မှု လေ့လာဖော်ပြချက်)

Resnick, D. and Casale, D., 'The political participation of Africa's youth: Turnout, partisanship, and protest', WIDER Working Paper No. 2011/56, UN-WIDER, September 2011, <https://www.wider.unu.edu/publication/political-participation-africa %E2%80%99s-youth>, accessed 27 April 2022 (အာဖရိကလူငယ်များ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှု - လာရောက်မဲပေးသည့် အရေအတွက်အချိုးအစား၊ ပါတီများဘက်မှ ပါဝင်မှုနှင့် ဆန္ဒထုတ်ဖော်မှု)

Rocca, C. and Schultes, I., Africa's Youth: Action Needed Now to Support the Continent's Greatest Asset (Mo Ibrahim Foundation, 2020), <https://mo.ibrahim.foundation/sites/default/files/2020-08/international-youth-day-research-brief.pdf>, accessed 30 May 2020 (အာဖရိကလူငယ်များ - အာဖရိကတိုက်၏ အဖိုးတန်ဆုံး ပိုင်ဆိုင်မှုကို ပံ့ပိုးပေးရန် လက်ငင်းဆောင်ရွက်ရမည့်လုပ်ငန်း)

Ruedin, D., 'Citizenship regimes and the politicization of immigrant groups', Österreichische Zeitschrift für Politikwissenschaft, 46/1 (2017), <https://doi.org/10.15203/ozp.1591.vol46iss1> (နိုင်ငံသားဖြစ်ခြင်းဆိုင်ရာ စနစ်များနှင့် နိုင်ငံတွင်းရွှေ့ပြောင်းဝင်ရောက်နေထိုင်သူအုပ်စုများ၏ အရေးအရာများတွင် နိုင်ငံရေးစွက်ခြင်း)

Sachs, J., UN Millennium Project, Investing in Development: A Practical Plan to Achieve the Millennium Development Goals (London: United Nations Development Programme, 2005), <https://digitallibrary.un.org/record/564468?ln=en>, accessed 27 April 2022 (ကုလသမဂ္ဂ ထောင်စုနှစ် စီမံချက်၊ ဖွံ့ဖြိုးမှုတွင် ရင်းနှီးမြှုပ်နှံခြင်း – ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရေး လက်တွေ့ စီမံကိန်း)

South Africa, Government of, 'Celebrating our women's liberation', 2018, <https://www.gov.za/blog/celebrating-our-womens-liberation>, accessed 19 September 2021. (တောင်အာဖရိကအစိုးရ၊ အမျိုးသမီးများ လွတ်မြောက်မှုကို ဝမ်းမြောက်ဂုဏ်ယူခြင်း)

—, 'South Africa Voluntary National Review, 2019, <https://sdgs.un.org/documents/south-africa-2019-vnr-reportenglish-24405>, accessed 20 September 2021 (တောင်အာဖရိကနိုင်ငံက ဆန္ဒအလျောက် ပြုလုပ်သော နိုင်ငံအလိုက် ပြန်လည်သုံးသပ်ချက်)

Stockemer, D. and Sundström A., 'Young deputies in the European Parliament: A starkly underrepresented age group', Acta Politica, 54 (2019), pp. 124–44, <https://doi.org/10.1057/s41269-018-0078-0> (ဥရောပ လွှတ်တော်များရှိ လူငယ် လွှတ်တော်ကိုယ်စားလှယ်များ – ကိုယ်စားပြုမှု လွန်စွာ နည်းပါးနေသော အသက်အုပ်စု)

The Communication Initiative Network, 'African Youth Parliament (AYP)', 21 March 2011, <https://www.comminit.com/content/african-youth-parliament-ayp#:~:text=The%20African%20Youth%20Parliament%20(AYP,solutions%20to%20Africa's%20developmental%20challenges>, accessed 30 May 2022 (အာဖရိက လူငယ် လွှတ်တော်)

United Nations High Commission for Refugees (UNHCR), 'Global Trends Forced Displacement in 2020', (UNHCR, 2021), <https://www.unhcr.org/flagship-reports/globaltrends>, accessed 27 April 2022 (၂၀၂၀ ခုနှစ် အတင်းအကြပ် နေရပ်စွန့်ခွာရမှု ကမ္ဘာတစ်ဝန်း အလားအလာများ)

Van Gyampo, R. E. and Anyidoho, N. A., 'Youth politics in Africa', World Politics Online Publication, 25 June 2019, <https://www.doi.org/10.1093/acrefore/9780190228637.013.716> (အာဖရိကတိုက် လူငယ် နိုင်ငံရေး)

Virendrakumar, B., Jolley, E., Badu, E., Murphy, R. and Schmidt, E., Disability-inclusive Elections in Africa: A Qualitative Systematic Review (Chippenham: Sightsavers, 2017), <https://www.sightsavers.org/reports/2017/08/disability-inclusive-elections-africa-qualitative-review/>, accessed 3 December 2020 (အာဖရိကတိုက် မသန်စွမ်းသူများ ပါဝင်နိုင်သည့် ရွေးကောက်ပွဲများ – အချက်အလက်အဓိက စနစ်တကျ ပြန်လည်သုံးသပ်ချက်)

Westminster Foundation for Democracy and Ghana Centre for Democratic Development, The Cost of Politics in Ghana, (2020), <https://www.wfd.org/story/wfd-research-inform-cost-politics-talks-ghana>, accessed 23 November 2020 (ဂါနာ နိုင်ငံရေးကုန်ကျစရိတ်)

# နောက်ဆက်တွဲ (က) – တိုက်ရိုက်အများပြည်သူ ရန်ပုံငွေ (direct public funding) နှင့် စပ်လျဉ်း၍ ထည့်သွင်းစဉ်းစားရန်အချက်များ

| သုတေသနမေးခွန်း | အညွှန်းကိန်း(များ) | အချက်အလက် စုဆောင်းပုံ/ ဆန်းစစ်ချက် နည်းလမ်းများ | အချက်အလက် |
|---|---|---|---|
| နိုင်ငံရေးတွင် အများပါဝင်ဆောင်ရွက်မှုသည် အာဖရိကတိုက် ဒီမိုကရေစီနည်းကျ အုပ်ချုပ်မှုအပေါ် မည်သို့ သက်ရောက်မှု ရှိပါသနည်း။ | ၁။ အမြင့်ဆုံးအစိုးရအဖွဲ့အစည်းတွင် အမျိုးသမီးများ၊ လူငယ်များ၊ ဒုက္ခသည်များ၊ မသန်စွမ်းသူများ ကိုယ်စားပြုပါဝင်သည့် အချိုးအစား<br>၂။ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၊ လူငယ်များ၊ ဒုက္ခသည်များ၊ မသန်စွမ်းသူများ ပါဝင်ဆောင်ရွက်သည့် အချိုးအစား<br>၃။ လွှတ်တော်နှင့် သမ္မတ ရွေးကောက်ပွဲများအတွက် လာရောက်မဲပေးသည့် မဲဆန္ဒရှင် အရေအတွက် အချိုးအစား ကျား–မ နှင့် အသက်အရွယ်အလိုက် ခွဲခြားဖော်ပြချက် | နိုင်ငံရေးတွင် အများပါဝင်ဆောင်ရွက်မှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဤလေ့လာချက်တွင် စဉ်းစားထားပါသည်။ ဤစာတမ်းတွင် ရွေးချယ်ဖော်ပြထားသော နိုင်ငံများကို အထူးပြုလျက် အာဖရိကတိုက်၏ နိုင်ငံရေးတွင် အများပါဝင်ဆောင်ရွက်မှုဆိုင်ရာ ကိန်းဂဏန်းများ၊ အလားအလာများ၊ အရည်အသွေးနှင့် အဆင့်၊ ဩဇာသက်ရောက်မှုတို့ကို ဆန်းစစ်လေ့လာပါမည်။ | ထပ်ဆင့်လေ့လာချက် (Secondary data) အချက်အလက် အရင်းအမြစ်<br>၁။ အာဖရိကကျင့်ဝတ်ခိုင်မာမှု လုပ်ငန်း အညွှန်းကိန်းများ<br>၂။ အာဖရိဘာရိုမီတာ (အာဖရိကပြဒါးတိုင်)<br>၃။ အခြားသက်ဆိုင်သော အရင်းအမြစ်များ |

| သုတေသနမေးခွန်း | အညွှန်းကိန်း(များ) | အချက်အလက် စုဆောင်းပုံ/ ဆန်းစစ်ချက် နည်းလမ်းများ | အချက်အလက် |
|---|---|---|---|
| အာဖရိကတစ်ဝန်း၌ နိုင်ငံရေးတွင် အများ ပါဝင်ဆောင်ရွက်ခြင်း ဆိုင်ရာ ဒေသအဆင့် နှင့် နိုင်ငံတကာ မူဘောင်များနှင့် တိုက်ဆိုင်စိစစ်ပါက မည်သည့်တိုးတက်မှု ရှိပါသနည်း။ | အာဖရိကတစ်ဝန်း၌ နိုင်ငံရေးတွင် အများ ပါဝင်ဆောင်ရွက်ခြင်း ဆိုင်ရာ ဒေသအဆင့် နှင့် နိုင်ငံတကာ မူ ဘောင်များပါ စံနှုန်း သတ်မှတ်ချက်များ/ လျာထားချက်များ နှင့် တိုက်ဆိုင်စိစစ် ပါက အောင်မြင်မှု အခြေအနေ | ထပ်ဆင့်လေ့လာချက် (Secondary data) အချက်အလက် များ – အာဖရိက နိုင်ငံများ အတွင်း နှင့် နိုင်ငံများအကြား နိုင်ငံရေးတွင် အများ ပါဝင်ဆောင်ရွက် ခြင်းနှင့် ပြည်သူ့ဆန္ဒ အကောင်အထည် ဖော်ရေး ဒီမိုကရေစီ ကို အားပေးမြှင့်တင် သော ဒေသအဆင့်နှင့် နိုင်ငံတကာ မူဘောင် များကို ပြန်လည် သုံးသပ်ခြင်း၊ ယင်းသို့ သော မူဘောင် များ၏ အားသာ ချက် အားနည်းချက် များနှင့်နိုင်ငံအဆင့် တိုးတက်မှုအပေါ် သက်ရောက်ပုံ ကို ဆန်းစစ်ခြင်း၊ တစ်ကမ္ဘာလုံး နှင့် နှိုင်းယှဉ်လျက် အာ ဖရိကတိုက်၏ အနေအထားကို သတ်မှတ်ခြင်း | ၁။ အာဖရိကသမဂ္ဂ လုပ်ငန်းစဉ် ၂၀၆၃ ခုနှစ် (AU Agenda 2063)<br>၂။ ထောင်စုနှစ် ဖွံ့ဖြိုး မှု ရည်မှန်းချက်ပန်းတိုင် (MDG) များ<br>၃။ ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု ရည်မှန်းချက် ပန်းတိုင် လုပ်ငန်းစဉ် ၂၀၃၀ ခုနှစ် (SDG Agenda 2030)<br>၄။ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း စာချုပ်<br>၅။ အမျိုးသမီးများကို ခွဲခြားဆက်ဆံမှု ပုံစံ အားလုံး ပပျောက်စေ ရေး ကွန်ဗင်းရှင်းစာချုပ် |


| သုတေသနမေးခွန်း | အညွှန်းကိန်း(များ) | အချက်အလက် စုဆောင်းပုံ/ ဆန်းစစ်ချက် နည်းလမ်းများ | အချက်အလက် |
|---|---|---|---|
| နိုင်ငံရေးတွင် အများပါဝင်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ တိုးမြှင့်ပြဋ္ဌာန်းနိုင်ရေး နိုင်ငံအသီးသီးတွင် ရရှိခဲ့သည့် အောင်မြင်မှုများကို နှိုင်းယှဉ်လေ့လာချက်များမှာ မည်သို့ တွေ့ရှိရပါသနည်း။ | နိုင်ငံရေးတွင် အများပါဝင်ဆောင်ရွက်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များနှင့် နိုင်ငံအဆင့် တိုးတက်မှုအကြား ဆက်စပ်ပုံ | ထပ်ဆင့်လေ့လာချက် (Secondary data) အချက်အလက်များ – နိုင်ငံရေးတွင် အများပါဝင်ဆောင်ရွက်မှုဆိုင်ရာ ပြဋ္ဌာန်းချက်များကို နှိုင်းယှဉ်လျက် ပြန်လည်သုံးသပ်ခြင်းနှင့် ဆန်းစစ်ခြင်း၊ ယင်းပြဋ္ဌာန်းချက်များ၏ အားသာချက် အားနည်းချက်များနှင့်နိုင်ငံအဆင့် တိုးတက်မှုအပေါ် သက်ရောက်ပုံကို ထင်ရှားစွာဖော်ပြခြင်း | နိုင်ငံအသီးသီး၏ နိုင်ငံအဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် အခြား ဥပဒေများ |

| သုတေသနမေးခွန်း | အညွှန်းကိန်း(များ) | အချက်အလက် စုဆောင်းပုံ/ ဆန်းစစ်ချက် နည်းလမ်းများ | အချက်အလက် |
|---|---|---|---|
| အမျိုးသမီးများ၊ လူငယ်များ၊ မသန်စွမ်းသူများ နှင့် ဒုက္ခသည်များ နိုင်ငံရေးတွင် အများ ပါဝင်ဆောင်ရွက်နိုင်ရေး အဟန့်အတား ဖြစ်နေသည့် ရှိရင်း အတားအဆီးများမှာ မည်သည်တို့ ဖြစ်ပါသနည်း။ | ပါဝင်ဆောင်ရွက်မှု အကန့်အသတ် ဖြစ်စေသည့် ဥပဒေ နှင့် စည်းမျဉ်း မူဘောင်များ၊ အုပ်ချုပ်မှုစနစ်၊ ငွေကြေးဆိုင်ရာ စွမ်းဆောင်ရည်များ၊ ယဉ်ကျေးမှု စံနှုန်းများနှင့် အခြား အကြောင်းအချက်များ | ၁။ နိုင်ငံအဆင့် တွေ့ဆုံမေးမြန်းချက်များ၊ ဤအကြောင်းအရာအတွက် အဓိက ကျွမ်းကျင်သူများ သတင်းအချက်အလက်ပေးသူများနှင့် အုပ်စုငယ်ဆွေးနွေးပွဲများ<br>၂။ နိုင်ငံရေးပါဝင်ဆောင်ရွက်မှုကို အဟန့်အတားဖြစ်နေသည့် လက်ရှိ အတားအဆီးများဆိုင်ရာ ရှိရင်း ပညာရပ် စာအုပ်စာတမ်းများ/ အယူအဆသီအိုရီများကို ပြန်လည်သုံးသပ်ခြင်း<br>၃။ အထက်ဖော်ပြပါ နိုင်ငံများမှ စုဆောင်းရရှိသော အချက်အလက်များအပေါ် အခြေခံလျက် လေ့လာချက်တွင် အာဖရိကနိုင်ငံများ နိုင်ငံရေးတွင် အများပါဝင်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရင်ဆိုင်ရသည့် စိန်ခေါ်မှု အခက်အခဲများကို သုံးသပ်ပါမည်။ | အဓိကနှင့် ဒုတိယအဆင့် အချက်အလက်များ |

| သုတေသနမေးခွန်း | အညွှန်းကိန်း(များ) | အချက်အလက် စုဆောင်းပုံ/ ဆန်းစစ်ချက် နည်းလမ်းများ | အချက်အလက် |
|---|---|---|---|
| ဒီမိုကရေစီ စံနှုန်းများ တာဝန်များနှင့်အညီ နိုင်ငံရေးတွင် အများ ပါဝင်ဆောင်ရွက်မှု တိုးတက် ကောင်းမွန် စေရန် မည်သည်တို့ ကို ဆောင်ရွက်နိုင်ပါ သနည်း။ | ပါဝင်ဆောင်ရွက်မှု အကန့်အသတ် ဖြစ်စေသည့် ဥပဒေနှင့် စည်းမျဉ်း မူဘောင်များ၊ အုပ်ချုပ်မှုစနစ်၊ ငွေကြေးဆိုင်ရာ စွမ်းဆောင်ရည်များ၊ ယဉ်ကျေးမှု စံနှုန်းများနှင့် အခြား အကြောင်းအချက်များ | ၁။ နိုင်ငံအဆင့် တွေ့ဆုံမေးမြန်းချက်များ၊ ဤအကြောင်းအရာအတွက် အဓိက ကျွမ်းကျင်သူများ သတင်းအချက်အလက်ပေးသူများနှင့် အုပ်စုငယ် ဆွေးနွေးပွဲများ<br>၂။ နိုင်ငံရေးပါဝင်ဆောင်ရွက်မှုကို တိုးတက်ကောင်းမွန်စေရေး အဓိက အဆိုပြုချက်များဆိုင်ရာ ရှိရင်း ပညာရပ် စာအုပ်စာတမ်းများ/ အယူအဆသီအိုရီများကို ပြန်လည်သုံးသပ်ခြင်း<br>၃။ အထက်ဖော်ပြပါ နိုင်ငံများမှ စုဆောင်းရရှိသော အချက်အလက်များအပေါ် အခြေခံလျက် လေ့လာချက်တွင် အာဖရိကနိုင်ငံများ နိုင်ငံရေးတွင် အများပါဝင်ဆောင်ရွက်မှု တိုးတက်ကောင်းမွန်စေရေး မူဝါဒ အကြံပြုချက်များ ပြုလုပ်ပါမည်။ | |


# နောက်ဆက်တွဲ (ခ) အာဖရိုဘာရိုမီတာ (Afrobarometer အာဖရိကပြဒါးတိုင်) အချက်အလက်များ

ခ-၁ ရွေးကောက်ပွဲများတွင် မဲပေးခြင်း





ရည်ညွှန်းချက် – Afrobarometer ၁၉၉၉-၂၀၁၈ ခုနှစ်ကို အသုံးပြုလျက် စာရေးသူက ပြုစုပါသည်။

ခ-၂ ရပ်ရွာအသိုက်အဝန်း အစည်းအဝေးတွင် တက်ရောက်ခြင်း





ရည်ညွှန်းချက် – Afrobarometer ၁၉၉၉-၂၀၁၈ ခုနှစ်ကို အသုံးပြုလျက် စာရေးသူက ပြုစုပါသည်။

## ခ-၃ အခြားသူများနှင့်အတူ ကိစ္စရပ်များကို ထုတ်ဖော်ဆွေးနွေးခြင်း





ရည်ညွှန်းချက် – Afrobarometer ၁၉၉၉-၂၀၁၈ ခုနှစ်ကို အသုံးပြုလျက် စာရေးသူက ပြုစုပါသည်။

## ခ-၄ အုပ်ချုပ်ရေးကဏ္ဍတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု – ဒေသခွဲအဆင့် အခြေအနေ





ရည်ညွှန်းချက် – ၂၀၂၀ ခုနှစ် အညွှန်းကိန်းအားလုံးကို အသုံးပြုလျက် စာရေးသူက ပြုစုပါသည်။

## ခ–၅ အုပ်ချုပ်ရေးကဏ္ဍတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု (ရမှတ်) – ကိုယ်စားပြုမှု မြင့်မားသော နိုင်ငံများ ရွေးချယ်ဖော်ပြချက်





ရည်ညွှန်းချက် – ၂၀၂၀ ခုနှစ် အညွှန်းကိန်းအားလုံးကို အသုံးပြုလျက် စာရေးသူက ပြုစုပါသည်။

## ခ–၆ အုပ်ချုပ်ရေးကဏ္ဍတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု – ကိုယ်စားပြုမှု မြင့်မားသော နိုင်ငံများ ရွေးချယ်ဖော်ပြချက်





ရည်ညွှန်းချက် – ၂၀၂၀ ခုနှစ် အညွှန်းကိန်းအားလုံးကို အသုံးပြုလျက် စာရေးသူက ပြုစုပါသည်။

ခ-၇ အုပ်ချုပ်ရေးကဏ္ဍတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု - ကိုယ်စားပြုမှု နိမ့်ကျသော နိုင်ငံများ ရွေးချယ်ဖော်ပြချက်





ရည်ညွှန်းချက် - ၂၀၂၀ ခုနှစ် အညွှန်းကိန်းအားလုံးကို အသုံးပြုလျက် စာရေးသူက ပြုစုပါသည်။

ခ-၈ အုပ်ချုပ်ရေးကဏ္ဍတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု (ရမှတ်) - ကိုယ်စားပြုမှု နိမ့်ကျသော နိုင်ငံများ ရွေးချယ်ဖော်ပြချက်





ရည်ညွှန်းချက် - ၂၀၂၀ ခုနှစ် အညွှန်းကိန်းအားလုံးကို အသုံးပြုလျက် စာရေးသူက ပြုစုပါသည်။

ခ-၉ လွှတ်တော်တွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု – ဒေသခွဲအဆင့် အခြေအနေ





ရည်ညွှန်းချက် – ၂၀၂၀ ခုနှစ် အညွှန်းကိန်းအားလုံးကို အသုံးပြုလျက် စာရေးသူက ပြုစုပါသည်။

ခ-၁၀ လွှတ်တော်တွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု – ကိုယ်စားပြုမှုနည်းပါးသော နိုင်ငံများအနက်မှ ရွေးချယ်၍ အဆင့်သတ်မှတ်ဖော်ပြချက်





ရည်ညွှန်းချက် – ၂၀၂၀ ခုနှစ် အညွှန်းကိန်းအားလုံးကို အသုံးပြုလျက် စာရေးသူက ပြုစုပါသည်။

### ခ-၁၁ လွှတ်တော်တွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု – ကိုယ်စားပြုမှုမြင့်သော နိုင်ငံများ အဆင့်သတ်မှတ်ဖော်ပြချက်





ရည်ညွှန်းချက် – ၂၀၂၀ ခုနှစ် အညွှန်းကိန်းအားလုံးကို အသုံးပြုလျက် စာရေးသူက ပြုစုပါသည်။

### ခ-၁၂ လွှတ်တော်တွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု (ရမှတ်) – ကိုယ်စားပြုမှုမြင့်သော နိုင်ငံများ




ရည်ညွှန်းချက် – ၂၀၂၀ ခုနှစ် အညွှန်းကိန်းအားလုံးကို အသုံးပြုလျက် စာရေးသူက ပြုစုပါသည်။

**ခ-၁၃ တရားစီရင်ရေးကဏ္ဍတွင် အမျိုးသမီးများ ကိုယ်စားပြုပါဝင်မှု – ဒေသခွဲအဆင့် အခြေအနေ**




ရည်ညွှန်းချက် – ၂၀၂၀ ခုနှစ် အညွှန်းကိန်းအားလုံးကို အသုံးပြုလျက် စာရေးသူက ပြုစုပါသည်။

# စာရေးသူများ

**Emmanuel O. Akwetey (PhD) (အမ်မန်နူယယ် အို အာကွက်တီ) (ပါရဂူဘွဲ့)** သည် ဒီမိုကရေစီနည်းကျ အုပ်ချုပ်မှု သိပ္ပံ (Institute for Democratic Governance) (IDEG) အဖွဲ့ကို တည်ထောင်ခဲ့ပြီး အမှုဆောင်ဒါရိုက်တာအဖြစ် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံရေးသိပ္ပံပညာရှင် ဖြစ်ပြီး ဆွီဒင်နိုင်ငံ စတော့ဟုမ်းတက္ကသိုလ်မှ နှိုင်းယှဉ် နိုင်ငံရေးနှင့် နိုင်ငံတကာဖွံ့ဖြိုးရေး (Comparative Politics and International Development) ဘာသာရပ်ဖြင့် ပါရဂူဘွဲ့ ရရှိထားပါသည်။ ၁၉၈၂ ခုနှစ်တွင် ဂါနာတက္ကသိုလ် လီဂွန် မှ ဝိဇ္ဇာဘွဲ့ (Bachelor of Arts) ကို နိုင်ငံရေးသိပ္ပံ လူမှုဗေဒ ဘာသာတွဲဖြင့် ဒုတိယတန်း အမြင့်ပိုင်း (Second Class Upper) မှ အောင်မြင်၍ ရရှိခဲ့ပါသည်။ ဒေါက်တာ အာကွက်တီ သည် ဆွီဒင်နိုင်ငံ စတော့ဟုမ်းတက္ကသိုလ်မှ မဟာသိပ္ပံဘွဲ့ကိုလည်း နိုင်ငံတကာနိုင်ငံရေး ဘာသာဖြင့် ရရှိခဲ့ပါသည်။ ပါရဂူဘွဲ့လွန် ပညာရှင်အဖြစ် စတော့ဟုမ်းတက္ကသိုလ်တွင် ဆောင်ရွက်ခဲ့ပြီး စတော့ဟုမ်းတက္ကသိုလ် သုတေသန ပညာရှင်နှင့် ကထိကတာဝန်များ ထမ်းဆောင်ခဲ့ပါသည်။

**Tarisai Mutangi (PhD) (တာရီဆိုင်းမူတန်ဂီ) (ပါရဂူဘွဲ့)** သည် ထင်ရှားသော လူ့အခွင့်အရေးများနှင့် တရားမျှတမှု/တရားစီရင်ရေးဆိုင်ရာ ကျွမ်းကျင်သူဖြစ်ပါသည်။ ဒေါက်တာမူတန်ဂီ သည် ပညာရေးတွင် ထူးချွန်စွာ ရရှိခဲ့သော ဘွဲ့များမှာ လူ့အခွင့်အရေးအထူးပြု နိုင်ငံတကာဥပဒေ ပါရဂူဘွဲ့၊ အာဖရိကတိုက်လူ့အခွင့်အရေးများနှင့် ဒီမိုကရေစီဖော်ဆောင်ရေး ဘာသာရပ်ဖြင့် ဥပဒေမဟာဘွဲ့နှင့် ဥပဒေဝိဇ္ဇာဘွဲ့တို့ ဖြစ်ပါသည်။ စိတ်ပါဝင်စားသော သုတေသန နယ်ပယ်များမှာ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေနှင့် နိုင်ငံအဆင့်တွင် နိုင်ငံတကာလူ့အခွင့်အရေး စံချိန်စံနှုန်းများကို အကောင်အထည်ဖော်ခြင်း နယ်ပယ်များဖြစ်ပါသည်။

# International IDEA အဖွဲ့

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲအကူအညီပေးရေး နိုင်ငံတကာအဖွဲ့ (International Institute for Democracy and Electoral Assistance) (International IDEA) သည် အစိုးရများ အဖွဲ့ဝင်အဖြစ် ပါဝင်ကြသော အဖွဲ့အစည်းဖြစ်ပါသည်။ ဒီမိုကရေစီကို တစ်ကမ္ဘာလုံးရှိ လူသားအားလုံး မျှော်လင့်တောင့်တကြပြီး ဒီမိုကရေစီရှိလျှင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ဆောင်ရွက်နိုင်သဖြင့် ကမ္ဘာတစ်ဝန်း ဒီမိုကရေစီ တိုးတက်ထွန်းကားရေးကို အဖွဲ့၏ လုပ်ငန်းတာဝန်အဖြစ် ခံယူလျက် လုပ်ငန်းဆောင်ရွက်လျက်ရှိပါသည်။ ဒီမိုကရေစီနည်းကျ နိုင်ငံရေး အဖွဲ့အစည်းစနစ်များနှင့် လုပ်ငန်းစဉ်များကို အဆင့်အားလုံးတွင် တည်ဆောက်ခြင်း၊ အားကောင်းစေခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့ကို ပံ့ပိုးမှုပေးသည့် လုပ်ငန်းများဖြစ်ပါသည်။ အဖွဲ့၏ မျှော်မှန်းချက်မှာ ဒီမိုကရေစီလုပ်ငန်းစဉ်များ၊ လုပ်ဆောင်သူများနှင့် အဖွဲ့အစည်းစနစ်များသည် အများပါဝင်မှုရှိပြီး တာဝန်ယူတာဝန်ခံလျက် အားလုံးအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းပေးနိုင်သည့် ကမ္ဘာလောကကြီး ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ဖြစ်ပါသည်။

---

## ကျွန်ုပ်တို့၏ လုပ်ငန်းများ

အဖွဲ့၏ လုပ်ငန်းများမှာ အဓိကအားဖြင့် နယ်ပယ်သုံးရပ်ရှိပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းရေး လုပ်ငန်းစဉ်များနှင့် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှုတို့ ဖြစ်ပါသည်။ ဂျန်ဒါ အမျိုးသား အမျိုးသမီး အခန်းကဏ္ဍနှင့် အများပါဝင်မှု၊ ပဋိပက္ခဆိုင်ရာ စာနာနားလည်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အကြောင်းအရာများကို လုပ်ငန်းနယ်ပယ်အားလုံးတွင် အဓိက လုပ်ငန်းများအဖြစ် ထည့်သွင်း ဆောင်ရွက်ပါသည်။ International IDEA အဖွဲ့သည် ကမ္ဘာတစ်ဝန်းနှင့် ဒေသအသီးသီးတွင် ဒီမိုကရေစီ အလားအလာများကို ဆန်းစစ်လေ့လာချက်များ ပြုစုခြင်း၊ ဒီမိုကရေစီ ကျင့်စဉ်များဆိုင်ရာ နှိုင်းယှဉ်လေ့လာလျက် အသိပညာ ဖော်ထုတ်ပြုစုခြင်း၊ ဒီမိုကရေစီ လုပ်ငန်းစဉ်များတွင် ပါဝင်လုပ်ကိုင်နေသူများအတွက် နည်းပညာ အကူအညီပေးခြင်းနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်း၊ ဒီမိုကရေစီနှင့် ဒီမိုကရေစီ တည်ဆောက်ရေးဆိုင်ရာ အများပြည်သူ အခြေအတင်ဆွေးနွေးမှုများအတွက် သက်ဆိုင်မှုရှိသည့် ကိစ္စရပ်များကို ဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်းများ ဆောင်ရွက်ပါသည်။

---

## ကျွန်ုပ်တို့၏ လုပ်ငန်းနေရာများ

အဖွဲ့၏ ရုံးချုပ်မှာ စတော့ဟုမ်းမြို့တွင် တည်ရှိပါသည်။ ဒေသအလိုက်နှင့် နိုင်ငံအလိုက် ရုံးများကို အာဖရိကတိုက်၊ အာရှ-ပစိဖိတ်ဒေသ၊ ဥရောပတိုက်နှင့် လက်တင်အမေရိကနှင့် ကယ်ရစ်ဘီယမ် ဒေသများတွင် ဖွင့်လှစ်ထားရှိပါသည်။ International IDEA အဖွဲ့သည် ကုလသမဂ္ဂတွင် အမြဲတမ်း လေ့လာသူ ဖြစ်ပြီး ဥရောပသမဂ္ဂ အဖွဲ့အစည်းများကလည်း တရားဝင် အသိအမှတ်ပြုသော အဖွဲ့အစည်းဖြစ်ပါသည်။

<https://www.idea .int/>

**International IDEA**
စတွန်းစ်ဘောဂ်
SE– ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် – +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် – info@idea.int
ဝဘ်ဆိုဒ် – www.idea.int

အာဖရိကတိုက်တွင် အများပါဝင်သော နိုင်ငံရေးပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှု မြင့်တင်ရာ၌ တိုးတက်မှုများစွာ ရရှိခဲ့ပြီး အမျိုးသမီးများ၊ လူငယ်များနှင့် မသန်စွမ်းသူများအတွက် အများဆုံး အကျိုးဖြစ်ထွန်းခဲ့ပါသည်။ ဤအစီရင်ခံစာတွင် အာဖရိကတိုက် အများပါဝင်မှုနှင့် ပါဝင်ဆောင်ရွက်မှုဆိုင်ရာ အလားအလာများနှင့် စိန်ခေါ်မှုအခက်အခဲများကို အထုပ်ဖြည်၍ ပြသကဲ့သို့ ရှင်းလင်းဖော်ပြထားပါသည်။ အမျိုးသမီးများကို ခွဲခြားဆက်ဆံမှု ပုံစံအားလုံး ပပျောက်စေရေး သဘောတူစာချုပ်၊ အာဖရိကလူငယ်ပဋိညာဉ်၊ ဒီမိုကရေစီ ရွေးကောက်ပွဲများနှင့် အုပ်ချုပ်မှု ဆိုင်ရာ အာဖရိက ပဋိညာဉ်တို့ ကဲ့သို့သော ကမ္ဘာ့အဆင့်နှင့် ဒေသအဆင့် စံနှုန်းမူဘောင်များကို (အနည်းနှင့်အများ) ပြည်တွင်းဥပဒေများအတွင်း ပေါင်းစည်းထည့်သွင်း ကျင့်သုံးမှုကြောင့် အာဖရိကတိုက် တစ်ဝန်း အများပါဝင်သော နိုင်ငံရေးပါဝင်ဆောင်ရွက်မှုအတွက် အင်တိုက်အားတိုက် ကြိုးပမ်းမှုများ မြင့်တက်လာပါသည်။ သို့ရာတွင် တိုးတက်ပြုပြင်ပြောင်းလဲရေး (progressive) ဥပဒေမူဘောင်များ ဖြစ်ထွန်းပေါ်ပေါက်လျက် ဒုက္ခသည်များ နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှုနှင့် ကိုယ်စားပြုမှု တိုးတက်မြင့်မားလာရေး ကြိုးပမ်းမှုများမှာမူ အားနည်းနေပါသေးသည်။ နိုင်ငံရေးတွင် အများပါဝင် ဆောင်ရွက်ရေးနှင့် ကိုယ်စားပြုမှုကို အဟန့်အတားပြုနေသည့် အတားအဆီးများကို ဖယ်ရှားနိုင်ရန် မျိုးဆက်အများ နယ်ပယ်ကဏ္ဍအများ ပြိုင်တူပါဝင်ရေး အဓိကထားလျက် တွန်းအားပေးဆောင်ရွက်မှုများ အားကောင်းစေရန် လိုအပ်ပါသည်။

**ISBN:** 978-91-7671-645-8 (PDF)